# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၆၅)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင်(ဓမ္မပဒ - ၇၈)



ကျေးလက်လူနေမှုဘဝ မြှင့်တင်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကိုပါ မြှင့်တင်နိုင်မည်ဟု မျှော်မှန်းရသည် ဓာတ်ပုံ-UN

# ဆင်းရဲနွမ်းပါးသည့် ပြည်သူများ၏ ဘဝများအား မြှင့်တင်ကူညီနိုင်ရန် ကမ္ဘာ့ဘဏ်အုပ်စု ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည်

**ခင်ရတနာ**

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများဖြစ်သည့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာရေး၊ ပညာရေးဟူသည့် ဝန်ဆောင်မှုများကို တိုးမြှင့်ပေးအပ်နိုင်ရေး၊ အခြေခံ အဆောက်အအုံမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေး လုပ်ငန်းများအား ကမ္ဘာ့ဘဏ်အုပ်စု၏ ပံ့ပိုးမှုဖြင့် လာမည့် နှစ်နှစ်အတွင်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များအား ပြည်သူတိုင်း မျှဝေခံစားနိုင်ရေး ဟူသည့် ရည်မှန်းချက်နှစ်ရပ်ဖြင့် ဆောင်ရွက်နေသည့် ကမ္ဘာ့ဘဏ်အုပ်စု၏ လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အား ပြန်လည်သုံးသပ်ပြီးနောက် နောက်ထပ် နှစ်နှစ် သက်တမ်းတိုး ဆောင်ရွက်သွားရန် မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့အကြား သဘောတူဆုံးဖြတ်ခဲ့ကြသည်။ လာမည့်နှစ်နှစ်အတွင်း မြန်မာနိုင်ငံသည်

*စာမျက်နှာ ၄ ကော်လံ ၁* ✻



## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ » ၃

## မြန်မာနိုင်ငံ၌ ပထမဆုံး ကျင်းပမည့် ငြိမ်းချမ်းရေး ဂီတပွဲတော် မြို့ကြီး ၁၀ မြို့၌ ကျင်းပမည်



စာမျက်နှာ » ၅

## ပန်းတောင်းတွင် ရေတိုက်စားပြီး ကမ်းပါးများပြိုမှုကြောင့် နေအိမ်များ အရေးပေါ်ပြောင်းရွှေ့နေရ



စာမျက်နှာ » ၁၂

# ငလျင်တိုင်းတာစက်များမှ ရရှိခဲ့သည့် အချက်အလက်များကို နိုဝင်ဘာလအတွင်း အပြီးကောက်ယူ သုတေသနပြုလုပ်သွားမည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဇွန် ၂၄**

အထက်မြန်မာနိုင်ငံ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များ ခန့်မှန်းသိရှိနိုင်ရန် ၂၀၁၆ ခုနှစ် မေလက စတင်တပ်ဆင်ထားသည့် ငလျင်တိုင်းတာစက် ၆၅ လုံးမှ ရရှိထားသည့်အချက်အလက်များအား လာမည့် နိုဝင်ဘာလအတွင်း အပြီးစုဆောင်းကောက်ယူ၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်သုတေသန အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောပြသည်။

"အခုလုပ်ဆောင်မှုတွေကို တရုတ်နိုင်ငံတက္ကသိုလ်ကျောင်းက ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးသလို

*စာမျက်နှာ ၄ ကော်လံ ၅* ❍




မြန်မာ့အလင်း

# ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေး

နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်ဖြစ်၍ ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ မောင်းနှင်အားဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်က ချမှတ်လိုက်သော စီးပွားရေးမူဝါဒတို့သည် ပုဂ္ဂလိကကဏ္ဍ၏ ပကတိလိုအပ်ချက်တို့ကို ထင်ဟပ်နိုင်ခြင်း ရှိ/မရှိဆိုသည်မှာ စဉ်ဆက်မပြတ်ဆန်းစစ်နေရသည့် ကိစ္စရပ်ဖြစ်ပါသည်။ ဤကဲ့သို့ စဉ်ဆက်မပြတ်ဆန်းစစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ရှင်သန်အားကောင်း၍ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝအခြေအနေအရပ်ရပ် တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ရှင်သန်အားကောင်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည်ဟူသော အခြေခံလိုအပ်ချက်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဆွေးနွေးနေသည်မှာ သတ္တမအကြိမ်အထိ ရှိနေပြီဖြစ်ပါသည်။ လက်တွေ့အရေးယူဖြေရှင်းမှုမရှိသော ဆွေးနွေးမှုတို့သည် အဓိပ္ပာယ်ကင်းမဲ့သည်ဖြစ်၍ ဆွေးနွေးချက်တို့ကို လက်တွေ့အရေးယူ ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်ပါသည်။ တွေ့ဆုံဆွေးနွေးပြီးဖြစ်သော ယခင်ဆွေးနွေးပွဲ ခြောက်ကြိမ်မှ စုစည်းရရှိသော စီးပွားရေးလုပ်ငန်းရှင်တို့၏ အကြံပြုချက် ၉၁ ချက်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ရှင်းလင်းပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား မဏ္ဍိုင်ငါးရပ်အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီငါးခုနှင့်အတူ ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ လုပ်ငန်းကော်မတီအစည်းအဝေးတို့ကို တစ်လတစ်ကြိမ်နှုန်းဖြင့် ကျင်းပလျက်ရှိရာ လုပ်ငန်းကော်မတီ အစည်းအဝေး ၂၅ ကြိမ် ကျင်းပပြီးဖြစ်သကဲ့သို့ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကိုလည်း သုံးကြိမ်အထိ ကျင်းပပြီးစီးပြီဖြစ်ပါသည်။ အဆိုပါဆွေးနွေးမှုတို့မှ ထွက်ပေါ်လာသော ရလဒ်များနှင့်အညီ ခြောက်လကာလ ဦးစားပေးလုပ်ငန်းစီမံချက်တို့ကိုချမှတ်ခဲ့ပါသည်။ ဤခြောက်လကာလ ဦးစားပေးလုပ်ငန်းစီမံချက်တို့အရ "ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ" သည် မေလအတွင်း မန္တလေးတိုင်းဒေသကြီး၌ နှီးနှောဖလှယ်ပွဲကို ကျင်းပသကဲ့သို့ "အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ"သည်လည်း မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နှီးနှောဖလှယ်ပွဲများ ကျင်းပခဲ့ပါသည်။ "ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် **(UNESCAP)(နေ) Dana Facility , UK aid**" တို့၏ နည်းပညာ၊ ငွေကြေးအထောက်အပံ့တို့ဖြင့် "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး လေ့ကျင့်သင်ကြားမှု" အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဘားအံမြို့နှင့် မုံရွာမြို့တို့၌ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ လုပ်ဆောင်ချက်တို့ကို သုံးသပ်ရုံမျှဖြင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်စိုက်အားစိုက်ဆောင်ရွက်နေသည်မှာ ပေါ်လွင်ထင်ရှားနေသည်ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်တို့က အကြံကောင်းဉာဏ်ကောင်း ထုတ်၍ အားကြိုးမာန်တက်ဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေးဥပဒေများ တိကျစွာလိုက်နာရေးထပ်ဆင့်ရှင်းလင်း

**သီပေါ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေးဥပဒေများအား တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ထပ်ဆင့်ရှင်းလင်းခြင်းကို ဇွန် ၂၄ ရက်က ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ ဒုတိယ မြို့နယ်ဥပဒေအရာရှိ ဒေါ်စိမ်းနုဝေနှင့် မြေမျိုး ပိုးတာဝန်ခံများက ဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ အရောင်းဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဟိုစဲ့မြို့သစ် ကတ္တရာလမ်း ကျောက်ချောလမ်းနှင့် သံကူကွန်ကရစ်တံတားနှစ်စင်း တစ်ပြိုင်တည်းဖွင့်လှစ်



**မယ်စဲ့ ဇွန် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မယ်စဲ့မြို့နယ် ဟိုစဲ့မြို့သစ် ကတ္တရာလမ်း ကျောက်ချောလမ်းနှင့် သံကူကွန်ကရစ်တံတားနှစ်စင်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ဟိုစဲ့မြို့သစ် နှစ်ခြင်းအသင်းတော် ဘုရားကျောင်းရှေ့မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ဘောလခဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်က ကတ္တရာလမ်း၊ ကျောက်ချောလမ်းနှင့် သံကူကွန်ကရစ်တံတားနှစ်စင်း ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကတ္တရာလမ်း ကျောက်ချောလမ်းနှင့် သံကူကွန်ကရစ်တံတားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သော လုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ မယ်စဲ့မြို့နယ် ဟိုစဲ့မြို့သစ် ကတ္တရာလမ်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ပေ၊ ထု ကိုးလက်မကို ပြည်ထောင်စုငြိမ်းချမ်းရေးရန်ပုံငွေကျပ် ၆၅ ဒသမ ၅၇၀ သန်းဖြင့်လည်းကောင်း၊ ကျောက်ချောလမ်း အရှည်ပေ ၇၈၂၀၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၀ ဖြင့် ကယားရွှေတံခါးကုမ္ပဏီက လည်းကောင်း၊ ပေ ၈၀ နှင့် ပေ ၆၀ သံကူကွန်ကရစ်တံတားနှစ်စင်းကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၄ သန်းဖြင့် ခဲတောင်တန်းကုမ္ပဏီက လည်းကောင်း တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၈၉-၁၉၉၀ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ မယ်စဲ့မြို့နယ်အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်း ၈၀ အတွက် ရန်ပုံငွေကျပ် ၁၄၁၉ ဒသမ ၄၇၄ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်



**လွိုင်ကော် ဇွန် ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၇) ကို လွိုင်ကော်မြို့ ကယားပြည်နယ်ဦးစီးမှူးရုံး၌ ဇွန် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပြည်နယ်ဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးဝင်းခိုင်က သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်နှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများ ကျွမ်းကျင်စွာ သိရှိနိုင်ရေး၊ ပြည်သူအားဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာ နားလည်သိရှိစေရန် ရှင်းလင်း၍ ဆက်ဆံရေးပြေပြစ်စွာဖြင့် ဆောင်ရွက်ပေးရန် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးရှိ ဝန်ထမ်းများကို ပြောကြားသည်။ ထို့နောက် ပြည်နယ်ဦးစီးမှူးရုံး၏ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဌာနဘာသာရပ်များ၊ ဥပဒေများ၊ လုပ်ငန်းဆောင်ရွက်ပေးမှုများကို ဆက်လက်သင်တန်းပို့ချ၍ သင်တန်းကာလမှာ ဇွန် ၂၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ့)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၄-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၅/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၇၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ | ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၃ | ·၃၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၅ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၆၆ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၄**

ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် Sevastopol တပ်မတော်လေဆိပ်မှ ရုရှားတပ်မတော် အထူးလေယာဉ်ဖြင့်ထွက်ခွာပြီး မော်စကိုမြို့ရှိ တပ်မတော်လေဆိပ် Chkalovskii သို့ ရောက်ရှိကြကာ ရုရှားတပ်မတော်တွင် အသုံးပြုလျက်ရှိသည့် TL-76 TD အမျိုးအစားကုန်တင်လေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ Demodedovo လေဆိပ်မှ ပြန်လည် ထွက်ခွာကြပြီး ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr.Nikolay A.Listopadov၊ ဒုတိယစစ်သံမှူး Commander Vitaly V. LUCHSHEV နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

# ကျေးရွာရှစ်ရွာမှ တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ကိုးကန့်ဒေသခံများနှင့် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ထင်ပါကျိုင်းကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာမှ တိုက်ပွဲရှောင်ပြည်သူများအတွက် ကိုးကန့်ဒေသ ရှေ့ပြေးစီးကျေးရွာသစ်ဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် သွပ်ချပ် ၁၀၀၀၀၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် လိုအပ်သော လူနာတင်ယာဉ်ဝယ်ယူရန် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ရာတွင် ထပ်မံစာရင်းကောက်ယူရရှိသော ဘိုးဘွား ၂၄ ဦးအတွက် ငွေကျပ်၈၇၀၀၀၀၊ ဘိုးဘွားများအတွက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများကို ထောက်ပံ့ပေးအပ်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့သို့ရောက်ရှိကြပြီး “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ဒေသလိုအပ်ချက်များဖြစ်သည့် မီးသင်္ဂြိုဟ်စက် တည်ဆောက်ရန်အတွက် မတည်ငွေကျပ်သိန်း ၅၀၊ အစိုးရအသိအမှတ်ပြု မူလတန်းကြိုကျောင်း ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းနှင့် ဘိုးဘွားများအတွက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများကို ပေးအပ်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်း၊ ဘိုးဘွားများအား အိမ်တိုင်ရာရောက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများ ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်က လောက်ကိုင်ဒေသတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စားနပ်ရိက္ခာအခက်အခဲရှိသည့် ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၄၄၄၅ ခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားနှင့် ငါးသေတ္တာများကို ဇွန် ၁၀ ရက်က ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

❊ *ကျောဖုံးမှ*

စိုးလင်းဦးကို ပြန်စိန်ခေါ်ပြီး ထိုးချင်ပါသေးတယ်။ ရည်ရွယ်ချက်ကတော့ ကျွန်တော်နဲ့စိုးလင်းဦး အရှုံး၊ အနိုင်ပေါ်စေချင်တာပါ”ဟု မွေထိုင်းလက်ဝှေ့ကျော် ဝီဂျစ်က ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲအပြီးတွင် မီဒီယာများအား တရားဝင်ပြောကြားခဲ့သည်။

ဝီဂျစ်(ထိုင်း)သည် ပြီးခဲ့သော သုံးနှစ်ဝန်းကျင်က ရေးမြို့ဘုရားပွဲ၌ မြန်မာနိုင်ငံပထမတန်း လက်ဝှေ့ကျော် စိုးလင်းဦးနှင့် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသည့် ထိုင်းဖိုက်အဆင့်(၅)ရှိ လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အဆိုပါပွဲတွင် ဝီဂျစ်အမြောက်ခြေကန်ချက်ဖြင့် စိုးလင်းဦး ပထမအချီမှာပင် အမှတ်စဉ်အရေခံခဲ့ရပြီး ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း စိုးလင်းဦးနှင့် သရေကျခဲ့သဖြင့် ယနေ့တိုင် မကျေပွဲပြန်နွှဲစေချင်သောစိတ်ဆန္ဒပြင်းပြနေသည့် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ပွဲစီစဉ်ပေးမည့်သူရှိလျှင် အချိန်၊ နေရာမရွေး ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒရှိကြောင်း ဝီဂျစ်က ပြောသည်။

ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် Lethwei Nation Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ဖရော့စမွေ(ခ) ဝီဂျစ်(ထိုင်း)နှင့် မြန်မာနိုင်ငံမှ စောဂေါ်မူဒို(သတ္တိ)တို့ပွဲစဉ်ကို အဓိက Main Fight ပွဲစဉ်အဖြစ် ထားရှိသွားမည်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဝီဂျစ်အနေဖြင့် စောဂေါ်မူဒိုအား ခေါင်းတိုက်ကွက်ကိုပဲ သတိထားယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်ပြီး အခြားနည်းပညာပိုင်းဆိုင်ရာ အသာစီးတိုက်ကွက် မရှိကြောင်းနှင့် ဂေါ်မူဒိုကို အလဲထိုးနှင့်အနိုင်ယူသွားမည်ဖြစ်ကြောင်း ဝီဂျစ်(ထိုင်း)က ပြောကြားသည်။

ဝီဂျစ်(ထိုင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် စောဂေါ်မူဒို(မြန်မာ)က “ကျွန်တော်အကောင်းဆုံးဖြစ်အောင်တော့ ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ အရှုံးအနိုင်ကတော့ မနက်ဖြန်ထိုးတဲ့နေ့မှပဲ သိရမယ်။ ကြိုတင်လေ့ကျင့်မှုတွေတော့ လုပ်ထားတယ်။ အရှုံး၊ အနိုင်ကတော့ အပြတ်ပြောလို့မရသေးပါဘူး။ ဝီဂျစ်က လက်ဝှေ့သမားကောင်းတစ်ဦးပါ။ ဘက်ပေါင်းစုံက တော်ပါတယ်။ သူက အထူးသဖြင့် တံတောင်ရိုက်တာလည်း တော်သလို၊ ခြေကန်ချက်တွေလည်း အတော်လေးကောင်းပါတယ်။ အဲဒီအတွက်လည်း ဘယ်လိုပြန်ပြီး ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမယ်ဆိုတာ ကြိုတင်ပြင်ဆင်မှုတွေတော့ လုပ်ထားပါတယ်”ဟု ပြောသည်။

အဆိုပါ Main Fight ပွဲစဉ်အပြင် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)နှင့် ဒင်ဘိုဆိုင်း(ထိုင်း)၊ မိုက်ရိုင်းလေး(ရွှေဖူး)နှင့် တူလာဘေး(ဥဇဘက်ကစ္စတန်)၊ မိုးဟိန်း(ဘီလပ်မြေစက်ရုံ)နှင့် လိုင်ဖျား(ကမ္ဘောဒီးယား)၊ ကရင်လေး(မြန်မာ)နှင့် ဘိုနမ်(ထိုင်း)၊ ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)နှင့်ရဲရင့်သွေး (1886 Mandalay)၊ ဒေါင်းဖြူလေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ကောင်းကောင်း (ဘီလပ်မြေစက်ရုံ) စသည်ဖြင့် စုစုပေါင်းတွဲဆိုင်းခုနစ်ဆိုင်းမှ လက်ဝှေ့သမားများက ရိုးရာလက်ဝှေ့စည်းကမ်းနှင့်အညီအလဲထိုး စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၄** -စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေပေးအပ်

**စစ်တွေ ဇွန် ၂၄**

တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဗန္ဓုလခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၂၅ သိန်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်ငါးသိန်း၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ငါးသိန်း၊ ဒေါက်တာကျော်ရင်လှိုင်က ငွေကျပ် ငါးသိန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်နှင့် ဇနီးမိသားစုက ငွေကျပ် သုံးသိန်း၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ငွေကျပ်သုံးသိန်း၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ငွေကျပ်သုံးသိန်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ အကျဉ်းဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ မီးသတ်ဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်လင်းနှင့်ဇနီး မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် သက်ဆိုင်ရာဌာနများက တာဝန်ရှိသူများ၊ အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် လှမြင့်စိုးက လက်ခံယူခဲ့သည်။ ထို့နောက် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်လှမြင့်စိုးက အလှူငွေများ လှူဒါန်းပေးကြသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယနေ့ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ များ၊ အလှူရှင်များမှ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၆၇ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# အသုံးချစာရင်းအင်းပညာမဟာဘွဲ့ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

**ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာနက ဖွင့်လှစ်သည့် အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (Master of Applied Statistics-MAS) သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြည့်စုံတိကျသည့် စာရင်းအင်းအချက်အလက်များရှိမှသာ နိုင်ငံတော်အတွက် စီမံကိန်းများရေးဆွဲရာတွင် ပိုပြီးလက်တွေ့ကျမည်ဖြစ်ကြောင်း၊ စာရင်းအင်းပညာဆိုသည်မှာ အချက်အလက်များကို သိပ္ပံနည်းကျကျ ကောက်ယူစုဆောင်းပြီး ယင်း အချက်အလက်များအပေါ်အခြေခံပြီး သုံးသပ်ဆုံးဖြတ်သည့် ပညာရပ်ဖြစ်ကြောင်း၊ အချက်အလက်များကို စုဆောင်းသည့်နေရာတွင် လက်တွေ့ကျကျကောက်ယူစုဆောင်းခြင်းဖြစ်သည့်အတွက် တိကျခိုင်မာမှုရှိမည်ဖြစ်သကဲ့သို့ အချက်အလက်များကို စုစည်းပြီး ခွဲခြမ်းစိတ်ဖြာစိစစ်ရာတွင်လည်း ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဆုံးဖြတ်ရခြင်းဖြစ်သည့်အတွက် စာရင်းအင်းပညာကပေးသည့် သတင်းအချက်အလက်များသည် လက်တွေ့ဘဝနှင့် အများပြည်သူ အနီးစပ်ဆုံး အတိကျဆုံးဖြစ်လာမည်ဆိုသည်ကို ခန့်မှန်းနိုင်ကြောင်း၊ စာရင်းအင်းပညာသည် မိမိတို့နိုင်ငံ၏ နယ်ပယ်ကဏ္ဍအသီးသီးတွင် လိုအပ်ချက်တစ်ရပ်ဖြစ်လာပြီဖြစ်ကြောင်း၊ ယနေ့အချိန်အခါသည် နိုင်ငံတော်၏ကဏ္ဍအသီးသီးတွင် ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ရှေးရှုဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို အောင်အောင်မြင်မြင်တည်ဆောက်ရာတွင် စိတ်ပိုင်း၊ ရုပ်ပိုင်း နှစ်မျိုးစလုံးအရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ရန် အရေးကြီးသကဲ့သို့ စာရင်းအင်းမှန်ကန်တိကျမှုသည်လည်း အောင်မြင်မှုကို ဖော်ဆောင်ပေးနိုင်သည့် အခြေခံကဏ္ဍတစ်ခုဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ သုတေသနသည် အဆင့်မြင့်ပညာကဏ္ဍတွင် ပါဝင်သည့် တက္ကသိုလ်များ၌သာမက နယ်ပယ်အသီးသီးတွင် လုပ်နိုင်လေလေ လုပ်သူကို အကျိုးပြုလေလေဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆင့်မြင့်ပညာရေးကဏ္ဍတွင်ရှိသည့် တက္ကသိုလ်များအနေဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့်အညီ အပြည့်အဝသင်ကြားပို့ချပြီး မွေးထုတ်ပေးလိုက်သည့် စာရင်းအင်းပညာရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုပေးနိုင်ပြီး စာရင်းအင်းအချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းများကို ဖန်တီးဖော်ဆောင်နိုင်ရန် နိုင်ငံတော်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးအား သင်တန်းဖွင့်ပွဲ အထိမ်းအမှတ် ပစ္စည်းပေးအပ်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ Master of Applied Statistics-MAS သင်တန်း Program ဒါရိုက်တာ ပါမောက္ခဌာနမှူး ဒေါက်တာမော်မော်ခင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ Master of Applied Statistics-MAS သင်တန်းသား ကိုချမ်းမြေ့ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မိတ္ထီလာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများ သိရှိနိုင်ရန် ကားလမ်းဆုံဖြစ်သည့် နာရီစင်၌ CCTV ကင်မရာများတပ်ဆင်

**မိတ္ထီလာ ဇွန် ၂၄**

မိတ္ထီလာမြို့သည် လမ်းဆုံမြို့ဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့ဘက်မှ ကုန်စည်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များမှာ ၂၄ နာရီအချိန်ပြည့် ဖြတ်သန်းသွားလာသောကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများအား ထိရောက်စွာ အရေးယူနိုင်ရန်အတွက် FAME ကိုယ်ပိုင်အထက်တန်း ကျောင်းပိုင်ရှင် မိတ္ထီလာမြို့ CCTV ရောင်းချရေး ကိုယ်စားလှယ်ဖြစ်သည့် ဦးမင်းထွန်းသန်း မိသားစုက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ CCTV ရှစ်လုံးကို ဇွန် ၂၂ ရက်က ရန်ကုန်-မန္တလေးလမ်းဟောင်း မြင်းခြံ-မိတ္ထီလာ လမ်းဆုံရာ မိတ္ထီလာမြို့ ဈေးအရှေ့ပြင် ရပ်ကွက်ရှိ နာရီစင်၌ တပ်ဆင်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့သည် လမ်းဆုံမြို့ဖြစ်သည်နှင့်အညီ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာကြသလို တက္ကသိုလ်များ၊ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများလည်း များပြားသည့်အတွက် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်အသုံးပြုသူ များပြား၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို သိရှိနိုင်ရန်အတွက် မီးပွိုင့်များထားရှိရာ သီရိမင်္ဂလာရပ်ကွက်ရှိ ကားကြီးကွင်းထိပ်၊ ရန်မျိုးအောင်ရပ်ကွက်ရှိ တော်ဝင်နန်း စားသောက်ဆိုင်ရှေ့၊ မြို့မ(၄)ရပ်ကွက်ရှိ ရိုးမဘဏ်အနီး၊ နန်းတော်ကုန်းရပ်ကွက်ရှိ စိုးမိုးဆေးခန်းအနီးနှင့် ပေါက်ချောင်းရပ်ကွက် ပညာရေးကောလိပ်ရှေ့တို့ရှိ မီးပွိုင့်များ၌ CCTV ကင်မရာများ တပ်ဆင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများအား အရေးယူဆောင်ရွက်သွားမည်ဆိုပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများ၊ ယာဉ်တိုက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



○ *ရှေ့ဖုံးမှ*

စက်ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးတာပါ။ အခိကကတော့ လူတွေလှုပ်ရှားမှုမရှိတဲ့နေရာတွေမှာ အဓိကထား တပ်ဆင်ခဲ့ပါတယ်။ တပ်ဆင်ထားတဲ့ စက်ကနေ့တစ်ဆင့် ငလျင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို စုဆောင်းရယူတာပါ''ဟု ၎င်းက ပြောသည်။

အဆိုပါစက်များအား ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ လိုက်လံတပ်ဆင်ခဲ့ပြီး ရရှိထားသည့် အချက်အလက်များကို သုံးလတစ်ကြိမ် စုဆောင်းကောက်ယူခဲ့ကာ ယခုအကြိမ်တွင် သုံးကြိမ်မြောက်ရှိခဲ့ပြီး လာမည့် ဇူလိုင်လနှင့် နိုဝင်ဘာလများတွင် အပြီး စုဆောင်းကောက်ယူ၍ သုတေသန ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ငလျင်တိုင်းစက်တပ်ဆင်မှု စီမံကိန်းအား ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီနှင့် Institute of Geology and Geophysics, Chinese Academy of Science အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။



**ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လှပစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ဦးစီးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစောဖန်းအောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မဲဇလီနှင့် ယူကလစ် စသည့် ပျိုးပင်ပေါင်း ၃၅၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်** (မြို့နယ် ပြန်/ဆက်)

✱ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်သည့် ရန်ပုံငွေဖြစ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၂ ဘီလီယံအထိ ဘဏ္ဍာရေးအကူအညီများနှင့် နည်းပညာအကူအညီများ၊ အကြံပြုချက်များကို ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများဖြစ်သည့် IFC နှင့် MIGA တို့ကလည်း ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်အပေါ်မူတည်ကာ ငွေရေးကြေးရေး အကူအညီများကို ပေးအပ်သွားမည်ဖြစ်သည်။

အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် မြန်မာတစ်နိုင်ငံလုံး၌ ဆောင်ရွက်ခဲ့သည့် ဆွေးနွေးပွဲများအပေါ်အခြေခံကာ မူဘောင်အား နှစ်နှစ်သက်တမ်းတိုး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

“ကမ္ဘာ့ဘဏ်အုပ်စုရဲ့ ပူးပေါင်းဆောင်ရွက်မှု မူဘောင်က မြန်မာနိုင်ငံအစိုးရရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မူဝါဒတွေနဲ့ ကိုက်ညီမှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူတိုင်း အကျိုးရရှိခံစားနိုင်ဖို့ နိုင်ငံတော်က ဦးစားပေးဆောင်ရွက်နေတဲ့ ဦးစားပေးလုပ်ငန်းတွေ ဖြစ်တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အာဟာရပြည့်ဝစွာရရှိရေး၊ အခြေခံအဆောက်အအုံ မြှင့်တင်ရေး၊ အလုပ်အကိုင်ဖန်တီးပေးရေး လုပ်ငန်းတွေကနေတစ်ဆင့် ဆောင်ရွက်သွားနိုင်ဖို့ အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်''ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအား ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ရာ ကဏ္ဍသုံးခုတွင် တိုးတက်မှုများကို ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတို့မှာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စနစ်ယန္တရားများ ထိရောက်စေရန် မြှင့်တင်ရေးနှင့် အလုပ်အကိုင်ဖန်တီးပေးရန်အတွက် ပုဂ္ဂလိက စီးပွားရေးကဏ္ဍအား မြှင့်တင်ရေးတို့ ဖြစ်ကြသည်။ သာဓကအားဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ လူထုဗဟိုပြုစီမံကိန်းဖြင့် စာသင်ကျောင်းများ၊ လမ်းတံတား စသည့် အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာကြပြီး ပြည်သူသန်းပေါင်း ၅ ဒသမ ၄ သန်းအတွက် အကျိုးရှိစေခဲ့သည်။ ကျောင်းသားတစ်သိန်းခွဲခန့် ပညာသင်ထောက်ပံ့ကြေးများ ရရှိခဲ့ကြပြီး ကျောင်းဆက်လက်တက်ရောက်နိုင်ခဲ့ကြသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်က ပံ့ပိုးသည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် လူထုဗဟိုပြုစီမံကိန်းများကြောင့် ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသ၌ နေထိုင်လျက်ရှိသည့် ပြည်သူပေါင်းများစွာ အကျိုးရှိခဲ့ကြသည်။ ပုဂ္ဂလိက ကဏ္ဍ မြှင့်တင်ရေးအတွက် IFC နှင့် MIGA အဖွဲ့အစည်းများသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၅ ဘီလီယံ ပမာဏနှင့် ညီမျှသည့် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးနှင့် နည်းပညာအကူအညီများ၊ အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

“မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ ဖွံ့ဖြိုးရေးခရီးလမ်းမှာ စစ်မှန်တဲ့ မိတ်ဖက်တစ်ဦးအဖြစ် ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ကမ္ဘာ့ဘဏ်အုပ်စုအနေနဲ့ အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ လာမယ့်နှစ်တွေမှာလည်း ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပံ့ပိုးကူညီမှုတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တိုင်းဒေသကြီး နဲ့ ပြည်နယ် ၁၄ ခုမှာ ဆွေးနွေးပွဲတွေ သွားရောက်ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲတွေကနေတစ်ဆင့် ကြားသိလာရတာက ကမ္ဘာ့ဘဏ်အုပ်စုရဲ့ ပံ့ပိုးကူညီမှုတွေကြောင့် ရလဒ်တွေ စတင်ဖြစ်ပေါ်နေတဲ့အပြင် ကျွန်တော်တို့ရဲ့ ပံ့ပိုးမှုတွေက အစိုးရသစ်နဲ့ ပြည်သူတွေရဲ့ ဖွံ့ဖြိုးရေး မျှော်မှန်းချက်တွေကို ကိုက်ညီမှုရှိနေတာကို တွေ့ခဲ့ရတဲ့အတွက်လည်း အင်မတန် အားတက်ရပါတယ်''ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဌာနေ ကိုယ်စားလှယ် အဗ္ဗဒူလာရေဆက်က ပြောသည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အား ၂၀၁၅ ခုနှစ်က အတည်ပြုခဲ့ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏ နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံး မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာတစ်ခု ဖြစ်လာခဲ့သည်။ ယင်းမူဘောင်အရ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြစ်သည့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူတိုင်း မျှဝေခံစားနိုင်ရေးတို့တွင် ကမ္ဘာ့ဘဏ်အုပ်စု၏ ဘဏ္ဍာရေး၊ နည်းပညာ၊ ချိတ်ဆက်ဆောင်ရွက်ပေးမှုတို့ဖြင့် ပံ့ပိုးကူညီမှုများကို ပေးအပ်သွားနိုင်ရန် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် ကမ္ဘာတစ်လွှားတွင် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူတိုင်း မျှဝေခံစားနိုင်ရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဘဏ်အုပ်စုကို အဖွဲ့ငါးခုဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့မှာ နိုင်ငံအစိုးရများအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီပေးသည့် IBRD နှင့် IDA (ယင်းအဖွဲ့နှစ်ခုပေါင်း ကမ္ဘာ့ဘဏ်ဟု ခေါ်သည်)၊ ပုဂ္ဂလိက ကဏ္ဍအတွက် IFC နှင့် MIGA အဖွဲ့များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုများ ဖြေရှင်းပေးသည့် ICSID တို့ ဖြစ်ကြသည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် တိုင်းပြည်ပေါင်း ၁၀၀ ကျော်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အရေးတကြီး လိုအပ်လျက်ရှိသည့် ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအစိုးရနှင့် ပြည်သူများအား ဘဏ္ဍာရေး၊ နည်းပညာ၊ အကြံဉာဏ်များကို ပံ့ပိုးပေးလျက်ရှိသည်။

# စာပေကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်



ရန်ကုန် ဇွန် ၂၄

**စာပေကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအသင်းအဖွဲ့ အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ပြောကြားလိုက်သည်။**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည့် စာပေဆိုင်ရာ အဖွဲ့အစည်း၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာပေဖွံ့ဖြိုးတိုးတက်ရေး**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စာပေအသင်းအဖွဲ့ အစည်းများကလည်း မိမိတို့၏ ကိုယ်စီရည်ရွယ်ချက်များအပြင် တူညီမှုများကို ပူးပေါင်း စုပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မည်ဟုထင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာကဏ္ဍသာမက စာပေကဏ္ဍနှင့်ပါ သက်ဆိုင်နေသော ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ PEN Myanmar၊ မြန်မာဘာသာပြန်ကွန်ရက်နှင့် မြန်မာစာရေးဆရာကလပ်တို့မှ တာဝန်ရှိသူများက စာပေလောကနှင့် စာပေလောကသားများ အကျိုး၊ ဘာသာပြန်စာပေနှင့် မျိုးဆက်သစ်စာရေးဆရာများ ပေါ်ထွက်လာရေး၊ စာပေ ညီလာခံကျင်းပရေးစသည့် စာပေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် စာအုပ်စာပေများ ပုံနှိပ်ရေး၊ ထုတ်ဝေရေးနှင့် ဖြန့်ချိရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**မြန်မာ့စွယ်စုံကျမ်း**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ ထွန်းကော်မာရှယ်ဘဏ်(ရုံးချုပ်)၌ ကျင်းပသည့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ဦးသိန်းထွန်း၊ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသော်ကောင်း (ဦးသော်ကောင်း)နှင့် ကော်မတီအဖွဲ့ဝင်များက မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။

**ခေတ်နှင့်အညီ ပြင်ဆင်**

မြန်မာ့စွယ်စုံကျမ်းကို ဗဟုသုတမျိုးစုံ လေ့လာသိရှိမှတ်သား အသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်)က ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲ ထုတ်ဝေဖြန့်ချိခဲ့သည်။ ၁၉၇၈ ခုနှစ်မှစ၍ မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်)များကို တစ်နှစ်လျှင် တစ်အုပ်နှစ်စဉ် ထုတ်ဝေလျက်ရှိရာ ၃၉ အုပ်ထုတ်ဝေပြီးဖြစ်ကြောင်းနှင့် ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မူလထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ပြီး ပြန်လည်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

# မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် မြို့ကြီး ၁၀ မြို့၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကို ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်စေရေး၊ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး စသည့် ရည်ရွယ်ချက်များဖြင့် လာမည့်ဇူလိုင်လတွင် မြို့ကြီး ၁၀ မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



ငြိမ်းချမ်းရေးဂီတပွဲတော် ပွဲကြိုစာနယ်ဇင်းရှင်းလင်းစဉ်

“အစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ အစိုးရသစ်အနေနဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွနဲ့ အားသွန်ခွန်စိုက် အလေးထားပြီးတော့ ဆောင်ရွက်နေပါတယ်။ အခုဆို (၂၁) ရာစုပင်လုံပထမအကြိမ်၊ ဒုတိယအကြိမ် လုပ်ပြီးပါပြီ။ အခြားငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ၊ အစည်းအဝေးတွေလည်း အများကြီးလုပ်ခဲ့ပြီးပါပြီ။ ဒါတွေကို ကျွန်တော်တို့က လူငယ်ထုအတွင်းမှာ များများစားစားမသိရှိနိုင်သေးတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ သိအောင်ဘာလုပ်ကြမလဲဆိုပြီး စဉ်းစားကြတဲ့အခါ လူငယ်တွေစိတ်ဝင်စားတဲ့ ဂီတနဲ့ ကျွန်တော်တို့က ငြိမ်းချမ်းရေးကိုသိအောင် လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလိုတစ်ဖက်တစ်လမ်းက ပါဝင်လုပ်ဆောင်တာဖြစ်ပါတယ်”ဟု ဂီတပွဲတော် ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောသည်။

ယင်းဂီတပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ Forever Group နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့က တင်ဆက်ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ စစ်တွေမြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်မြို့တို့၌ ဇူလိုင်လပထမပတ်မှ စတင်ကာ အပတ်စဉ်ကျင်းပသွားမည်ဖြစ်သည်။ မြို့အလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝါသနာရှင်များမှ ပထမအဆင့်အနေဖြင့် မိမိကြိုက်နှစ်သက်ရာသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရသူများသည် ဒုတိယအဆင့်တွင် သတ်မှတ်ထားသည့် ငြိမ်းချမ်းရေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းတို့အနက်မှ လက်ရွေးစင် ၁၀ ဦးကို ရွေးချယ်ကာ တတိယအဆင့်တွင် ငြိမ်းချမ်းရေးသီချင်းသစ်များဖြင့် သီဆိုယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

“ဒီပွဲတော်လုပ်ခြင်းအားဖြင့် လူငယ်တွေပါဝင်လာမယ်။ နောက်တစ်ခါ ငြိမ်းချမ်းရေးနဲ့ဆက်စပ်တဲ့ ပရဟိတလုပ်ငန်းတွေမှာ ကျွန်တော်တို့အဖွဲ့ ပရဟိတအနေနဲ့သွားမယ်။ သက်ဆိုင်ရာမြို့တွေကပရဟိတလူငယ်တွေပါလာမယ်။ အဲ့ဒီလူတွေက ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်တွေမှာ ပါဝင်လာမယ်ဆိုရင် သူတို့စိတ်ထဲမှာ ငြိမ်းချမ်းရေးဆိုတဲ့ အသိလေးကရှိသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် သူတို့ပါဝင်သင့်တယ်ဆိုတာကိုသိသွားမှာ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆက်လက်ရှင်းပြသည်။

အဆိုပါ မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသည့် ဂီတပွဲတော်တွင် ပရိသတ် မဲပေးမှုစနစ် ၆၀ ရာခိုင်နှုန်းနှင့် အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၄၀ ရာခိုင်နှုန်းကို ပေါင်းစပ်ကာ နောက်ဆုံးဆန်ခါတင်သုံးဦးကို ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ပထမငွေကျပ်သိန်း ၃၀၀၊ ဒုတိယငွေကျပ်သိန်း ၂၀၀ နှင့် တတိယငွေကျပ်သိန်း ၁၀၀ တို့အပြင် နှစ်သိမ့်ဆုငွေကျပ်သိန်း ၃၀ စီကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

“အများစုက အရာရာတိုးတက်ဖို့ ဆိုပြီး ပြောနေကြတယ်။ ကျွန်မတို့လည်းတိုးတက်ချင်တယ်။ အားလုံးလည်း တိုးတက်ချင်တယ်။ အကြီးအကဲတွေကလည်း တိုးတက်ချင်ကြမှာပါပဲ။ ဒါပေမယ့် ကျွန်မတို့က ပြည်တွင်းငြိမ်းချမ်းမှု မရှိဘူးဆိုရင်တော့ တိုးတက်ဖို့ဆိုတာအဝေးကြီးလိုသေးတယ်။ အရင်ဆုံး တိုးတက်ဖို့၊ ပြောင်းလဲဖို့ဆိုရင် အိမ်တွင်းမိသားစုတစ်ဦးနဲ့တစ်ဦး သင့်မြတ်ကြမှ၊ ချစ်ခင်ကြမှ၊ ကြည်ဖြူကြမှပဲ ကိုယ့်အိမ်လေးက အေးချမ်းမှာဖြစ်တယ်။ အရာရာတိုးတက်မှာ ဖြစ်ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့အတွက် ကိုယ့်အိမ်လေးလို သဘောထားမယ်၊ ကိုယ့်အိမ်သူ့အိမ်သားအချင်းချင်းလို သဘောထားပြီး သင့်မြတ်အောင်နေကြမှသာ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်သွားနိုင်မှာ



တေးသံရှင် နီနီခင်ဇော် မီဒီယာများအား ပြောကြားစဉ်

ဖြစ်ပါတယ်”ဟု တေးသံရှင် နီနီခင်ဇော်က ပြောသည်။

ယင်းဂီတပွဲတော် သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဂီတအစည်းအရုံးမှ တာဝန်ရှိသူများ၊ တေးသီချင်းမူပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများ၊ နာမည်ကျော်တေးသံရှင်များ၊ မီဒီယာအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အဆိုပါပွဲတော်အတွက် ပရိုးမိုးယားကော်ဖီကလည်း ငွေကျပ်သိန်း ၅၀၀၀ ကူညီပံ့ပိုးထားကြောင်းသိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# နိုင်ငံတစ်ဝန်းရှိ သွေးလှူရှင်များ အွန်လိုင်းမှတစ်ဆင့် သွေးလှူခွင့် ရှိ/မရှိ သိနိုင်ပြီ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွေးလှူဒါန်းလိုသည့် စေတနာရှင်များအနေဖြင့် သွေးလှူရန်အတွက် သက်ဆိုင်ရာ သွေးလှူဌာနများတွင် ကနဦးသွားရောက် စုံစမ်းရန် မလိုအပ်တော့ဘဲ သွေးလှူရှင် ဝက်ဘ်ဆိုက် www.donateblood myanmar.org တွင် ဝင်ရောက်ကြည့်ရှုကာ သွေးလှူခွင့် ရှိ/မရှိ လေ့လာပြီး လှူဒါန်းနိုင်ပြီဖြစ်ကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှသိရသည်။

“ဝက်ဘ်ဆိုက်တွင် သွေးလှူရှင်များအနေဖြင့် သွေးလှူဒါန်းနိုင်ရန် အချက်အလက်များနှင့်အတူ သွေးလှူရှင်များအတွက် အမျိုးသားသွေးဌာန၏ အကြံပြုချက်များကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် လက်ရှိသွေးလှူဘဏ်တွင် သွေးရှိမှုပမာဏ၊ သွေးအမျိုးအစားအလိုက် လက်ကျန်ပမာဏ၊ သွေးလှူရှင် ရှိရမည့် အသက်၊ ရှိရမည့် ကိုယ်အလေးချိန်၊ လက်ရှိ အမြို့မြို့အနယ်နယ်တွင် ကျင်းပနေသော ကျင်းပမည့် သွေးလှူဒါန်းပွဲသတင်းများ စသည်တို့ကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်ကာ သွေးလှူလိုသူများအနေဖြင့် နီးစပ်ရာမြို့များရှိ သွေးလှူဒါန်းပွဲများတွင် သွားရောက်လှူဒါန်းနိုင်မည်ဖြစ်သည်။ “စေတနာရှင် သွေးလှူရှင်တွေ သွေးလှူနိုင်ဖို့၊ ကျယ်ကျယ်ပြန့်ပြန့်သိနိုင်ဖို့ သွေးလှူရှင်များ လှူဒါန်းနိုင်တဲ့ ဝက်ဘ်ဆိုက်ကိုလည်း ထူထောင်ထားပြီးပါပြီ။ ဘယ်သူမဆို သွေးလှူနိုင်ဖို့၊ လှူဒါန်းခွင့်ရနိုင်ဖို့ အချက်အလက်တွေပါဝင်ပါတယ်။ ဝင်ရောက်ကြည့်ရှုပြီး လှူဒါန်းနိုင်ကြပါပြီ။ ဒါက သွေးလှူရှင်တွေ ဒုက္ခမများဘဲ ကိုယ့်အိမ်မှာနေရင်းနဲ့ကြည့်ရှုနိုင်တဲ့အစီအစဉ်ပါ”ဟု အမျိုးသားသွေးဌာန(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သွေးလှူရှင်များအနေဖြင့် သွေးလှူဒါန်းခြင်းနှင့်ပတ်သက်သည့် အခြားသိရှိလိုသည့်အချက်များကို အသေးစိတ် သိရှိလိုပါကလည်း ဝက်ဘ်ဆိုက်တွင်ပါဝင်သော အမျိုးသားသွေးဌာန ဖုန်းနံပါတ်များသို့ တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေရှားပါးမှု ကင်းဝေးစေရေးအောင်

**ဝေယံ**

မိုးဦးကာလသို့ ရောက်လာပေပြီ၊ မိုးရေစက်တို့၏ အေးချမ်းမှုနှင့်အတူ ပူပြင်းသော နွေကာလနှင့် ရေရှားပါးပြတ်လပ်သောဒုက္ခများ ခဏတာငြိမ်သက်သွားသည်။ တာရှည်ငြိမ်သက်သည်ကား မဟုတ်၊ ၂၀၁၈ ခုနှစ် နွေရာသီတွင် ပြန်လာပေဦးမည်။ အနယ်နယ်အရပ်ရပ်တွင် ရေပြတ်လပ်သူနှင့် ရေလှူဒါန်းသူများ၏ သတင်းများ ပြန်လည်မြင်တွေ့ရဦးမည်။ လူဦးရေတိုးတက်မှု၊ ရာသီဥတု ပြောင်းလဲမှုများ၏ အကျိုးဆက်များကြောင့် နှစ်စဉ် ရေရှားပါးပြတ်လပ်သည့် နေရာဒေသများ တိုးပွားလာကာ ရေလုံလောက်စွာ လှူဒါန်းနိုင်ရန်အတွက် ဒေသအလိုက် ရေကောင်းရေသန့်ကော အလုံအလောက် ရှိနိုင်ပါ့မလား။ ရေလှူဒါန်းမှုများ သည်လည်း အချိန်မီ ဖြည့်ဆည်းပေးနိုင်ပါ့မလား၊ ကြိုတင်မျှော်တွေးရမည် ဖြစ်ပါသည်။

### ရေသယံဇာတနှင့် စီမံခန့်ခွဲမှု

အဖိုးတန် မုတ်သုံရာသီဥတု ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံသည် မိုးတွင်းကာလအတွင်း မိုးခေါင်ရေရှားဒေသရှိ မြို့နယ်အနည်းငယ်မှလွဲ၍ တစ်ပြည်လုံးတွင် သောက်သုံးရေ၊ စိုက်ပျိုးရေ၊ မွေးမြူရေ စသည့် ရေလိုအပ်ချက်များကို ရနိုင်ကြပေသည်။ ထို့အပြင် သဘာဝအင်းအိုင်၊ မြစ်ချောင်းများသည်လည်း မြန်မာပြည် ဒေသအနှံ့တွင် ရှိနေပေသည်။ ဤကဲ့သို့ ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတွင် နွေရာသီ ရေရှားပါးပြတ်လပ်မှုတွေ ဖြစ်ရသလားဟု နိုင်ငံခြားသားတစ်ဦးက မေးဖူး၏။ လိုအပ်ချက်ကား ရေသယံဇာတအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲတတ်ရန်ပင် ဖြစ်ပါသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ရေရှားပါးပြတ်လပ်မှု ဒုက္ခကင်းဝေးစေရန်အတွက် ပြည်သူတွေဘက်က အသိစိတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ဒေသအလိုက် ရေချိုရရှိနိုင်မှု အခြေအနေနှင့် နှစ်စဉ်ရေချိုလိုအပ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်တို့ကို ရေတို၊ ရေရှည် စီမံချက်ချကာ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ရရှိနိုင်သော ရေအရင်းအမြစ်ပေါ်မူတည်ကာ ရေကန်၊ ဆည်တည်ဆောက်ပေးခြင်း၊ မြစ်ရေတင်စနစ်သုံးခြင်း၊ မြေအောက် အဝီစိတွင်းရေတူးဖော်ပေးခြင်း စသည့် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရရှိနိုင်သော ရေအရင်းအမြစ်ပေါ်မူတည်ပြီး ဒေသအလိုက် ကိုက်ညီသည့်ရေရရှိရေး စီမံကိန်းများကို နိုင်ငံတော်၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများနှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ပြည်သူများအနေဖြင့် ရေစုဆောင်း သိုလှောင်မှု၊ ရေကိုချွေတာသုံးစွဲမှု အလေ့အထကောင်းများ ရှိစေရန်အတွက် လိုအပ်သော ပံ့ပိုးမှု၊ အသိပညာပေးမှု၊ အုပ်ချုပ်ရေးနည်းလမ်းအရ လိုက်နာစေမှုများကို ထိရောက်စွာ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

### မိုးအခါ ရေခံပါ

ငွေကိုမလို.... ရေကိုလိုသည်ဟုဆိုကြပါသည်။ လိုအပ်သောရေကို မိမိစွမ်းအားဖြင့် ဘယ်လောက်စုဆောင်းထားသလဲ။ မိုးပြတ်တာနဲ့ ရေပြတ်ကြပြီလား၊ ကျွန်ုပ်တို့၏ ဘိုးဘွားများကဲ့သို့ မိုးရွာစဉ် ရေခံကာ နွေကာလအတွက် သောက်ရေသုံးရေ စုဆောင်းသိုလှောင်တဲ့ အလေ့အထတွေကို မယူကြတော့ဘူးလား။ ကိုယ့်အတွက်ကိုယ် ပူပင်မှု မရှိတော့ဘူးလားဟု ဆန်းစစ်ကြည့်ဖို့ လိုပါသည်။

ကျွန်ုပ်တို့၏ ဘိုးဘွားများသည် မိုးအခါ ရေစုဆောင်းမှု ဆောင်ရွက်ပါသည်။ ရေသုံးစွဲသောအခါတွင်လည်း ချွေတာနိုင်သော နည်းလမ်းများ သုံးစွဲခြင်းဖြင့် နွေရာသီရဲ့ ရေလိုအပ်ချက်ကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သည့် အလေ့အထကောင်းများ ရှိခဲ့ကြသည်။ မိုးအခါ မိုးရေခံရန်အတွက် အိမ်များတွင် ရေတစ်လျှောက်(ဝါး၊ သွပ်)များ တပ်ဆင်ကာ စဉ့်အိုးကြီးများ၊ ရေစည်များ၊ အုတ်ရေကန်များဖြင့် ရေစုဆောင်း သိုလှောင်ခဲ့ကြသည်။ စဉ့်အိုးကြီးများသည် ရေသိုလှောင် သုံးစွဲရာတွင် မိရိုးဖလာ အသုံးအဆောင်တစ်ခု ဖြစ်ပါသည်။ စဉ့်အိုးများများထားရှိသောအိမ်သည် သောက်ရေသာမက၊ ချက်ပြုတ်ရေအတွက်ပါ အသုံးပြုနိုင်ပါသည်။ ဘိုးဘွားများသည် မိမိကျေးရွာအတွင်းတွင်လည်း အများသုံးရေကန်များကို စုပေါင်းညီညာစွာ တူးဖော်ခဲ့ကြသည်။ မိုးအခါတွင် ကန်ရေကိုမသုံး၊ မိုးရေခံကာ သုံးခြင်းဖြင့် ရွာ၏ ကန်ရေ လျော့နည်းမှုကိုလည်း သက်သာစေပါသည်။ ရေသိုလှောင်ရာတွင် စဉ့်အိုးကြီးများသည် အကောင်းဆုံး ဖြစ်ပြီး ကျေးရွာများတွင် အများဆုံး အသုံးပြုကြပါသည်။ စဉ့်အိုးကြီးများ မရရှိပါကလည်း သံရေစည်၊ ပလတ်စတစ်ရေစည်၊ အုတ်ရေကန်တို့ဖြင့်လည်း သိုလှောင်နိုင်ပါသည်။

လူတစ်ဦးအနေဖြင့် ပျမ်းမျှတစ်ရက်တာ သောက်ရေ ၂ လီတာ ချက်ပြုတ်ရန် ၂ လီတာ အသုံးပြုပါက တစ်ရက် ရေပျမ်းမျှ ၄ လီတာခန့် ကုန်ကျမည်ဆိုပါက တစ်လအတွက် ၁၂၀ လီတာ။ နွေရာသီ လေးလအတွက် ၄၈၀ လီတာ ကုန်မည် ဖြစ်ပါသည်။ စဉ့်အိုးကြီးတစ်လုံးသည် ရေ လေးဂါလန်ဝင် ရေပုံး ၁၂ ပုံးဆံ့ရာ၊ ရေဂါလန် ၄၈ ဂါလန်(၂၁၈ လီတာ) သိုလှောင်ထားနိုင်ပါသည်။ လူတစ်ဦးအတွက် စဉ့်အိုးတစ်လုံး ရေလှောင်ပါက၊ ၅၅ ရက်ခန့် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ လူ ငါးဦးရှိသော အိမ်တစ်အိမ်အတွက် စဉ့်အိုးကြီး ၁၀ လုံး (ရေဂါလန် ၄၈၀ ဆံ့ ရေတိုင်ကီ၊ အုတ်ကန်) ရေလှောင်ထားပါက ရက်ပေါင်း ၁၁၀ ရက်ခန့်အထိ သောက်ရေနှင့် ချက်ပြုတ်ရန် ရေလုံလောက်မည် ဖြစ်ပါသည်။



စဉ့်အိုးများဖြင့် မိုးရေသိုလှောင်ထားသည်ကို တွေ့ရစဉ်

အိမ်များတွင် နွေရာသီ သောက်ရေလုံလောက်မှု ရှိစေရန်အတွက် စဉ့်အိုး၊ ရေစည်၊ အုတ်ကန်များ အိမ်တိုင်းတွင် ဝယ်ယူစုဆောင်းရမည် ဖြစ်ပါသည်။ လိုအပ်ပါက အရစ်ကျ ပေးဆပ်မှု၊ ပံ့ပိုးကူညီမှုများဖြင့် စီစဉ်ဆောင်ရွက်သွားပါက နွေရာသီတွင် သောက်ရေပြတ်လပ်သော ကျေးရွာများ လျော့နည်းသွားမည် ဖြစ်ပါသည်။ ၂၁ ရာစုခေတ်တွင် ကျေးလက်အထိ တယ်လီဖုန်းအသုံးပြုစရိတ်၊ လက်ဖက်ရည်ဆိုင်ထိုင် ကုန်ကျစရိတ်များ ကုန်ကျလျက်ရှိရာ အဆိုပါ စရိတ်များကို ချွေတာသုံးပါက ရေသိုလှောင်ရေးအတွက် ကုန်ကျမည့် စရိတ်တွင် အသုံးပြုနိုင်ပါသည်။

### မြေအောက်ရေသုံးစွဲမှု

သောက်သုံးရေအတွက် မြေအောက်အဝီစိတွင်းတူး၍ အသုံးပြုရာတွင် နေရာဒေသတိုင်း၌ ရေတူး၍မရနိုင်ပေ။ အချို့ရေတူး၍ရပြန်တော့လည်း ရေတွင် ထုံးဓာတ်၊ သံဓာတ်၊ ဆားဓာတ်များပါရှိပါက သုံးရေသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မြေအောက်ရေသည် လိုသလောက် ထုတ်ယူသုံးနိုင်ခြင်း မရှိပါ။ နွေရာသီတွင် မြေအောက်ရေခန်းကာ ရေထွက်မှုလျော့နည်းသွားခြင်း၊ ရေမထွက်တော့ခြင်းများလည်း ကြုံရလေ့ရှိပါသည်။ လျော့နည်းသွားသော မြေအောက်ရေကို မိုးအခါတွင် မိုးရေများ မြေအတွင်းစိမ့်ဝင်မှု၊ မြေအောက်ရေကြောများ ရေတိုးလာမှုမှတစ်ဆင့် ပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် မိုးရေများကို မြေအောက်ရေအဖြစ် သိုလှောင်နိုင်အောင် စီမံဆောင်ရွက်ကြပါသည်။ အစ္စရေးနိုင်ငံတွင် မိုးတွင်းကာလ ရွာသွန်းသော မိုးရေများကို မြေအောက်သို့ ရိုက်သွင်းသော နည်းစနစ်ကို အသုံးပြုလျက်ရှိရာ မိုးခေါင်သော နှစ်များတွင် မြေအောက်ရေကို ကောင်းစွာ ထုတ်ယူအသုံးပြုနိုင်ကြောင်း သိရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နည်းပညာမသုံးနိုင်သေးသော်လည်း မြေအောက်ရေကို သိုလှောင်မှု ဆောင်ရွက်နိုင်ရန်အတွက် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် မိုးရေများကို မြစ်ချောင်းများသို့ လွယ်ကူစွာ မစီးဆင်းစေဘဲ သစ်ပင်သစ်တောများက အဆင့်ဆင့် ရေထိန်းသိမ်းပေးထားခြင်းကြောင့် မြေအောက်သို့ ရေစိမ့်ဝင်နိုင်မှု ပိုမိုရရှိစေကာ မြေအောက်ရေကို သိုလှောင်ရာ ရောက်ပါသည်။ ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကောင်းမွန်ကာ မြေအောက်ရေသိုလှောင်မှုကိုပါ အကျိုးပြုရာ ရောက်ပါသည်။

### ရေချွေတာသုံးစွဲရေး

ပြည်သူတစ်ဦးချင်း ရေချွေတာသုံးစွဲသော အလေ့အကျင့်ကောင်းများအတိုင်း လိုက်နာဆောင်ရွက်ပါက သောက်သုံးရေပြတ်လပ်မှုကို အထောက်အကူပြုရာ ရောက်ပါသည်။ နွေရာသီ ရေရှားပါးသောကာလတွင် ရပ်ကွက်အတွင်း ရေဘုံဘိုင်၌ ရေပုံးများတန်းစီကာ ရေအလုအယက် ခပ်ယူနေချိန်တွင် ရေပိုက်လိုင်းမှ ဖြတ်ယူသွယ်တန်းသူအချို့သည် သောက်သုံးရေသာမက မြက်ခင်းကိုပါ ရေလောင်းနေကြခြင်းသည် တစ်ကိုယ်ကောင်းဆန်ရာ ရောက်ပေသည်။ မျက်နှာသစ်၊ သွားတိုက်ရာတွင် ရေပိုက်ခေါင်းကို တောက်လျှောက်ဖွင့်ထားကာ အသုံးပြုခြင်းသည်လည်း ရေကို ဖြုန်းတီးရာ ရောက်ပေသည်။ လူတစ်ဦးချင်းအနေဖြင့် အိမ်တွင်းရေချွေတာမှု၊ စက်မှုသုံး ရေချွေတာမှု၊ စိုက်ပျိုးရေချွေတာမှု စသည့် ရေချွေတာမှု နည်းစနစ်နှင့် အလေ့အကျင့်များရရှိအောင် ပြည်သူအတွင်း ပညာပေးခြင်း၊ လိုက်နာကျင့်သုံးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### နမူနာယူစရာပင်

မြို့ကြီးများတွင် နေထိုင်သူများသည် စည်ပင်သာယာက ဖြန့်ဖြူးသောရေနှင့် မြေအောက် အဝီစိတွင်းကရေကိုသာ သုံးစွဲသူများ ဖြစ်ပါသည်။ ရန်ကုန်မြို့ တိုက်ခန်းတွင်နေထိုင်သော စာရေးသူ၏ သူငယ်ချင်းတစ်ယောက်ကား တိုက်အပေါ်ထပ် Panth House က ကျသော မိုးရေကိုခံကာ သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုလျက်ရှိပါသည်။ မိုးရေကို ရေစည်များတွင် လှောင်ထားကာ တစ်နှစ်ပတ်လုံး သောက်ရေအဖြစ် ကျိုချက်သောက်နေခြင်းဖြင့် သောက်ရေသန့် ဝယ်ယူကုန်ကျစရိတ် သက်သာစေပါသည်။ ရန်ကုန်သို့ ရောက်ရှိနေထိုင်သော်လည်း မိရိုးဖလာ ရေချွေတာမှုအလေ့အထများကို ဆက်လက်ကျင့်သုံး ဆောင်ရွက်နေခြင်း ဖြစ်ပြီး ၎င်း၏သားသမီးများကိုလည်း လက်ဆင့်ကမ်း သင်ကြားပေးရာ ရောက်ပေသည်။

စာရေးသူသည် ၂၀၁၇ ခုနှစ် ဧပြီလတွင် ဖျာပုံမြစ်ကမ်းဘေးတွင် တည်ရှိသော ဒေးဒရဲမြို့နယ် ကွန်ဒိုင်းကြီးကျေးရွာသို့ ရောက်ရှိခဲ့ရာ ကျေးရွာ၏ နွေအခါ ရေသုံးစွဲမှုနှင့်ပတ်သက်၍ လေ့လာခဲ့ပါသည်။ ရွာသားအများစုသည် ရွာဘေးရှိ ဖျာပုံမြစ်ရေနှင့် ရွာတွင်း ရေကန်တို့မှ ရေများကိုသာ အဓိကထား သုံးစွဲနေသော်လည်း ရပ်မိရပ်ဖ အိမ်တစ်အိမ်၏ ပတ်လည်တွင် စဉ့်အိုးများအား အဖုံးပိတ်ကာ မိုးရေများ သိုလှောင်ထားရှိသည်ကို တွေ့ခဲ့ရသည်။ မိုးရေကိုသာ တစ်နှစ်ပတ်လုံး သောက်သုံးရေအဖြစ် အသုံးပြုခဲ့သည်မှာ ၎င်းတို့၏ မိဘဘိုးဘွားများ လက်ထက်ကတည်းက အသုံးပြုကြောင်း သိရှိရပါသည်။

သာကေတ အိမ်ရာဝင်းတစ်ခုတွင်နေသော ဦးလေးတစ်ယောက်ကတော့ အိမ်ခေါင်မိုးမှကျသော မိုးရေကို ရေပိုက်ဖြင့်သွယ်ကာ မြေအောက် အဝီစိတွင်းပေါက်ထဲသို့ တစ်မိုးတွင်းလုံး ထည့်ပေးခဲ့သောကြောင့် အငန်ဓာတ်ပါသော မြေအောက်အဝီစိရေသည် အငန်ဓာတ်ပျောက်သွားကာ တစ်နှစ်ပတ်လုံး သောက်သုံးနိုင်သော ရေကောင်းရေသန့်အဖြစ် အသုံးပြုနိုင်ကြောင်း ပြောပါသည်။ မြေအောက်ရေအတွက် ဖြည့်ဆည်းပေးရာရောက်သည့်အပြင် မိမိအတွက် ပိုမိုကောင်းမွန်သော မြေအောက်ရေကို ပြန်လည်ထုတ်ယူနိုင်သည့်အတွက် အတုယူစရာပင် ဖြစ်ပါသည်။

### ၂၀၃၀ မတိုင်မီ....အချိန်မီ ကုစားနိုင်ရန်

ရေစုဆောင်းသိုလှောင်မှု၊ ချွေတာသုံးစွဲမှု အလေ့အထများ ရရှိလာအောင် လိုအပ်သောပံ့ပိုးမှု၊ အသိပညာပေးမှု၊ လိုက်နာဆောင်ရွက်စေမှုများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဌာနဆိုင်ရာ အသင်းအဖွဲ့များ၊ စေတနာရှင်များက တစ်ရွာဝင် ၊ တစ်ရွာထွက် ၊ တစ်အိမ်ဝင်၊ တစ်အိမ်တက်ကာ ပြည်သူများပါဝင်အောင် ဆောင်ရွက်ခြင်းဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်ကို အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရေလိုအပ်ချက် ၅၀ ရာခိုင်နှုန်းကျော်လွန်နိုင်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ လူ လေးဦးလျှင် တစ်ဦးမှာ ရေချိုရှားပါးမှုနှင့် ကြုံတွေ့ရနိုင်သည်ဟု ပညာရှင်များက လေ့လာသုံးသပ်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ကြုံတွေ့နေရသော ရေရှားပါးပြတ်လပ်မှု ဒုက္ခကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ အချိန်မီ ကုစားနိုင်ရန်အတွက် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ရပ် ဦးဆောင်မှုဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ကာ ပြည်သူများပါဝင်လာအောင် လက်တွေ့ကျကျ ဆောင်ရွက်သွားဖို့ လိုအပ်နေပြီ ဖြစ်ပါသည်။

**ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် မိုးရေများကို မြေအောက်ရေအဖြစ် သိုလှောင်နိုင်အောင် စီမံဆောင်ရွက်ကြပါသည်။ အစ္စရေးနိုင်ငံတွင် မိုးတွင်းကာလ ရွာသွန်းသော မိုးရေများကို မြေအောက်သို့ ရိုက်သွင်းသောနည်းစနစ်ကို အသုံးပြုလျက်ရှိရာ မိုးခေါင်သောနှစ်များတွင် မြေအောက်ရေကို ကောင်းစွာ ထုတ်ယူအသုံးပြုနိုင်ကြောင်း သိရှိရပါသည်။**

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ပညာသင်စရိတ်ထောက်ပံ့

**ပဲခူး ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲက တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၂၂၁ ဦးအတွက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကွန်ပါဘူးနှင့် ခဲဖျက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် အောင်မြင်သူ ၁၆ ဦးတို့ကို ငွေကျပ် ကိုးသိန်းကျော်ခန့်ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားသို့ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ ပညာရည်ချွန်ဆုလက်ခံရယူသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပဲခူး (သန့်စင်)**



# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ထောင်ဆေးရည်စိမ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ဆောင်ရွက်



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်သည် လူနေထူထပ်ပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရန် အသိပညာပေးဟောပြောခြင်း၊ ခြင်ထောင်များ ဆေးရည်စိမ်ခြင်းနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းတို့ကို ဇွန် ၂၄ ရက်က အမှတ်(၂၀)ရပ်ကွက်ရှိ အပိုင်လေးခုမှ ရပ်ကွက်ပြည်သူတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကျန်းမာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကလေးသူငယ်များနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီသွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် အမှတ်(၂၀)ရပ်ကွက်ရှိ အပိုင်(၇)(၈)(၉)(၁၀)မှ ရပ်ကွက်ပြည်သူတို့အား မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဒေါက်တာ ရွှေဘော်နှင့်မြို့နယ်ကျန်းမာရေးဦးစီးမှူးတို့က အသိပညာပေးဟောပြောခြင်း၊ ရပ်ကွက်အတွင်းရှိ အသုံးပြုနေသော ရေစည်၊ ရေကန်၊ ကျောက်စည်များအတွင်း ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် ရပ်ကွက်ပြည်သူတို့၏ ခြင်ထောင်များကို ဆေးရည်စိမ်ပေးခြင်းတို့အား ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောင်းတွေပိတ်ဆို့နေတော့ ရေစီးရေလာနှေးကွေးတဲ့အတွက် ရေဝပ်ရေတင်ဖြစ်ပြီး ခြင်ပေါက်ပွားမှုများတာပေါ့။ ကျောင်းတွေကို ခြင်ဆေးဖျန်းဖို့ အစီအစဉ်ရှိတယ်။ အမှိုက်ကန်နဲ့ ရေမြောင်းတွေကနေ ခြင်ပေါက်ပွားမှုများလာတာပါ။(၁၉) ရပ်ကွက်ဆိုရင် သွေးလွန်တုပ်ကွေးဖြစ်လို့ တိမ်းပါးတာတွေရှိတယ်လို့ ဒီနေ့ဆရာမတွေ ပြောလို့ သိရတယ်။ ရပ်ကွက်ထဲကရေက မထွက်၊ အမှိုက်ကပုံနေတော့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဖိဖိစီးစီးလုပ်ဆောင်ရမယ့် အနေအထားပါ”ဟု အမှတ်(၂၀)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြီးရွှေက ပြောသည်။

လှိုင်သာယာတွင် ရာသီအကူးအပြောင်းနှင့် မိုးမပြတ်သည့်အတွက် တစ်နှစ်အရွယ် ကလေးသူငယ်များ အဖျားအနာများ လျက်ရှိပြီး ရပ်ကွက်ဆေးခန်းများတွင် ပြသကုသလျက်ရှိရာ ကာ မူလတန်းကျောင်းသားများလည်း အဖျားအနာရှိလာသောကြောင့် စာသင်ကျောင်းဝင်းအတွင်း ချုံနွယ်မြက်ရှင်းလင်းခြင်းနှင့် ရေများစီးဆင်းမှုရှိရန် ရပ်ကွက်အုပ်ချုပ်ရေးပိုင်းကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂၈ ရက်တွင် အမှတ်(၂၀)ရပ်ကွက်ရှိ အပိုင်(၁)မှ(၆) အထိ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

# ဗဟုသုတရှာမှီးလိုသူများအတွက် ဗဟုသုတ ဟင်းလေးအိုးကြီးဖြစ်သည့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေတော့မည်

**ရန်ကုန် ဇွန် ၂၄**

တစ်ခေတ်တစ်ခါက ဗဟုသုတမျိုးစုံ လေ့လာသိရှိ မှတ်သားအသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာ့စွယ်စုံကျမ်းကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ထုတ်ဝေဖြန့်ချိခဲ့သည်။

ဗဟုသုတရှာမှီးလိုသူ မြန်မာပြည်သူများအတွက် မြန်မာ့စွယ်စုံကျမ်းများသည် မရှိမဖြစ် လက်ကိုင်ထားရှိရမည့်စာအုပ်များပင်ဖြစ်သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မူလထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ပြီး ပြန်လည်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို ဝမ်းမြောက်ဖွယ်ကြားသိရသည်။



ဦးသိန်းထွန်း

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ဦးသိန်းထွန်းက “စွယ်စုံကျမ်းက ၁၉၅၄ ခုနှစ်က ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းတွေကို ခေတ်နဲ့ လျော်ညီအောင်၊ နောင်လာ နောက်သားတွေ လေ့လာနိုင်အောင်၊ အကောင်းဆုံး အရည်အသွေးမီ စွယ်စုံကျမ်းကြီး ပေါ်ပေါက်လာအောင် အားလုံးတိုင်ပင်ပြီး ဆွေးနွေးဆောင်ရွက်နေပါတယ်။ ဘာသာရပ်အလိုက် သွားတဲ့အခါမှာ အင်မတန်အရေးကြီးပါတယ်။ အနည်းဆုံး ၃၅ တွဲလောက်အထိရှိမယ်လို့ မျှော်လင့်ထားပါတယ်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်တွေ ဝိုင်းဝန်းပြီး ထပ်တိုးသင့်လည်းတိုးမယ်၊ အခု ကကြီးအဆင့်ကတော့ အတော်ပြီးနေပါပြီ၊ ကျန်တဲ့ ဘာသာရပ်ကိုင်တဲ့ပုဂ္ဂိုလ်တွေကိုလည်း အားလုံးခွဲပေးပြီး အမြန်ဆုံးပြီးအောင် လုပ်နေပါတယ်။ စွယ်စုံကျမ်းဆိုတာ ဗဟုသုတ ဟင်းလေးအိုးကြီးပါ။ လူငယ်တွေအတွက် လိုအပ်ပါတယ်”ဟု ပြောသည်။



ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းများ

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဦးဆောင်ကော်မတီတွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းအုန်း (မောင်ဇေယျာ)က “မြန်မာ့စွယ်စုံကျမ်းကို စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ပြန်လည်တည်းဖြတ်ဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ထပ်ဖြည့်မယ်၊ တည်းဖြတ်မယ်၊ အနည်းဆုံးအတွဲ ၂၀ လောက် ထုတ်ဖို့ ခန့်မှန်းထားတယ်။ မြန်မာ့စွယ်စုံကျမ်းက အရေးကြီးပါတယ်။ လက်ရှိ ပထမတွဲကို လုပ်နေပါတယ်”ဟု ပြောသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

● *ကျောဖုံးမှ*

မြန်မာ ယူ-၂၂ အသင်းသည် အောင်သူ၊ စည်သူအောင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဟိန်းသီဟဇော်၊ ရဲရင့်ထွန်း၊ ထိုက်ထိုက်အောင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး MNL All Star အသင်းသည် ရန်ပိုင်အပါအဝင် လက်ရှိ လက်ရွေးစင်ကစားသမားများဖြစ်သည့် ရန်အောင်၊ ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ တင်ဝင်းအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် MNL All Star အသင်းက ပွဲကိုထိန်းကစားပြီး ယူ-၂၂ အသင်း၏အမှားကို စောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ၁၈ မိနစ်တွင် MNL All Star အသင်းဂိုးစရခဲ့ပြီး ဝါရင့်ကစားသမား ရန်ပိုင်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ရန်ပိုင်သည် နေမကောင်းဘဲကစားရသောကြောင့် ဂိုးသွင်းအပြီးတွင် ဒွေးကိုကိုချစ်နှင့် လူစားလဲခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံးကစားသမား အပြောင်းအလဲများ ပြုလုပ် ခဲ့သည်။

ယူ-၂၂ အသင်းသည် သောင်လျပ်ထန်၊ သန်းပိုင်၊ လှိုင်းဘိုဘို၊ သီဟထက်အောင်၊ စအောင်ပြည့်ကို ၊ အောင်ကောင်းမာန်တို့ကိုထည့်ကာ အပြောင်းအလဲလုပ်ခဲ့ပြီး MNL All Star အသင်းမှာလည်း ဒွေးကိုကိုချစ်၊ ချစ်စုမိုး၊ စိုးမြတ်သူ၊ မင်းမင်းသူ၊ ပြည့်လျှံ အောင်(ဂိုး)တို့ကို လဲလှယ်ကစားခဲ့သည်။ ယူ-၂၂ အသင်းသည် ဒုတိယပိုင်းအစတွင် ကစားကွက်ပျက်နေသော်လည်း နောက်ပိုင်းမှ ပုံမှန်ခြေပြန်ရလာပြီး မိနစ် ၇၀ တွင် စည်သူအောင် ဖန်တီးပေးမှုမှတစ်ဆင့် သန်းပိုင်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ယူ-၂၂ အသင်းကစားပုံ ပိုကောင်းလာပြီး အနိုင်ဂိုးကို ၇၉ မိနစ်တွင် အောင်သူက အဝေးမှ ကန်သွင်းယူခဲ့သည်။

# အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကျင်းပ




**ရန်ကုန် ဇွန် ၂၄**

၂၀၁၇ အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသည်။

အိုလံပစ်နေ့ အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲအဖြစ် လူငယ်(က) အသင်း၊ (ခ)အသင်း၊ အမျိုးသမီး လက်ရွေးစင်အသင်း၊ ၄၅ နှစ်အထက် Old Star အသင်းနှင့် Telenor Myanmar အပျော်တမ်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး လူငယ်(က)အသင်းက ပထမ၊ လူငယ်(ခ)အသင်းက ဒုတိယ ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ လူငယ် (က) အသင်း၊ ဒုတိယဆုရ လူငယ် (ခ) အသင်းနှင့် ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အသင်းများအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်က “အိုလံပစ်ပြိုင်ပွဲကို နှစ်ပေါင်းများစွာကတည်းက ကျင်းပခဲ့တာဖြစ်ပါတယ်။ အိုလံပစ်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲတွေကို အခုလထဲမှာ ကျင်းပလေ့ရှိပြီး ကျွန်တော်တို့ အဖွဲ့ချုပ်ကတော့ ဒီနေ့မှာ ကျင်းပတာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်တဲ့အသင်းအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ပြောကြားခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**



# ဖြူးမြို့နယ်ရှိ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

**ဖြူး ဇွန် ၂၄**

၂၀၁၇ ခုနှစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sports Development Programme)အရ ဖြူးမြို့နယ်တွင်း ကျင်းပသည့် ကျောင်းပေါင်းစုံမှ အသက် ၁၆ နှစ် အောက်ကျောင်းသားများအား ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဖြူးမြို့ ပြည်သူ့အားကစားကွင်း၌ ဇွန် ၂၄ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဘောလုံးအသင်းရှစ်သင်း၊ ပိုက်ကျော်ခြင်းရှစ်သင်းနှင့် ပြေးခုန်ပစ် အားကစားသမား ၁၀၂ ဦးတို့က အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းများ ပြုလုပ်ကြပြီး အထက (၂) ဖြူးမှ ကျောင်းသား ကျောင်းသူများက မိုးလုံးမှိုင်းသီးချင်း၊ ကာယလေ့ကျင့်ခန်းတို့ဖြင့် သရုပ်ပြဖျော်ဖြေကြပြီး ဇွန် ၂၄ ရက် ဖွင့်ပွဲ ပွဲစဉ်အနေဖြင့် ကညွတ်ကွင်း(၂)အသင်းနှင့် ဇေယျဝတီ(၂)အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## မှတ်သားဖွယ်ရာ မိုးရေချိန်

၂၄-၆-၂၀၁၇

| | | |
|---|---|---|
| ကျောက်ဖြူမြို့ | ၄ | ဒသမ ၁၇ လက်မ |
| ကိုကိုးကျွန်းမြို့ | ၃ | ဒသမ ၃၅ လက်မ |
| ကျိုက္ခမီမြို့ | ၃ | ဒသမ ၁၉ လက်မ |
| ပူတာအိုမြို့ | ၂ | ဒသမ ၈၈ လက်မ |
| သထုံမြို့ | ၂ | ဒသမ ၈၃ လက်မ |
| ကမမောင်းမြို့ | ၂ | ဒသမ ၇၆ လက်မ |
| ပေါင်မြို့ | ၂ | ဒသမ ၇၆ လက်မ |

(မိုး/ဇလ)

**နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေလရောင်ပရဟိတအသင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းမှုကို ဇွန် ၂၄ ရက်က အသင်းရုံး၌ ပြုလုပ်ရာ အောင်ဇမ္ဗူရပ်ကွက်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို အသင်းအမှုဆောင် ဦးမင်းမင်းလတ်နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသန်းနုတို့က လှူဒါန်းစဉ်**

ကိုကိုရူပ (နေပြည်တော်)



# တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

တရားရုံး အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်း၏ တတိယနှစ်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရားရုံး ဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်ဟူသည့် မဟာဗျူဟာ ရည်မှန်းချက်အောင်မြင်နိုင်ရေးအတွက် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။




ဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် ပညာရေးနှင့် အလုပ်အကိုင်ပြပွဲ ၂၀၁၇ ကျင်းပ

**မန္တလေး ဇွန် ၂၄**

မြန်မာကျောင်းသား လူငယ်များ ပညာရေးလမ်းကြောင်း မှန်ကန်စွာရွေးချယ်နိုင်စေရန်နှင့် အလုပ်အကိုင်လိုအပ်သူများအတွက် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ကာ EdCIL(India) Limited, A Government of India Enterprise၏ ပံ့ပိုးကူညီမှုဖြင့် ပညာရေးနှင့် အလုပ်အကိုင်ပြပွဲ ၂၀၁၇ "Education & Career 2017" ပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပရာ ပြပွဲကို တိုင်းဒေသကြီး လူမှုရေးနှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ Metro Computer Myanmar Co.,Ltd မှ ဒါရိုက်တာ Takashi Kawasaki နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



ပြပွဲကာလအတွင်း ကျောင်းသားလူငယ်များကို သင့်လျော်သည့်ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကိုလည်း လေ့လာသိရှိနိုင်မည် ဖြစ်သည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း စုံစမ်းသိရှိနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်ရှာဖွေနေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေး ပြခန်းများလည်း ပြသထားသည်။

မိုဘိုင်းဟန်းဆက်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို နေ့စဉ်ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ရာ ပြပွဲကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ခင်မောင်သော်**

# လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် စည်းရုံးရေးကော်မတီ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာသင်စရိတ်၊ အဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များထောက်ပံ့ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက လသာမြို့နယ် စဥ့်အိုးတန်းလမ်းရှိ အဖွဲ့တည်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကျော်မိုန်(ငြိမ်း)က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်စိုး(ငြိမ်း)က အမှာစကားပြောကြားကာ အဖွဲ့ဝင်များ၏ သားသမီးများဖြစ်သော ကျောင်းသား ကျောင်းသူ ကိုးဦးအား ပညာသင်စရိတ်ထောက်ပံ့ငွေ ကျပ် ၁၇၀၀၀၀ ပေးအပ်ပြီး သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင် စုစုပေါင်း ၅၀ တို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(မြန်မာ့အလင်း)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြော

**မန္တလေး ဇွန် ၂၄**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇွန် ၂၂ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန်ဂျက်ဖာစန်စင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဂျက်ဖာစန်စင်တာမှ တာဝန်ခံ ဦးစောကျင်စိန်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Ms. Kristen Bauer နှင့် ဟောပြောမည့်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စန်းရီက မူးယစ်ဆေးဝါးအန္တရာယ်နှင့် တရားမဝင်သုံးစွဲမှု၏ ဆိုးကျိုးများကို ရှင်းလင်းပြောကြားသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက် အထက်ပန်းဆိုးလမ်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာသီရိခန်းမဆောင်၌ ဇွန် ၂၃ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုလေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **ကျော်စိုးမိုး**

# မိုးရာသီ ရေကြီးနစ်မြုပ်မှုမရှိစေရေး ရေတံခါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် မိုးရာသီအတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရေးနှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ ထိန်းသိမ်းပြုပြင်တည်ဆောက်ခြင်း၊ ရေလှောင်တမံ၊ ရေတံခါးများ ကြံ့ခိုင်မှုရှိစေရေးအတွက် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးသည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဦးစီးအရာရှိများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးခရိုင် ကဝမြို့နယ်ရှိ ရွှေလှေရေထိန်းတံခါးနှင့် ပိုင်ကျုံရေထိန်းတံခါးသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့သည် ကဝမြို့နယ် ရွှေလှေကျေးရွာအနီး ဆည်မချောင်းပေါ်တွင် တည်ဆောက်ထားသည့် ခြောက်ပေ အရွယ်အစား ရေတံခါးပေါက် ၄၀ ပါပြီး စိုက်ဧက ၃၅၀၀၀ အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့သည့် ရွှေလှေရေထိန်းတံခါးသို့ရောက်ရှိပြီး မိုးရာသီမတိုင် ရေတံခါးဆိုင်ရာ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ရေတံခါးမှ ကွင်းရေများထုတ်နုတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေတံခါးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံကာ မှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကဝမြို့နယ် ဖလေးကျေးရွာအနီး ပိုင်ကျုံချောင်းပေါ်တွင် တည်ဆောက်ထားသည့် စိုက်ဧက ၃၀၀၀၀ အား ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသည့် ပိုင်ကျုံရေထိန်းတံခါးသို့ရောက်ရှိပြီး မိုးရာသီမတိုင် ရေတံခါးဆိုင်ရာ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ရေတံခါးမှ ကွင်းရေများထုတ်နုတ်နေမှုများကို ကြည့်ရှုခဲ့ပြီး ရေတံခါးဝန်ထမ်းများအားတွေ့ဆုံကာ မိုးရာသီအတွင်း ရေတံခါးများသည် အလွန်အရေးပါကြောင်း၊ ကွင်းရေထုတ်နုတ်မှု၊ ဒီရေတက်ချိန် ပဲခူးမြစ်ရေနှင့် နုန်းများ ကွင်းအတွင်း ပြန်လည်ဝင်ရောက်မှုမရှိစေရေးတို့သည် ရေတံခါးတည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း၊ မိမိဝန်ထမ်းများအနေဖြင့် နားလည်သိရှိရန်လိုအပ်ပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကြုံတွေ့ရသည့် ကွင်းအတွင်းမှ ဒိုက်များမျောပါလာပြီး ရေတံခါးတွင် လာရောက်ပိတ်ဆို့ပြီး ရေထုတ်နုတ်မှုမထိခိုက်စေရေးအတွက် ရှင်းလင်းဖယ်ရှားရေး ကြိုတင်စီမံထားရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရင်း ဒေသ၏ အားကိုးယုံကြည်မှုရရှိသည့် ဆည်မြောင်းဌာနဖြစ်ရန် ဆောင်ရွက် ရမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအား ကျန်းမာရေးအထူးဂရုစိုက်ရန် ဒုတိယညွှန်ကြားရေးမှူးက မှာကြားခဲ့ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

# ကယားပြည်နယ် ရှာသစ်မြို့တွင် MPT ဖုန်းလိုင်း စတင်အသုံးပြုခွင့်ရရှိ၍ ဒေသခံပြည်သူများအဆင်ပြေ

**ရှာသစ် ဇွန် ၂၄**

ကယားပြည်နယ် ဘောလခဲခရိုင် ရှာသစ်မြို့၌ ဇွန် ၂၃ ရက်ကစတင်၍ MPT ဖုန်းလိုင်း စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ရှာသစ်မြို့တွင် ယခင် ၂၀၀၂ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးအား ကြေးနန်းဖြင့်သာ ဆက်သွယ်အသုံးပြုခဲ့ရာ ၂၀၀၄ ခုနှစ်မှ တစ်ဆင့်မြင့်၍ IP Star ဖုန်းဖြင့် ဆက်သွယ်အသုံးပြုနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ၂၀၁၅ ခုနှစ်ကျမှ Telenor ကုမ္ပဏီလာရောက်၍ ဆက်သွယ်ရေး တပ်ဆင်ပေးခဲ့သဖြင့် တယ်လီဖုန်း ဆက်သွယ်ရာတွင် အဆင်ပြေခဲ့သည်။

ယခုအခါတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဇွန် ၂၃ ရက်ကစတင်၍ ရှာသစ်မြို့တွင် MPT ဖုန်းလိုင်း စတင်အသုံးပြုခွင့်ရပြီဖြစ်၍ ဒေသခံပြည်သူများ ဆက်သွယ်ရေးနှင့်ပတ်သက်၍ စိတ်တိုင်းကျအသုံးပြုခွင့်ရရှိသလို ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၈)**



## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဇွန် ၂၄ - မြန်မာ့ပင်လယ်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# နေပြည်တော်-စျေးကုန်းကျောင်းက တုံးမောင်းသံ

**စာချဘုန်းကြီး ဦးကောဝိဒ(စျေးကုန်း)**

**✻ စျေးကုန်းကျောင်းက တုံးမောင်းသံ တောင်ယံကကြား။**

**✻ ဖေ့သားစာဝါနှင့် အမေ့သားစာဝါနှင့် သဒ္ဒါစာ သင်္ဂြိုဟ်ညက်အောင် ကျက်ကြစို့လား။**

ဤကြွေးကြော်သံကား လွန်ခဲ့သော ၇၅ နှစ်က ကောဇာသက္ကရာဇ် ၁၃၀၄ ခုနှစ် ခရစ်နှစ် ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဘဒ္ဒန္တကောသလ္လ ဆရာတော်ကြီး၏ ပရိယတ္တိသာသနာပြုလုပ်ငန်းကြီးအတွက် ကြွေးကြော်သံဖြစ်ပါသည်။

ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လသည် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာနှင့် အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရတို့ထံ၌ သင်ရိုးပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ဆရာနည်းကျကျ (အာစရိယ လဒ္ဓေါ ပဒေသော)လေ့လာသင်ကြားပြီး **"စာသင်တိုက် တည်ထောင်မည်၊ စာချမည်"** ဟူသောကြီးမားသော လုံ့လ(မဟုဿာဟ)စိတ်ဖြင့် စစ်ဘေး၊ စစ်ဒဏ်၊ ဗုံးသံ၊ အမြောက်သံတွေကြားမှ ယခု မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်တည်ရှိရာ မဟာအောင်မြေမြတ်ပေါ်တွင် ပရိယတ္တိစာသင်တိုက်ကြီးကို ကြိုးစားတည်ထောင်ခဲ့ပါသည်။

ထိုစဉ်က စာချဘုန်းကြီး ဦးပညာသာမိက အထက်ပါ သမိုင်းဝင်တေးကဗျာဖြင့် လှုံ့ဆော်ပြီး စာသင်သားများ စုဆောင်းကာ **"စျေးကုန်းကျောင်းက တုံးမောင်းသံ၊ မိုးယံခြိမ်းခြိမ်း ဟိန်းစေရမည်"** ဟူသော ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိတို့ဖြင့် စာချ၊ စာသင်၊ စာအံ၊ စာကျက် မပျက်မကွက်စေဘဲ ကြီးမားသော လုံ့လဝီရိယတို့ဖြင့် စာချတုံးခေါက်ကာပရိယတ္တိလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါသည်။

**"ဓမ္မဘေရီ-ရွှေပဟိုရ်စည်"**

အလျဉ်းသင့်၍ ပထမဆရာတော်ကြီး၏ **"ဓမ္မဘေရီ ရွှေပဟိုရ်စည်"** ဖြစ်ပေါ်လာပုံကိုလည်း အနည်းငယ် တင်ပြလိုပါသည်။

ဆရာတော်ကြီးသည် ရူပနိကာယ သမ္မန္ဓဂုဏ် (ရုပ်ရည်ပြေပြစ်မှု)အနည်းငယ်ချို့ယွင်းသော်လည်း (ရုပ်အဆင်းမလှသော်လည်း) ဓမ္မဘေရီ ရွှေပဟိုရ်စည်ဂါထာကို တရားပွဲတိုင်း အဖွင့်ဂါထာအဖြစ် ရွတ်ပြီးမှ တရားဟောလေ့ရှိသည်။ သဒ္ဒနိကာယ သမ္မန္ဓဂုဏ်(အသံသြဇာ)အလွန်ကောင်းပါသည်။ ပီသသည်။ ကြည်မြသည်။ ဆရာတော်ကြီး၏ အသံတော်ကောင်းပုံကို တရားတစ်ပုဒ်တွင် **"သဒ္ဒါ၊ သံစုံ၊ ခရသင်း၊ စောင်းညှင်းတူရိယာ-ခရာတပိုး အမျိုးမျိုး အဖြာဖြာသော အသံ၊ ကြိုးကြာအသံ၊ အိုးဝေအသံ၊ ဥဩအသံတို့ထက် သာယာကဲ လွန်မွန်မြတ်ပေသည်။ ပြေနဂိုမြေပေါ်လျှံသည့် ရွှေပဟိုရ် စည်တော်သံကို"** ဟူ၍ တရားတော်တည်းဟူသော ရွှေစည်ကြီးနှင့် သဒိသူပမာ တင်စား၍ ရေးသားခဲ့ပါသည်။ ထို့ကြောင့် **"ဓမ္မဘေရီ-ရွှေပဟိုရ်စည် ဆရာတော်ကြီး"** ဟူ၍ ပျဉ်းမနားနယ်တစ်လွှားတွင် အလွန်ထင်ရှားခဲ့ကြောင်း သိရှိရပါသည်။

ထို **"ဓမ္မဘေရီ-ရွှေပဟိုရ်စည်"** ဆရာတော်ကြီးသည် ၁၃၄၄ ခုနှစ် နယုန်လဆန်း ၈ ရက်နေ့တွင် သက်တော် ၇၀၊ သိက္ခာတော် ၅၀ ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

**"တွေ့ဆုံကြုံလစ်-လောကဓံခေတ်"**

မူလတိုက်တည် ကျေးဇူးတော်ရှင်ဆရာတော်ကြီးသည် အန္တေဝါသိက တပည့်ကြီး ဘဒ္ဒန္တကဝိသာရ (ယခုနိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်နှင့် ညီရင်း ဦးဓမ္မသာရ(ခ) မောင်ထွန်းလှ (နောင်အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်တို့နှင့်အတူ လွတ်လပ်ရေးမရခင်က ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်တို့၏ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်၊ ကျည်ဆန်ဒဏ်ကြားမှ လည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက်တွင် လောက ဓမ္မတရားများဖြစ်သည့် နိန္ဒ-ကဲ့ရဲ့ခြင်း၊ အယသ-အခြံအရံ ပရိသတ်မရှိခြင်း၊ ဒုက္ခ-ဆင်းရဲခြင်းတို့ကို ရင်ဆိုင်ခဲ့ပြီး သာသနာတော်အတွက် အသက်ကို ဖက်နှင့်ထုပ်ထားရသကဲ့သို့ ဗုံးပေါက် ကွဲသံ၊ စက်သေနတ်သံ၊ ကျည်ဆန်ဒဏ်တို့ကို ကြံ့ကြံ့ခံပြီးနောက် ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်ရွာ လယ်ဝေးမြို့နယ် ဂုဏ်မင်းအိုင်ရွာ၊ ချောင်းခွသရက်ကုန်းရွာ၊ လက်ပန်တန်းရွာ စသော တောရွာများသို့ စစ်ဘေး၊ စစ်ဒဏ်ရှောင်ရင်း တပည့်ကြီး ဦးကဝိသာရ၊ ရှင်ဓမ္မသာရ စသော စာသင်တပည့်တို့ကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓမ္မာကျမ်းစာများကို ပို့ချနေထိုင်ခဲ့ပါသည်။

**"အောင်ဆန်းနှင့်ထုတ်- ဂျပန်ဆုတ်"**

"အောင်ဆန်းနှင့်ထုတ် - ဂျပန်ဆုတ်" ဟူသော ပရိဘာသာနှင့်အညီ ၁၃၀၇ ခုနှစ် (၁၉၄၅ ခုနှစ်)တွင် ဂျပန်စစ်ရှုံး၍ အင်္ဂလိပ်၊ အမေရိကန်တက်လာသောအခါ ကျေးဇူးရှင် ဆရာတော်ကြီးသည် တပည့်ကြီး ဦးကဝိသာရ၊ ရှင်ဓမ္မသာရ ညီနောင်နှစ်ပါးတို့ကို လက်ဆွဲ၍ ပျက်စီးနေပြီးဖြစ်သော စာသင်တိုက်မြေတလင်းကြီးကို ဒုတိယအကြိမ် ပြန်လည်ပြုပြင်၍ "စျေးကုန်းကျောင်းက တုံးမောင်းသံ၊ မိုးယံခြိမ်းခြိမ်းဟိန်းစေရမည်" ကြွေးကြော်၍ စာချတုံးခေါက်ကာ ပရိယတ္တိလုပ်ငန်းကို တစ်ဖန်ပြန်လည် စတင်ခဲ့ပါသည်။

**"ပရိယတ္တိအမွေ-ဆက်ထိန်းနေ"**

ယခုဆရာတော် ဘဒ္ဒန္တကဝိသာရသည် မိမိဆရာတော်ကြီးတည်ထောင်ခဲ့သော ပရိယတ္တိစာသင်တိုက်လုပ်ငန်း၊ ပရိယတ္တိဒါယာဒ၊ ပရိယတ္တိဒါယဇ္ဇ အမွေအနှစ်ကို တိုးတက်အောင် ဆက်လက်ထိန်းသိမ်းလာခဲ့သည်မှ ယခု ၁၃၇၉ ခုနှစ်တွင် စာချ-စာသင် (၇၅) နှစ်ပြည့်ခဲ့ပါပြီ။

ဤစိန်ရတုမင်္ဂလာပွဲကြီးကို ၂-၇-၂၀၁၇ ခုနှစ် တနင်္ဂနွေနေ့တွင် ဆရာတော်၏ တပည့်သာဝကများ၊ ဒါယကာ ဒါယိကာမများနှင့် လက်တွဲ၍ ခြိမ့်ခြိမ့်သဲသဲဆင်နွှဲတော့မည်ဖြစ်ပါသည်။

**စျေးကုန်းကျောင်းတိုက်ဆရာတော်ကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာအကျိုးတို့ကို ဆောင်ရွက်ပေးတော်မူရင်း စာသင်သားတပည့်တို့အားလည်း ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းစာဝါတို့ကို ပို့ချခဲ့ပါသည်။ ပဋ္ဌာန်းသင်ထုံးကျမ်း၊ သဒ္ဒါသင်ထုံးကျမ်း စသည်တို့ကိုလည်း ရေးသားတော်မူခဲ့**

**"သက်ရှိထင်ရှား-စွမ်းဆောင်မှုများ"**

ဆရာတော်ကြီး ဘဒ္ဒန္တကဝိသာရ မဟာထေရ်သည် ယခုအခါ သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါ၊ သက်တော်ရှည်ခြင်း- ဒီဃာယုကဂုဏ်၊ အရှည်ကို မျှော်တွေးကြည့်မြင်ခြင်း- ဒီဃဒဿီဂုဏ်၊ ကျန်းမာခြင်း - အာရောဂျဂုဏ် စသည်ထို့၍ ငွေရတု၊ ရွှေရတု၊ စိန်ရတု ရတုသုံးလီ သက်တမ်းမီသော ဆရာတော်ကြီးဖြစ်ပါသည်။

ဆရာတော်ကြီးသည်-

၁။ နေပြည်တော်ကြီး တည်ဆောက်စတွင် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဝတ္ထုကံမြေအတွင်း ဉပ္ပါတသန္တိဝိသုံဂါမ ရွှေသိမ်တော်ကြီးကို ကိုယ်တိုင်ဦးစီး၍ သီမာသမ္မုဟနနသိမ်နုတ်ခြင်းမင်္ဂလာနှင့် သီမာသမ္မုတိသိမ်သမုတ်ခြင်း မင်္ဂလာတို့ကို လည်းကောင်း။

၂။ တပ်မတော်စစ်ရေးပြကွင်းကြီး တည်ဆောက်ရာ၌ မလွတ်မကင်းဖြစ်နေသော စေတီတော် ကိုးဆူနှင့် နတ်ကွန်း၊ နတ်နန်းများကို ဗုဒ္ဓဒေသနာတော်နှင့်အညီ ရှေးလုပ်ထုံးလုပ်နည်းများအတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း။

၃။ နေပြည်တော်အတွင်းရှိ စေတီတော် ၁၁ဆူ၏ ဌာပနာဘုရားများကို သက္ကစ္စဂါရဝ မင်္ဂလာဖြင့် ရိုသေစွာ ပင့်ဆောင်ပြီး နေပြည်တော် မီးသတ်မျှော်စင်ကြီးအနီးတွင် "ဓာတုစယ ဓာတ်ပေါင်းစုစေတီ" အဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း။

၄။ နေပြည်တော် လယ်ဝေးမြို့အေလာတိုက်နယ်တွင် နေပြည်တော် လေဆိပ်ကြီး လေယာဉ်ကွင်းတည်ဆောက်ရာ၌ မလွတ်မကင်းဖြစ်နေကြသော ဇေယျသိန်ရွာအနီးရှိ စေတီတော်မြတ်ကြီးအား ထိန်အင်းဘူတာအရှေ့ဘက်သို့ ရွှေ့ပြောင်း၍ အေလာဇေယျသိဒ္ဓိကျောင်းမှတစ်ဆင့် ရန်ကုန်-မန္တလေးရထားလမ်းဘေးတွင် **"အေလာတိဏ္ဏ စေတီတော်"** အဖြစ် ကြည်ညိုဖွယ်ရာ ပင့်ဆောင်နိုင်ခဲ့ခြင်း တို့ဖြစ်ပါသည်။

**ကမ္မဋ္ဌာနဝိဟာရနှင့် ဓာတုပူဇာမင်္ဂလာ**

၁။ နေပြည်တော် ဦးဗုဒ္ဓေါတောရကျောင်းတိုက်ကြီးတွင်လည်း လယ်တီဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယဒီပနီကျမ်းရေးသားခဲ့သော အထိမ်းအမှတ်အဖြစ် ၃၇ တောင် အမြင့်ဆောင်သော ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီးကို အောင်မြင်စွာ တည်ထားနိုင်ခဲ့ခြင်း။

၂။ ဦးဗုဒ္ဓေါကျောင်းတိုက်အတွင်း၌ ရဟန်းရှင်လူများ ကမ္မဋ္ဌာန်းစီးဖြန်းရန် တစ်ယောက်နေ ကမ္မဋ္ဌာန်းကျောင်းပေါင်း ၁၅၀ ကျော်နှင့် စင်္ကြံကျောင်းကြီး တည်ဆောက်နိုင်ခြင်း။

၃။ စျေးကုန်းကျောင်းတိုက်နှင့် တံခွန်တိုင်ကျောင်းတိုက်တို့တွင် ၁၀၈ ဆူ အောင်တော်မူဘုရားကြီးနှစ်ဆူ တည်ထားတော်မူခြင်းနှင့် ရှင်သီဝလိ ရဟန္တာသိမ်တော်ကြီးကို ပြုပြင်၍ စွယ်တော်လေးဆူ လေးထပ်တိုက်ကြီး ဆောက်လုပ်ပူဇော်နိုင်ခြင်း စသည်တို့ဖြစ်ပါသည်။ ဤသည်တို့မှာ အကျဉ်းမျှသာ တင်ပြထားခြင်းဖြစ်ပါသည်။

**"ဂုဏဝိသိဋ္ဌပူဇာ-မင်္ဂလာ"**

စျေးကုန်းကျောင်းတိုက်ဆရာတော်ကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာအကျိုးတို့ကို ဆောင်ရွက်ပေးတော်မူရင်း စာသင်သားတပည့်တို့အားလည်း ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းစာဝါတို့ကို ပို့ချခဲ့ပါသည်။ ပဋ္ဌာန်းသင်ထုံးကျမ်း၊ သဒ္ဒါသင်ထုံးကျမ်း စသည်တို့ကိုလည်း ရေးသားတော်မူခဲ့ပါသည်။

ထို့ကြောင့် ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထခုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်တို့နှင့် ပြည့်စုံပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူသော ဆရာတော်ကြီး **"ဘဒ္ဒန္တကဝိသာရ"** မဟာထေရ်အား နိုင်ငံတော်အစိုးရမှ-

(က) ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်
(ခ) ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
(ဂ) ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော်သြဝါဒါစရိယဘွဲ့တော်
(ဃ) ၂၀၀၈ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ပါသည်။

**"နှိုးဆော်ဖိတ်ကြား-ဒါနဥ္စမင်္ဂလာများ"**

**သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့.........**
**တစ်သက်မှာ တစ်ကြိမ်ပဲ၊**
**သင်ရှောင်လွှဲလျှင်၊**
**ဝမ်းနည်းနောင်တ၊**
**မဖြစ်ရလေအောင်**

ကြုံတောင့်ကြုံခဲ စျေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုပွဲတော်ကြီးကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၉ ရက် (၂-၇-၂၀၁၇) တနင်္ဂနွေနေ့တွင် မြန်မာပြည်အရပ်ရပ်ရှိ ပင်သံဃာတော်အပါး ၁၀၀၀ ကျော်တို့ ပင့်ဆောင်ပြီး တစ်ပါးလျှင် (၁၀၀၀၀ဝ/-)ကျပ်တစ်သိန်း တန်ဖိုးရှိပစ္စည်းများ၊ ကျမ်းစာအုပ်၊ သင်္ကန်း၊ လက်ဆွဲအိတ်၊ နဝကမ္မစသည်များ လှူဒါန်းပါမည်။ လှူဒါန်းကြရန် နှိုးဆော်ပါသည်။

ထို့ပြင် စိန်ရတုဓမ္မသဘင် အကြိုအဖြစ် နိုင်ငံကျော်ဓမ္မကထိကဆရာတော်ကြီးများက လေးညတိုင်တိုင် တရားဒေသနာများ ဟောကြားကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မှီငြမ်း။ ။ အဘိဓဇမဟာရဋ္ဌဂုရု ပွဲတော်အထိမ်းအမှတ် သမိုင်းမော်ကွန်းစာစောင်။**

# မြန်မာအင်ဂျင်နီယာဘွဲ့ရ လူငယ်များအား ဂျပန်အလုပ်အကိုင်ခေါ်ယူ

**ရန်ကုန် ဇွန် ၂၄**

အင်ဂျင်နီယာဘွဲ့ရပြီး ဂျပန်စကားအတန်အသင့်တတ်ကျွမ်းသော မြန်မာလူငယ်အင်ဂျင်နီယာများအား ဂျပန်နိုင်ငံအခြေစိုက်ကုမ္ပဏီများက တိုက်ရိုက်အလုပ်အကိုင်ခေါ်ယူနိုင်ရန်အတွက် အလုပ်အကိုင်ပြပွဲတစ်ရပ်ကို ဇွန် ၂၃ ရက် နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ကျင်းပသည်။

"ကျွန်တော်တို့ ဂျပန်-မြန်မာအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအသင်း (AJMMC)အနေနဲ့ မြန်မာလူငယ်အင်ဂျင်နီယာများကို ဂျပန်နိုင်ငံမှာရှိတဲ့ ကုမ္ပဏီကြီးတွေမှာ အလုပ်အကိုင်ကောင်းတွေ ရရှိနိုင်ဖို့အတွက် ဂျပန်နိုင်ငံက ကုမ္ပဏီတွေနဲ့ မြန်မာနိုင်ငံက လူငယ်အင်ဂျင်နီယာတွေကို တိုက်ရိုက်ထိတွေ့ အလုပ်အကိုင်ခန့်ထားနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး မစ္စတာရှီဂဲရုအိုရာမက ပြောသည်။

အဆိုပါအလုပ်အကိုင်ပြပွဲတွင် အင်ဂျင်နီယာဘွဲ့ရပြီး ဂျပန်စကားနားလည်သော မြန်မာလူငယ်များအား ဂျပန်နိုင်ငံအခြေစိုက် ကုမ္ပဏီရှစ်ခုက အလုပ်အကိုင်များခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအသင်းကြီးက ယခင်ကလည်းအလုပ်အကိုင်ပြပွဲများ ပြုလုပ်၍ မြန်မာလူငယ်အင်ဂျင်နီယာများအား လေယာဉ်စရိတ်နှင့် သင်တန်းကြေးအခမဲ့ဖြင့် ဂျပန်နိုင်ငံသို့ပို့ဆောင်ပေးခဲ့ရာ ယခုအခါ ၁၀၄ ဦးအထိရှိသွားပြီဖြစ်ကြောင်း၊ လာမည့်လများတွင်လည်း ဂျပန်ကုမ္ပဏီကြီးများ မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ကာ မြန်မာလူငယ်များ အလုပ်အကိုင်ရရှိရေး အလုပ်အကိုင်ပြပွဲကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မစ္စတာအိုရာမကပြောသည်။

"မြန်မာနိုင်ငံမှာက အခုအချိန်မှာ အခြေခံအဆောက်အအုံတွေ ဆောက်လုပ်နေဆဲအချိန်ဖြစ်ပါတယ်။ မြန်မာလူငယ်တွေကို နည်းပညာလွှဲပြောင်းပေးလိုက်တဲ့အတွက် ဂျပန်နိုင်ငံကို ခေါ်ယူသင်ကြားပေးရတာဖြစ်ပါတယ်"ဟု နှစ်ပေါင်း ၆၀ ကျော်ကြာ အောင်မြင်နေသော ကွန်ကရစ်တုံးမိုထုတ်လုပ်ရေးစက်များ ထုတ်လုပ်ပေးနေသည့် TOYOTA FORMS မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ မီနိုရုတိုယိုဒါက ပြောသည်။

"မြန်မာနိုင်ငံက ဆန်စပါးနဲ့ အသီးအနှံတွေ ထွက်ရှိတဲ့ နိုင်ငံပါ။ ဒီလို လယ်ယာထွက်ကုန်တွေကို ပြည်ပသို့ ကုန်ကြမ်းအနေနဲ့ တင်ပို့နေတဲ့အတွက် အကျိုးအမြတ် နည်းပါတယ်။ ဒီအတွက် မြန်မာလူငယ်အင်ဂျင်နီယာတွေကို အရည်အသွေးကောင်းမွန်ပြီး တာရှည်ခံစားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက် ဂျပန်နိုင်ငံမှာ အလုပ်အကိုင်ခေါ်ယူရတာဖြစ်ပါတယ်"ဟု စားသောက်ကုန် သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး စားသောက်ကုန်နည်းပညာများ ဖြန့်ဝေပေးနေသော TAKESHO FOOD ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ တိုရှီနောတာနာကာက ပြောသည်။

လာမည့် ဇူလိုင်နှင့်ဩဂုတ်လများတွင်လည်း ဂျပန်-မြန်မာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအသင်းကြီးက ဂျပန်ကုမ္ပဏီများကို မြန်မာနိုင်ငံသို့ ဖိတ်ကြားပြီး အလုပ်အကိုင်ပြပွဲကျင်းပကာ မြန်မာလူငယ်များ အလုပ်အကိုင်ခန့်ထားရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်၌ ဇွန် ၂၂ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အထက်လေသာကျောင်းတိုက်၏ အုတ်တံတိုင်း ခုနစ်ခန်း( ပေ ၆၀ခန့်) ပြိုကျပျက်စီးပြီး တယ်လီဖုန်းတိုင်အောက်ခြေ ကျိုးပဲ့ပျက်စီးမှုကို တိုင်အသစ်အစားထိုးစိုက်ထူရာ သိမ်ဆိပ်အော်တိုအိတ်ချိန်းမှ ဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပြည်သူများက ဝိုင်းဝန်း ကူညီဆောင်ရွက်စဉ်

ခွန်(ဝင်းပ)

# တရုတ်နိုင်ငံစီချွမ်ပြည်နယ်တွင် ကြီးမားသောမြေပြိုမှုဖြစ်ပွားခဲ့သည့်ကြားမှ သုံးဦးကိုကယ်တင်နိုင်

**ချန်ဒူး ဇွန် ၂၄**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ဘက် ကျေးရွာတစ်ရွာတွင် ဇွန် ၂၄ ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် ၁၄၁ဦးထက်မနည်းပျောက်ဆုံးလျက်ရှိပြီး နာရီအနည်းငယ်ကြာပြီးနောက် မိသားစုတစ်စုမှ အသက်ရှင်သူသုံးဦးအား ကျောက်ပုံများနှင့် ရွှံ့နွံများထဲမှ ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ခက်ခက်ခဲခဲကယ်ဆယ်ခဲ့သူ သုံးဦးကို မောက်ရှန်နယ်မြေ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်းသိရသည်။ အဆိုပါ မိသားစုအတွင်းမှ ကလေးငယ်တစ်ဦးမှာ အပျက်အစီးများကြား ဆက်လက်နစ်မြုပ်ပျောက်ဆုံးလျက်ရှိကြောင်းသိရသည်။

မြေပြိုမှုကြောင့် နေအိမ် ၄၆၄လုံး ထက်မနည်းနစ်မြုပ်ခဲ့ကြောင်း သိရသည်။ တိဗက်ဒေသရှိ တောင်တစ်လုံး၏ ထိပ်ဆုံးပိုင်းမှ ပြိုကျခဲ့ခြင်းဖြစ်ပြီး ထိုသို့ ပြိုကျခဲ့ခြင်းကြောင့် ချန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရှိချင်းမိုကျေးရွာမှာ မြေကြီးထဲနစ်မြုပ်သွားခဲ့သလို အဆိုပါ ဒေသရှိ မြစ်တစ်စင်းမှာလည်း နှစ်ကီလိုမီတာခန့် ပိတ်ဆို့သွားခဲ့ကြောင်း သိရသည်။ ထို့အပြင် လမ်းများမှာလည်း မြေများ ၁၆၀၀ မီတာခန့် ဖုံးလွှမ်းနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသကို သဘာဝဘေးခံရသည့် အမြင့်ဆုံးအဖြစ်သတ်မှတ်ထားပြီး ကယ်ဆယ်ရေးသမားသုံးရာကျော်နှင့် အသက်ကယ်ကိရိယာများဖြင့် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြောင်း စီချွမ်ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ မြေပြိုမှုဖြစ်ပွားခဲ့သည့် ချန်ဒူးပြည်နယ်မြို့တော်နှင့် ချိတ်ဆက်ထားသည့် အဝေးပြေးလမ်း မနှင့် လမ်းများတစ်လျှောက် ကီလိုမီတာ ၄၀၀ ကျော်အကွာအဝေးအထိ ကယ်ဆယ်ရေးနှင့် ရှာဖွေမှုများဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။



မြေပြိုမှုကြောင့် ချင်းမိုကျေးရွာရှိ လျှပ်စစ်ဓာတ်အားပေးစနစ်မှာ ပြတ်တောက်လျက်ရှိကြောင်း၊ သဘာဝဘေးဖြစ်ပွားရာနေရာများသို့အရေးပေါ် ကယ်ဆယ်ရေးနှင့် ထောက်ပံ့မှုများပေးပို့ထားကြောင်း သိရသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်အတွက် ရန်ပုံငွေယွမ်ငါးသန်းသုံးစွဲခွင့် ပြုထားကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**



# မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးကြိုးပမ်းမှု တရုတ်နှင့် အမေရိကန်သဘောတူ

**ဝါရှင်တန် ဇွန် ၂၄**

မြောက်ကိုရီးယားနျူကလီးယား ကင်းစင်ရေးကြိုးပမ်းမှုအတွက် တရုတ်နှင့် အမေရိကန်တို့ သဘောတူခဲ့ရာ ယင်းသဘောတူညီမှုသည် ယခုအခါ ပြီးဆုံးသင့်ပြီဖြစ်သလို မပြောင်းလဲဘဲ ခိုင်မာမှုရှိသင့်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ဇွန် ၂၄ ရက်တွင် ပြောခဲ့သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံလုံးက မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးအတွက် ကြိုးစားနေကြကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ထုတ်ပြန်ကြေညာလိုက်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်၊ တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တရုတ်ကာကွယ်ရေး အကြီးအကဲများတွေ့ဆုံပွဲတွင် မြောက်ကိုရီးယားအား စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံကို ဖိအားများပေးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် တရုတ်ထိပ်တန်းသံတမန်ရန်ဂျီချီနှင့် ဗိုလ်ချုပ်ဖမ်ဖမ်ဟွာတို့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်နှင့် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တက်စ်တို့နှင့် တွေ့ဆုံခဲ့သည်။ ရန်သည်နောက်ပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်အိမ်ဖြူ တော်တွင် တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအရေးကိစ္စ ဆွေးနွေးခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးကြိုးပမ်းမှု အတွက်တရုတ်နှင့် အမေရိကန်တို့ သဘောတူညီမှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို အပြည့်အဝ မီးမောင်းထိုးပြနေသလို ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုများအတွက်လည်း လမ်းခင်းပေးနေကြောင်းသိရသည်။ ထို့အပြင် အဆိုပါ အရေးကိစ္စအပေါ် တရုတ်နိုင်ငံ အနေဖြင့် အချိန်ကြာမြင့်စွာ ပါဝင်လျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားကိစ္စ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံကြား စစ်ရေးဆိုင်ရာ အမြင်ချင်းဖလှယ်မှုကိုလည်း မြှင့်တင်သင့်သလို မှားယွင်းစွာဆုံးဖြတ်မှုများ မဖြစ်ပေါ်စေရန် သတိထားလုပ်ကိုင်ရမည်ဖြစ်ကြောင်း အဆိုပါသဘောတူညီမှုတွင် ဆက်လက်ဖော်ပြထားသည်။

**(ရိုက်တာ)**

## အီရတ်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ၁၀ ဦးထက်မနည်းသေဆုံး

**တီကရစ် ဇွန် ၂၄**

အီရတ်မြောက်ပိုင်းကာကွတ်ပြည်နယ်တွင် ဇွန် ၂၄ ရက်က အိုင်အက်စ်အကြမ်းဖက်သမားများ မြို့ကိုစီးနင်းတိုက်ခိုက်သောကြောင့် ထွက်ပြေးတိမ်းရှောင်လာသောဒေသခံများသည် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ၁၀ ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရင်းမြစ်တွင်ဖော်ပြသည်။

ကာကွတ်ပြည်နယ်အနောက်တောင်ပိုင်းဟာဝီဂျာမြို့ကို အိုင်အက်စ်အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်းခဲ့သောကြောင့် ဒေသခံများမှာ တီကရစ်အရှေ့ဘက် ကီလိုမီတာ ၅၀အကွာရှိ တောင်ကုန်းထူထပ်သော ဟင်ရင်းမ်ဒေသကို ထွက်ပြေးတိမ်းရှောင်စဉ်ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုကြောင့် အများစုမှာသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တွင်ဆက်လက်ဖော်ပြသည်။

အဆိုပါဒေသတွင် နေထိုင်သူများကို လူသားဒိုင်းများအဖြစ် အသုံးပြုနိုင်ရန် အိုင်အက်စ်အကြမ်းဖက်သမားများက နေရပ်စွန့်ခွာထွက်ပြေးမှုမှ တားဆီးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဘင်္ဂလားဒေ့ရှ်တွင် အစ်ပွဲဆင်နွှဲရန် ပြန်လာသူများကားမှောက်

**ဒါကာ ဇွန် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမှ ၃၀၄ကီလိုမီတာအကွာရှိ ရန်ပါးရ်ခရိုင်တွင် ဇွန် ၂၄ ရက်က ခရီးသည်ဝန်ပိုတင်ဆောင်လာသော ကားတစ်စီးတိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ ၁၆ဦးသေဆုံးခဲ့ပြီး ရှစ်ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကားမှောက်မှုတွင် ပါဝင်သူများမှာ အစ်ပွဲတော်ဆင်နွှဲရန် မြို့တော်ဒါကာမှ ၎င်းတို့ အိမ်သို့ပြန်လာကြသူများဖြစ်ကြောင်း၊ အများစုမှ နေရပ်ခွာ နေ့စားအလုပ်သမားများဖြစ်ကြောင်း သိရသည်။ ထရပ်ကားမောင်းသူမှာ ၎င်းကိုယ်တိုင်မမောင်းဘဲ အကူအားမောင်းခိုင်းသည့်အတွက် ကားမှောက်ခြင်းဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦး ကဆိုသည်။ **(ဆင်ဟွာ)**

# အရီဇိုးနားတောမီး စိုးရိမ်ရသောအခြေအနေကြောင့် အရေးပေါ်အဆင့်ကြေညာ

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်နိုင်ငံ အရီဇိုးနားတွင် လောင်ကျွမ်းခဲ့သောတောမီးမှာ စိုးရိမ်ရသော အခြေအနေရောက်ရှိလာခဲ့သောကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဒေါက်ဂျ်ဒူဆေးက မကြာသေးမီက အရေးပေါ်အဆင့်ကြေညာလိုက်ကြောင်း သိရသည်။

တောမီးကြောင့် အကယ်၍လိုအပ်လာပါက ထောက်ပံ့မှုများလုပ်ဆောင်ပေးရန် အရီဇိုးနားပြည်နယ် သစ်တောနှင့် မီးသတ်စီမံခန့်ခွဲမှုဌာနက ပြည်နယ်အရေးပေါ်ကောင်စီထံ တင်ပြထားကြောင်း သိရသည်။

ထို့ပြင် လာမည့်နှစ်ဘဏ္ဍာနှစ် ထပ်မံပေးအပ်မည့်ဖြည့်စွက်ရန်ပုံငွေ မရမီ အရေးပေါ်ကာလအထိ သတ်မှတ်ထားမည်ဖြစ်ကြောင်း ဒူဆေးက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အဆိုပါမီးလောင်မှုအတွက် အရေးပေါ်ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ နှစ်သိန်းသုံးစွဲရန် တရားဝင်ခွင့်ပြုထားကြောင်း သိရသည်။

အရီဇိုးနားပြည်နယ်တွင် လွန်ခဲ့သော ဧပြီလမှစ၍ တောမီးလောင်ကျွမ်းမှု ၁၂ ကြိမ်နှင့်အထက် ဖြစ်ပွားခဲ့ကြောင်း သိရ သည်။

အမေရိကန်ပြည်နယ် အရီဇိုးနားပြည်နယ်တွင် တောမီးလောင်ကျွမ်းခဲ့သည့်နည်းတူ လော့စ်အိန်ဂျလိစ်မှ ၆၄၀ ကီလိုမီတာကွာဝေးသည့် ဖလက်ဂျ်စတက်ဖ်မြို့ရှိ ဆန်ဖရန်စစ္စကို တောင်ထိပ်၌လည်း တောမီးများ တွေ့ရသောကြောင့် ဒေသခံများကို အပြင်မထွက်ရန်၊ အထူးသဖြင့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသူများ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို အပြင်မထွက်ရန် ဒေသဆိုင်ရာကျန်းမာရေးဌာနက အရေးပေါ်အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ယခုနှစ်တွင် စာမေးပွဲအောင်စာရင်းကို အွန်လိုင်းမှကြည့်ခြင်းက ယခင်နှစ်များထက် ပိုအဆင်ပြေ

**ရန်ကုန် ဇွန် ၂၄**
ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ကျောင်းများတွင်ကပ်ထားသည်နှင့်တစ်ပြေးညီ အွန်လိုင်းမှလည်း ထုတ်ပြန်ပေးနေရာတွင် ယခုနှစ် အောင်စာရင်းထုတ်ပြန်ပေးမှုသည် ယခင်နှစ်များကဲ့သို့ ခုံနံပါတ်ရိုက်ထည့် ရှာဖွေရခြင်းမျိုးမဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များခွဲ၍ PDF ဖိုင်များဖြင့် ထုတ်ပြန်ပေးခြင်းဖြစ်သဖြင့် ကြည့်ရှုသူများအတွက် ပိုမိုအဆင်ပြေခဲ့ကြောင်း သိရသည်။


"ဒီနှစ်မှာ အောင်စာရင်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်၊ နေပြည်တော်နဲ့ နိုင်ငံခြားလို့ ဌာန ၁၆ ခု ခွဲထားပြီး ကိုယ့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ကိုနှိပ်ပြီး အဲဒီကမှ မြို့နယ်အလိုက် အောင်စာရင်းတွေကို PDF ဖိုင်နဲ့ ပြထားပေးသလို ဖိုင်ကိုလည်း ဒေါင်းလုတ်ဆွဲယူလို့ရအောင် လုပ်ထားပေးတာ တွေ့ရတယ်။ အရင်နှစ်ကဆိုရင် ကြည့်တဲ့သူက မြို့နယ်တွေ စာစစ်ဌာနတွေ ခုံနံပါတ်တွေကို ရိုက်ထည့်ပြီးတော့ ရှာရတာဆိုတော့ မြန်မာလိုမြို့နယ်ကို အင်္ဂလိပ်လို ရိုက်တဲ့အခါ၊ ဒါမှမဟုတ် ယူနီကုတ်နဲ့ ရိုက်တဲ့အခါ အဆင်မပြေဖြစ်ပြီး တော်တော်နဲ့ ရှာမတွေ့တာတွေ ကြုံရတယ်။ အခုနှစ် ကြေညာပေးပုံကတော့ အဲလို ရိုက်ထည့်ရတာတွေမရှိဘဲ ကိုယ်လိုတာကို အဆင့်ဆင့် ရွေးသွားရုံပဲဆိုတော့ ပိုတိကျတာပေ့ါ။ ကြည့်တဲ့သူအဖို့ အများကြီးအဆင်ပြေတယ်"ဟု လမ်းမတော်မြို့နယ်နေ တက္ကသိုလ်ဝင်တန်း ဆရာမတစ်ဦးက ပြောသည်။

အောင်စာရင်းကို ယခင်နှစ်က ကြေညာပေးရာတွင် ပညာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် http://www.moe.gov.mm/ တစ်ခုတည်းမှသာ ကြေညာပေးသော်လည်း ယခုနှစ်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ဝက်ဘ်ဆိုက် http://www.myanmarexam.org/ မှလည်း ကြေညာပေးခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် အောင်စာရင်းကို မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ ကြည့်ရှုနိုင်ရန်အတွက် မိုဘိုင်းအပလီကေးရှင်းကိုလည်း ထုတ်လုပ်ပေးထားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်စာရင်းသာမက ယခုနှစ်တွင် ထူးခြားချက်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်ချက်ရာခိုင်နှုန်းများကိုပါ ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားပြီး ယခုနှစ် အောင်ချက်ရာခိုင်နှုန်းသာမက ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အထိ အောင်ချက်ရာခိုင်နှုန်းများကိုပါ နှိုင်းယှဉ်ကြည့်ရှုနိုင်ရန် ဖော်ပြထားသည်။

ထို့အပြင် Top Ten စာရင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံတွဲ Top Ten စာရင်း၊ ဝိဇ္ဇာတွဲ Top Ten စာရင်းနှင့် ဝိပ္ပံတွဲ Top Ten စာရင်းတို့ကိုလည်း ကဏ္ဍများခွဲ၍ ဖော်ပြထားရာ ကြည့်ရှုသူများအတွက် များစွာ အဆင်ပြေစေခဲ့ကြောင်း သိရသည်။

**သူရဖြိုး**




## ကော်ဖီအထွက်နှုန်းတိုးရေး စိုက်ပျိုးသူများနှင့် တွေ့ဆုံဆွေးနွေး

**လိပ်သို ဇွန် ၂၄**
ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်းမှ ကော်ဖီစိုက်ပျိုးသူများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းသောကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပညာရှင်များက ဒေသခံကော်ဖီစိုက်ပျိုးသူများအား ဇွန်လ တတိယပတ်အတွင်းက တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမြဲတမ်းအတွင်းဝန်သည် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စိုက်/စီ) ဦးကျော်ဆွေလင်း၊ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ (ကော်ဖီ/ရာသီ)နှင့် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့နှင့်အတူ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(လိပ်သို၊ ကျောက်တိုင်ခြံခွဲ)၊ သာမိုးတောင်ကျေးရွာရှိ တောင်သူပညာပေးရှေ့တန်းစခန်းနှင့် ပျားစခန်းကျေးရွာ စိုက်ပျိုးပညာပေးစခန်းများသို့ သွားရောက်ပြီး ဒေသခံ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ အသင်းသားများ၊ ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ကော်ဖီအရည်အသွေးကောင်းပြီး အထွက်နှုန်းတိုးရေး၊ ကော်ဖီသုတေသနဌာန ဖွင့်လှစ်နိုင်ရေး၊ သံတောင်ကြီးဒေသ၏ ရာသီဥတုနှင့်ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းနိုင်သော Agro Forest စိုက်ခင်းများ တည်ထောင်ပြီး Asean Organic Region တည်ထောင်နိုင်ရေး၊ ပြည်တွင်းပြည်ပ ကော်ဖီဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရေး၊ ထုတ်ကုန်များရောင်းချရာတွင် ဈေးနှုန်းမှန်ကန်ပြီး ဈေးကောင်းရရှိရေး စသည်တို့ကို ဒေသခံ ကော်ဖီစိုက်ပျိုးသူများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## တစ်အိမ်ထောင်လျှင် ကျွန်းပျိုးပင်သုံးပင် အခမဲ့ဖြန့်ဝေပေး



**မိတ္ထီလာ ဇွန် ၂၄**
မိတ္ထီလာမြို့တွင် ဒေသခံပြည်သူများ သစ်တောသစ်ပင်များကို ချစ်ခင်တတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတတ်စေရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်သာယာ(မ)ရပ်ကွက်အတွင်းနေ ပြည်သူများ နေအိမ်တွင် စိုက်ပျိုးရန်အတွက် တစ်အိမ်ထောင်လျှင် ကျွန်းပျိုးပင်သုံးပင်စီကို မြို့နယ်သစ်တောဦးစီးဌာနက ဇွန် ၂၃ ရက်က လိုက်လံဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ပြည်သာယာ(မ)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၀ သို့ တစ်အိမ်ထောင်လျှင် ကျွန်းပျိုးပင်သုံးပင်စီကို ကိုယ်ပိုင်စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်အောင်ထွန်းနိုင်နှင့် ဝန်ထမ်းများက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ နေအိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ကျွန်းပျိုးပင် ၄၅၀ အပြင် လျှော်ဖြူပင် ၅၀ ကိုလည်း အိမ်ထောင်စုအချို့ထံ ဖြန့်ဝေပေးခဲ့ပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စုများထံသို့ လည်း သစ်ပင်ပျိုးပင်များ ဆက်လက်၍ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် မိတ္ထီလာမြို့၌ မြို့နယ်သစ်တောဦးစီးဌာန၏ ဖြန့်ဝေပေးမှုဖြင့် ကျွန်းပင်များကို ရပ်ကွက်များမှ အိမ်ထောင်စုများ၊ ဌာနဆိုင်ရာပိုင်မြေများနှင့် ကျေးရွာအချို့တွင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပန်းခြံအတွင်း၌ ပြည်သူများအတွက် ကျန်းမာရေးလေ့ကျင့်ပစ္စည်းများ တပ်ဆင်ပြီးစီး

**မြောင် ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ထီးလှိုင်ရှင် ပန်းခြံအတွင်း၌ ပြည်သူများအတွက် ကျန်းမာရေးလေ့ကျင့်ပစ္စည်းများနှင့် အားကစားပစ္စည်းများ တပ်ဆင်ခဲ့ရာ လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ဘိုက ကော်မတီအနေဖြင့် မြို့သန့်ရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေပြီး ယခု ပြည်သူများ ကျန်းမာရေးလေ့ကျင့်ရန်အတွက် ပန်းခြံအတွင်း အားကစားပစ္စည်းများ တပ်ဆင်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အားကစားပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပန်းခြံအတွင်းရှိ အားကစားပစ္စည်း များကို ဒေသခံပြည်သူများအနေဖြင့် အခမဲ့ လာရောက်အသုံးပြု လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# Miss Earth Myanmar 2017 အလှမယ်ပြိုင်ပွဲကျင်းပ အလှမယ်သရဖူ တင်စန္ဒာမျိုး ဆွတ်ခူး

**ရန်ကုန် ဇွန် ၂၄**
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အဓိကရည်ရွယ်ကျင်းပသော Miss Earth Myanmar 2017 အလှမယ် ရွေးချယ်ပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်မြို့မ ကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ အလှမယ်သရဖူ Winner ဆုကို ခါးနံပါတ် (၁၁)အလှမယ် တင်စန္ဒာမျိုးက ဆွတ်ခူးရရှိသွားသည်။

ယနေ့ကျင်းပသောMiss Earth Myanmar 2017 ပြိုင်ပွဲတွင် အလှမယ်သရဖူဆုရရှိသူ ခါးနံပါတ် (၁၁) အလှမယ်တင်စန္ဒာမျိုးက "ကျွန်မ ဒီဆုရတဲ့အတွက် အလွန်ပဲဝမ်းသာမဆုံးဖြစ်မိပါတယ်။ ကြိုးစားရကျိုးလည်း နပ်ပါတယ်။ တာဝန်ယူထမ်းဆောင်ခွင့်ရတဲ့အတွက်လည်း Organization နဲ့အတူ ဒီတာဝန်ကို ကျေပွန်စွာပဲ နိုင်ငံအတွက်တာဝန်ကျေကျေ ထမ်းဆောင်သွားပါ့မယ်လို့ ပြောချင်ပါတယ်။ ဒီဆုကို ယုံယုံကြည်ကြည်အပ်နှင်းပေးတဲ့ Organization ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်"ဟုပြောကြားသည်။

ယနေ့ကျင်းပသောMiss Earth Myanmar 2017 အလှမယ်ပြိုင်ပွဲတွင် Winner သရဖူဆုအပြင် အခြား Title ဆုများဖြစ်သည့် Miss Myanmar Air ဆုကို ခါးနံပါတ် (၁၄) ဇူဇန်ရှိုင်း၊ Miss Myanmar Water ဆုကို ခါးနံပါတ်(၇) စုဝတ်ရည်၊ Miss Myanmar Fire ဆုကို ခါးနံပါတ် (၆) ယဉ်ယဉ်ထက်၊ Miss Myanmar Eco-tourism ဆုကို ခါးနံပါတ် (၁၁) နှင်းဝေဝေနွယ်၊ Miss Myanmar Teen ဆုကို ခါးနံပါတ် (၄) ယုကီစံ တို့က အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ မြှင့်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်သော Miss Earth ပြိုင်ပွဲသည် ယခုနှစ်တွင် (၁၇) ကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ပြီး ယခုနိုင်ငံကိုယ်စားပြုရွေးချယ်ခံရသော အလှမယ်သည် လာမည့်နိုဝင်ဘာ ၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် Miss Earth ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

**မင်းခေတ်**




သရဖူရရှိသူ တင်စန္ဒာမျိုးနှင့်အတူ အလှမယ်များကိုတွေ့ရစဉ် ဓာတ်ပုံ- မိုးမခ

# ပန်းတောင်းတွင် ရေတိုက်စားပြီး ကမ်းပါးများပြိုမှုကြောင့် နေအိမ်များ အရေးပေါ်ပြောင်းရွှေ့နေရ

**ပန်းတောင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် မြစ်ရေ၊ ချောင်းရေများတိုက်စားကာ ကမ်းပါးပြိုကျမှု ဖြစ်ပေါ်နေသည့်အတွက် ယင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့ နေအိမ်များ အရေးပေါ်ပြောင်းရွှေ့မှု ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုမှာ ဧရာဝတီမြစ်၊ ဗူးရိုးချောင်း၊ သနီချောင်း၊ သူရဲတန်းချောင်း စသည့်မြစ်ချောင်းများမှ ရေတိုက်စားမှုများဖြစ်ပေါ်ကာ ကမ်းပါးများ ပြိုကျနေသည့်အတွက် ပန်းတောင်းမြို့နယ်အတွင်းရှိ ကျွန်းမီးကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ အထက်ဝဲကြီးကျေးရွာ၊ ဇရပ်လှကျေးရွာများမှ နေအိမ် အလုံး ၃၀ ခန့်အား ဇွန် ၂၂ ရက်နှင့် ၂၃ ရက်က ပြောင်းရွှေ့မှုများ ပြုလုပ်နေရပြီး အဆိုပါ ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များအပြင် စိုက်ပျိုးမြေများပါ ရေတိုက်စားခံရသည့်အတွက် အခက်ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောသည်။



လက်ရှိကြုံတွေ့နေသည့် အခြေအနေနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပန်းတောင်းမြို့နယ်တွင် ကျေးရွာပေါင်း ၂၀၈ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၁၀၀ မှာ မြစ်ဘေးနှင့် ချောင်းဘေးများတွင်ရှိသည့် ရွာများဖြစ်သည့်အတွက် ရေတိုက်စားမှုနှင့် ကမ်းပါးပြိုကျမှုများကြောင့် အိမ်များရွှေ့ပြောင်းရခြင်းများကို နှစ်စဉ်လိုလို ကြုံတွေ့နေရကြောင်း၊ ရခိုင်ရိုးမဆီမှ စတင်စီးဆင်းလာသည့် ချောင်းများဖြစ်ပြီး မြစ်ရေကြီးမှုများနှင့် တောင်ကျချောင်းရေများ ရုတ်တရက် ကြီးမြင့်မှုတို့ကြောင့် ကျေးရွာများ ရေနစ်မြုပ်ခြင်း၊ လူနေအိမ်နှင့် ကျွဲ/နွားများ ချောင်းအတွင်းသို့ မျောပါခြင်း၊ ကမ်းပါးပြိုမှုကြောင့် နေအိမ်များ ဖျက်သိမ်းကာ ပြောင်းရွှေ့ရခြင်းများ မိုးရာသီရောက်တိုင်း ကြုံတွေ့ရလေ့ရှိသဖြင့် သက်ဆိုင်ရာဌာနများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများကပြောသည်။

**ကိုလွင်(ဆွာ)**

# လေပြင်းတိုက်ခတ်မှုကြောင့် အိုးအိမ်ပျက်စီးသည့် အိမ်ထောင်စုသို့ ကယ်ဆယ်ရေးပစ္စည်းပေးအပ်

**ကော့သောင်း ဇွန် ၂၄**

ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဇွန် ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကော့သောင်းမြို့နယ် ချန်းဖန်းကျေးရွာအုပ်စု အောင်ဘိုင်ကျေးရွာမှ အိုးအိမ်ပျက်စီးသည့်အိမ်ထောင်စုသို့ ဇွန် ၂၃ ရက် နံနက်ပိုင်းက ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါနေ့ ညနေပိုင်းက ကော့သောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ချန်းဖန်းကျေးရွာအုပ်စု အောင်ဘိုင်ကျေးရွာမှ ဒေသခံအိမ်တစ်အိမ် အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်ရာ သဘာဝဘေးအန္တရာယ်ဒဏ်ခံခဲ့ရသည့် မိသားစုများသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ သွားရောက်ကာ အပျက်အစီးများအား ကူညီရှင်းလင်းပေးခြင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးအား ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ဧရာဝတီမြစ်ရေတိုးမှုအား ကျေးရွာများသို့ လိုက်လံအသိပေး

**ကသာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဧရာဝတီမြစ်ရေသည် ကသာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာရှိပြီး ယနေ့နံနက် ၁၂ နာရီ တိုင်းထွာချက်အရ ၈၇၉ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေယာဉ်ကြီးကြပ်မှုကော်မတီ ပူးပေါင်းအဖွဲ့တို့သည် ကသာမြို့နယ်အတွင်း မြစ်ရေတိုးမှုကြောင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ဒုံးအော့ကျေးရွာ(ရွာသစ်)၊ ဒုံးအော့ကျေးရွာ(ရွာဟောင်း)၊ ရှမ်းကျွန်းကျေးရွာ၊ ပုလွေရွှေကျေးရွာများသို့ သွားရောက်ကာ ဧရာဝတီမြစ်ရေ ယခုထက် ပိုမိုတိုးလာပါက ပစ္စည်းများ ပြောင်းရွှေ့နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရွာသူ ရွာသားများ သတိပြုနေထိုင်ကြရန်အတွက် ဇွန် ၂၄ ရက်က လိုက်လံအသိပေးနှိုးဆော်ကာ ရေဘေးအန္တရာယ် ပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



ထို့ပြင် ရေဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ဆက်သွယ်နိုင်သော တယ်လီဖုန်းနံပါတ်များကိုလည်း ကျေးရွာများသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

**သာကျော်**

# ပြိုပျက်နေသောလမ်းများ ပြုပြင်ဆောင်ရွက်

**လေရှီး ဇွန် ၂၄**

နာဂဒေသ လေရှီးမြို့တွင် မိုးကြီးပြီး ပြိုပျက်တိုက်စား၍ မြို့တွင်းလမ်း၊ တံတားများ ပျက်စီးမှုအများအပြားရှိခဲ့သည်။ ယင်း လမ်း၊ တံတားများကို လေရှီးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးဌာနက ဇွန်လတတိယပတ်က ပြန်လည်ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်နေသည်။ **(အောက်ပုံ)**

မိုးတွင်းကာလဖြစ်၍ မိုးရေချိန်များသော တောင်တန်းဒေသတွင် မိုးရွာသွန်းမှုကြောင့် မြို့တွင်းလမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများတွင် အခက်အခဲများစွာရှိသော်လည်း ဒေသခံများ သွားလာမှုအဆင်ပြေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက လုပ်ဆောင်နေကြကြောင်း သိရသည်။ **(ပြန်/ဆက်)**




## မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

(မိုး/ဇလ)

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးနှင့် ကျောက်ဖြတ်စများဖမ်းမိ




သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများနှင့် ကျောက်ဖြတ်စများ

**နေပြည်တော် ဇွန် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၂၀၊ သွင်းကုန် ၅၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၁၉၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀ ဒသမ ၇၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၁ ဒသမ ၄၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၃ ရက်က မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Ford Ranger နှင့် Mazda ယာဉ်တို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများနှင့် ကျောက်ဖြတ်စများ ၁၇၅၄ ဂရမ်နှင့်သယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀ ဒသမ ၇၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ငွေနှင့် လက်ဝတ်ရတနာပစ္စည်း ငွေကျပ် ၁၉ သိန်းကျော်ဖိုး ခိုးယူသွားသူအား ရက်ပိုင်းအတွင်း ဖမ်းဆီးရမိ

**ရေတာရှည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာတွင် လက်သမားလုပ်ရင်း တည်းခိုနေထိုင်သည့် အိမ်ပေါ်မှ ငွေ၊ လက်ဝတ်ရတနာနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်း ငွေကျပ် ၁၉ သိန်းကျော်ဖိုး ခိုးယူသွားသူအား ရဲတပ်ဖွဲ့အချင်းချင်း ချိတ်ဆက်၍ ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ပစ္စည်းခိုးယူသွားသူအား မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး



ဇွန် ၂၂ ရက် ညပိုင်းက ဆွာနယ်မြေရဲစခန်းသို့ ခေါ်ဆောင်လာနိုင်ခဲ့သည်။

အမှုမှာ ဇွန် ၂၀ ရက် နံနက်ပိုင်းက သိုင်းဝကျေးရွာနေ ဦးကျော်ငြိမ်းသည် လက်ဝတ်ရတနာများ ထည့်ထားသည့်အိတ်ကို ခေါင်းရင်း၌ထားပြီးအိပ်ရာဝင်ခဲ့ရာ အဆိုပါ အိတ်မှာ ပျောက်ဆုံးလျက်ရှိပြီး အတွင်း၌ ငွေကျပ် နှစ်သိန်းခွဲအပြင် လက်ဝတ်ရတနာများ၊ အဝတ်အထည် အသုံးအဆောင်ပစ္စည်း စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၉၁၃၀၀၀ ခန့် ပါရှိသွားပြီး ဘုန်းတော်ကြီးကျောင်းတွင် လက်သမားအလုပ်လာရောက်လုပ်ကိုင်ရင်း နေအိမ်၌တည်းခိုနေထိုင်သူ အောင်ဆန်းဦး (၃၀ နှစ်) အုန်းတောစုကျေးရွာ သာယာဝတီမြို့နေသူမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ဆွာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

စခန်းမှူး ရဲအုပ် ညီညီဌေးက ဆက်လက်စုံစမ်းခဲ့ရာ အောင်ဆန်းဦးသည် ၎င်း၏ မိဘများနေထိုင်ရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လက်ပံနွယ်ကျေးရွာသို့ ရောက်ရှိနေကြောင်း သတင်းအရ ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့အား ဆက်သွယ်အကြောင်းကြားခဲ့ရာ ပွင့်ဖြူမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ဝင်များက သွားရောက်စုံစမ်းစဉ် အောင်ဆန်းဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ အောင်ဆန်းဦးအား လွှဲပြောင်းလက်ခံရယူပြီး ဆက်လက်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံ၍ သက်သေခံပစ္စည်းများကို အပ်နှံခဲ့သဖြင့် ၎င်းအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## မှိုချက်စားရာမှ အစာအဆိပ်သင့်ပြီး တစ်ဦးသေ

**ရိခေါဒါရ် ဇွန် ၂၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဇိမ်ပီးကျေးရွာတွင် သစ်မှိုချက်စားရာမှ အစာအဆိပ်သင့်ပြီး လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ တီးတိန်မြို့နယ် ဇိမ်ပီးကျေးရွာနေ ဦးကပ်ထန်းငါ (၅၁ နှစ်)နှင့် ၎င်း၏ သားများဖြစ်သော မောင်လာလ်ဟရက်ချုံးငါ (၁၆ နှစ်)နှင့် မောင်လာလ်ချန်တလွန်းငါ (၁၂ နှစ်) တို့သည် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က သစ်မှိုချက်စားရာမှ အစာအဆိပ်သင့်ပြီး ရိခေါဒါရ်မြို့တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကာ အတွင်းလူနာအဖြစ် ဆေးကုသမှုများ ခံယူလျက်ရှိသည်။

အစာအဆိပ်သင့်သူ သုံးဦးအနက်မှ ဦးကပ်ထန်းငါနှင့် မောင်လာလ်ချန်တလွန်းငါတို့သည် ဆေးကုသမှုခံယူနေရာမှ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသော်လည်း မောင်လာလ်ဟရက်ချုံးငါမှာ သွေးဆိပ်တက်လက္ခဏာဖြင့် ဇွန် ၂၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

## သိန်းနီမြို့နယ်၌ အမျိုးသမီးတစ်ဦး ရေနစ်သေဆုံး

**သိန်းနီ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ် ကောင်းဆာကျေးရွာ မိုင်းလီချောင်းအတွင်း အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သိန်းနီမြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူး ဉာဏ်လှိုင်ဦး၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ် နေဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မခမ်းဆာ (၄၄ နှစ်)ဖြစ်ပြီး ၎င်း၏ ပြောင်းစိုက်ခင်းနှင့် ကပ်လျက် မိုင်းလီချောင်းအတွင်း ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် သိန်းနီမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်လှ (ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ မိုဘိုင်းဖုန်းဆိုင်အား ဖောက်ထွင်းနေသူများကို လှည့်ကင်းတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၄**

လှည်းကူးမြို့မရဲစခန်းမှ လှည့်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များက ဇွန် ၂၄ ရက် နံနက် ၄ နာရီခန့်တွင် ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောင်မင်္ဂလာရပ်ကွက် ရန်ကုန်-ပဲခူး လမ်းမကြီးဘေးရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်ရှေ့အရောက် ယာဉ်အမှတ် BB/---- အငှားယာဉ်တစ်စီး ရပ်ထားသည်ကို တွေ့ရှိရပြီး အမျိုးသားနှစ်ဦးက မိုဘိုင်းဖုန်းဆိုင်တံခါးများအား ဖောက်ထွင်းဖျက်ဆီးနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ရာ ဒလမြို့နယ်နေသူများဖြစ်သည့် ယာဉ်မောင်းဖြစ်သူ မင်းအောင်(၃၀ နှစ်)နှင့် ဖုန်းဆိုင်တံခါးအား ဖျက်ဆီးနေသူ နှစ်ဦးအနက် မျောက်ခေါင်း(ခ)မျိုးသန့်ဦး (၃၁ နှစ်) တို့အား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး လွတ်မြောက်သွားသူမှာ ဒလမြို့နယ်နေ လင်းလင်းဖြစ်ကြောင်းနှင့် ၎င်းတို့ထံမှ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ၁၂ လက်မခန့်ရှိ ဝက်အူလှည့်တစ်ချောင်းနှင့် ရှစ်လက်မခန့်ရှိ ဝက်အူလှည့်တစ်ချောင်း၊ အရှည် ၁၈ လက်မခန့်ရှိ ကတ်တာတစ်ချောင်း၊ အရှည် ၁၉ လက်မခန့်ရှိ အဖြားကောက် သံတူရွင်းတစ်ချောင်း၊ ဖောက်ထွင်းရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်တို့အား သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ မင်းအောင်၊ မျောက်ခေါင်း (ခ) မျိုးသန့်ဦးနှင့် လင်းလင်းတို့အား လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး အခြားခိုးမှု၊ ဖောက်ထွင်းမှုများ ကျူးလွန်ထားခြင်းရှိမရှိ စစ်ဆေးလျက်ရှိကြောင်းနှင့် လွတ်မြောက်နေသူ လင်းလင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးညှင်းမြို့နယ်၌ ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မိုးညှင်းမြို့နယ် လုံးတုံကျေးရွာအနီး ထက်ဝေအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၄၂ ကီလိုကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၉ နာရီခန့်က အင်းတော်မြို့နယ် နဘားကျေးရွာအနီးတွင် ကျော်ထွန်း မောင်းနှင်ပြီး သက်ပိုင်ဦး လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ ကျော်ထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၉၆ ပြားနှင့် ဘိန်းဖြူ ၁၁ ဒသမ ၁ ဂရမ်တို့ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ည ၉ နာရီ ၁၅ မိနစ်ခန့်က သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် အိုက်ရီ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၉၅ ပြား တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## သထုံ-ဘားအံ ကားလမ်းပေါ်တွင် ခရီးသည်တင်မှန်လုံယာဉ် လမ်းချော်တိမ်းမှောက်

**သထုံ ဇွန် ၂၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သစ် သထုံ-ဘားအံ ကားလမ်းပေါ်တွင် ဇွန် ၂၄ ရက် နံနက်က GI Group ရန်ကုန်-မြဝတီ ခရီးသည်တင်မှန်လုံယာဉ် တစ်စီး လမ်းချော်တိမ်းမှောက်ပြီး ခရီးသည်အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း ဦးကျော်တင် (၅၅ နှစ်) ဥဿာမြို့သစ် ပဲခူးမြို့နေသူ မောင်းနှင်ပြီး ခရီးသည် ၂၆ ဦး တင်ဆောင်လာသည့် ယာဉ်အမှတ် 8L/ ---, GI Group ရန်ကုန်-မြဝတီ ခရီးသည်တင်မှန်လုံယာဉ်သည် သုဝဏ္ဏဝတီမြို့သစ် သဇင်လမ်းထိပ်အနီး ရန်ကုန်-ဘားအံ ကားလမ်း မိုင်တိုင်အမှတ် (၂/၄ နှင့် ၂/၅) ကြားတွင် လမ်းချော်ပြီး လမ်းဘေးထိုးကျ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ပြင်သစ်နိုင်ငံသား Mr. Badon; Julien Daniel Robert နှင့် အမှတ်(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ နေသူများဖြစ်သည့် နော်ဆာကဖော် (၄၄ နှစ်)နှင့် မချယ်ရီ (၄၉ နှစ်) တို့မှာ (မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးကျော်တင်အား သုဝဏ္ဏဝတီမြို့သစ်ရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**သက်ဦး (သထုံ)**


### ပျောက်ဆုံးကြောင်း

ကျွန်တော်၏ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရေကြောင်းဌာနခွဲမှ ထုတ်ပေးထားသည့် ဒုတိယတန်းရေယာဉ် အုပ်လက်မှတ် အမှတ် ဆဒ-၂၅၄/၁၁ ရက်စွဲ (၁၂-၇-၂၀၁၁)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဦးတင့်နိုင်ဝင်း ဖုန်း-၀၉-၇၉၅၄၅၂၆၇၁**

### ပျောက်ဆုံးကြောင်း

ကျွန်မ၏ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ငွေကြေးကြာ၉/၁၃၉၄၁ရေယာဉ်လိုင်စင်ကြီးနှင့် သင်္ဘောသားအင်အားစာရင်း(c) ပုံစံသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်သီရိရတနာခင် ဖုန်း-၀၉-၅၁၃၃၁၅၄**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၆၁၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၉၇၄၀၆ Luojia 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေး ၁၄/ပသတ(နိုင်)၂၈၆၈၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/1411 Suzuki Carry DA 63T, P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသဇင်၁၂/ဥကတ(နိုင်)၀၇၄၃၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၂၅/၄/၅၀၇၊ (အလျားပေ ၄၀×အနံပေ ၆၀) အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက် ပါမစ်မြေကွက်ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅ရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ် (၅၀၇)မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စံညို၁၁/ရဗန(နိုင်)၀၀၈၅၆၅ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ (မြောင်းမြ)** LL.B, A.G.T.I (EP), D.B.L, D.M .L **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**

**ဦးဇေယျာထွန်း (LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**

**ဒေါ်ချယ်ရီလှိုင် (LL.B)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**

**ဦးစိုးလွင်ဦး (LL.B)** **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

### အမြန်ဝယ်လိုသည်။

ရန်ကုန်တိုင်းအတွင်းရှိ(ဗိုလ်တထောင်၊မင်္ဂလာတောင်ညွန့်၊တာမွေ၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ပန်းဆိုးတန်း၊ ပန်းဘဲတန်း၊ လသာ၊ဒဂုံ၊အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊မရမ်းကုန်း၊အင်းစိန်၊ မင်္ဂလာဒုံ၊ ဗဟန်း၊ ရန်ကင်း၊ လမ်းမတော်၊ကြည့်မြင်တိုင်) ရှိသော မြို့နယ်များမှ လုံးချင်းအိမ်၊ မြေကွက်၊ တိုက်ခန်း၊ကွန်ဒိုများ အမြန်ဝယ်လိုပါသည်။

ဖုန်း- ၀၉-၂၅၀၀၀၇၅၆၁၊ ၀၉-၉၇၈၈၁၈၂၂၈၊ ၀၉-၃၄၀၀၂၇၀၁၃

### အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ လေးလွှာ(B)၊ တိုက်ခန်းအမှတ်(၈၆)နေ ဒေါ်မိုးမမျိုး(ဘ)ဦးမျိုးညွှန့် ၁၄/ကခန(နိုင်)၀၇၈၁၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ လေးလွှာ(B)၊ တိုက်ခန်းအမှတ်(၈၆)ဟုခေါ်တွင်သည့် ဧရိယာ (၁၂ $\frac{၁}{၂}$×၆၇)ပေ ခန့်မှန်းအကျယ်အဝန်းရှိတိုက်ခန်းသည် လွန်ခဲ့သော ၁-၆-၂၀၁၂ ရက်တွင် ရောင်းချသူ ဒေါ်အေးအေးခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမမျိုးက စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်နေထိုင်လာခဲ့သည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်မိုးမမျိုး သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက မိမိတို့၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မိုးမမျိုး**
**၁၄/ကခန(နိုင်)၀၇၈၁၂၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၆)**
**အမှတ်(၂၄၅/က)၊ မာဃလမ်း၊**
**ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၀၁၉၆၈၈**

### ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ကျော်မျိုးဦး ၁၄/ညတန(နိုင်)၁၃၂၃၇၈သည်ခရီးသွားရင်း PSC & RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၀၀၈၇၂၆၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/3476 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE-5905 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/4575 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/9436 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ်(၁)နယ်မြေ၊ မြို့လယ်ရပ်ကွက်နေ ဒေါ်သီတာနွယ် ၅/အရတ(နိုင်)၀၆၄၅၇၉သည် မိဘစကားနားမထောင်သည့်အပြင် မိမိနှင့်မွေးထားသော သားသမီးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး၊ မိမိသဘောဖြင့် ပြုမူ ဆောင်ရွက်သွားပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၄င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကိုလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိမိပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ ခံစားခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **မိခင်-ဒေါ်အုံးကြည် ၅/အရတ(နိုင်)၀၂၇၂၅၂**

# MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့ အောင်လအန်ဆန် အမိမြေအောင်ပန်း အမှန်တကယ်ဆွတ်ခူးနိုင်ပါ့မလား

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

One Championship အဖွဲ့က နိုင်ငံတကာတွင် လှည့်လည်ပြီး ဦးဆောင်ကျင်းပနေသော MMA (Mix Martial Art) ကိုယ်ခံပညာပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲကြီး မြန်မာနိုင်ငံ၌ စတုတ္ထအကြိမ်ကျင်းပတော့မည်ဖြစ်သည်။ ပြိုင်ပွဲတွင် မကျေပွဲပြန်နွှဲမည့် မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်နှင့် လက်ရှိကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့ ဒုတိယအကြိမ် ပြန်လည်၍ ရွှေခါးပတ် လုကြမည်ဖြစ်သည်။ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းတွင် ရွှေခါးပတ်ချန်ပီယံဖြစ်ရေး ကြိုးစားနေသော အောင်လအန်ဆန်သည် သူ့ဘဝ၊ သူ့အိပ်မက်ကို ဒုတိယအကြိမ် ပြန်လည်ကြိုးစား ဖော်ထုတ်ခွင့်ရခြင်းပင်ဖြစ်သည်။ အောင်လသည် လက်ဝှေ့သမားဘဝသို့ စတင်ခြေချကတည်းကပင် ချန်ပီယံဖြစ်ရေးရည်ရွယ်ရှေးရှုကာ လျှောက်လှမ်းခဲ့သော လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ ဂျူဂျစ်စု အချုပ်သိုင်းနည်းဖြင့် မြန်မာ စပါးကြီးမြွေဟု ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲလောကတွင် နာမည်ကျော်ခဲ့သူ တစ်ဦးဖြစ်ပြီး လတ်တလော ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၂၉ ပွဲတွင် ၁၉ ပွဲနိုင် ၁၀ ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့စကားအရ ပြောရလျှင် MMA လောက၌ အချုပ်သိုင်းပိုင်၍ လုပ်တိုင်းနိုင်ခဲ့သည့် အောင်လ အနေဖြင့် ယခုလာမည့်ဇွန် ၃၀ ရက်တွင် အမိမြေ၌ ဒုတိယအကြိမ် မကျေပွဲပြန်နွှဲခွင့် ရသဖြင့် သူမျှော်မှန်းထားသော အိပ်မက်ကမ္ဘာဖြစ်သည့် ချန်ပီယံရွှေခါးပတ် အမိမြေ အောင်ပန်းကို အမှန်တကယ်ဆွတ်ခူးနိုင်ရန်လည်း လိုလာပေပြီ၊ အခွင့်အရေးသည် အမြဲတမ်းမရနိုင်။ သို့သော် အောင်လအနေဖြင့် အမိမြေအောင်ပန်းကို ထိုက်တန်တဲ့သူ ဖြစ်မလား၊ လက်ရှိနေရာမှာပဲ တည်မြဲနေဦးမလားဆိုတာတော့ ပရိသတ်များ စောင့်မျှော်ကြည့်ရှုကြရတော့မည် ဖြစ်သည်။


"ကျွန်တော် လက်ဝှေ့သမားဘဝစတင်ခြေချကတည်းက ဒီကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ မစ်ဒယ်ဝိတ်တန်းချန်ပီယံကို ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့်လည်း အခက်အခဲအကျပ်အတည်းတွေ အများကြီးကြားက ရုန်းကန်ရင်း ဒီအခြေအနေထိ ရောက်လာတာဖြစ်တယ်။ ဒီအခွင့်အရေးကိုတော့ ကျွန်တော်အခုတစ်ခါ အမိအရဆုပ်ကိုင်နိုင်အောင် ကြိုးစားသွားမှာပါ။ အရင်ပထမတစ်ကြိမ်က ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့တယ်။ အခုအမိမြေမှာ ပြန်တွေ့မယ့် ဒုတိယအကြိမ်ကတော့ ကျွန်တော့်ရဲ့အိပ်မက်ကို အမှန်တကယ် အကောင်အထည်ဖော်ပေးမယ့် ပွဲကောင်းတစ်ပွဲဖြစ်အောင် ကြိုးစားသွားမှာပါ။ လုံလောက်တဲ့ ပြင်ဆင်မှုတွေကိုလည်း လုပ်ထားပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ မြန်မာနိုင်ငံက ပရိသတ်တွေကိုလည်း အလွန်ပဲကျေးဇူးတင်ပါတယ်" ဟု ဒုတိယအကြိမ် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ မစ်ဒယ်ဝိတ်တန်းချန်ပီယံရွှေခါးပတ် ရရှိရေး ကြိုးစားသွားမည့် အောင်လအန်ဆန်က ပြောသည်။

အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့သည် ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဂျကာတာကွန်ဗင်းရှင်းစင်တာ၌ ပထမအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယင်းပွဲတွင် အောင်လအန်ဆန်အနေဖြင့် လူစားထိုး ဝင်ရောက်ကစားခဲ့ခြင်းဖြစ်၍ ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့ခြင်းကြောင့် အခြေအနေမပေးဘဲ ရှုံးနိမ့်ခဲ့ရသည်။ ပွဲစီစဉ်သူအနေဖြင့်လည်း ပွဲပျက်မည်စိုးရိမ်မှုကြောင့် လည်းကောင်း၊ ဆန္ဒပြင်းပြနေသော အောင်လအန်ဆန်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးခဲ့မှုကြောင့် အဆိုပါပွဲဖြစ်မြောက်ခဲ့သော်လည်း ပွင့်လင်းမြင်သာစွာ ဝေဖန်ရလျှင် အောင်လအနေဖြင့် လက်ရည်ကွာခြားမှုရှိနေသေးသည်ကို တွေ့မြင်ခဲ့ရသည်။ ကြိုတင်ပြင်ဆင်မှု အားနည်းသည်ဟုဆိုသော်လည်း ပညာပိုင်းအရမှာ ကောင်တာအားသန်သော ဗစ်တာလီဘစ်ဒက်ရှ်က အောင်လအထာကို သိသင့်သလောက်သိထားဟန်တူသဖြင့် အဆိုပါပွဲတွင် တစ်ဖက်သတ်ဆန်ခဲ့သည်ဟုပင် ဝါသနာရှင်ပရိသတ်အချို့က ဝေဖန်ခဲ့ကြသည်။

လာမည့် ဇွန် ၃၀ ရက် ည ၆ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံ (၁)၌ မကျေပွဲ ဒုတိယအကြိမ် ပြန်နွှဲကြမည့် အဆိုပါ ချန်ပီယံလုပွဲသည် မြန်မာပြည်ပရိသတ် အထူးစိတ်ဝင်စားလျက်ရှိသော ပွဲဖြစ်သည်။ အောင်လအနေဖြင့် အမိမြေပရိသတ်ရှေ့တွင် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်ခြင်းကြောင့် ပရိသတ်အားသာချက်ရှိနေသော်လည်း ဗစ်တာလီက လက်ရှိမစ်ဒယ်ဝိတ်တန်း ချန်ပီယံရွှေခါးပတ်ကို လွယ်လွယ်နှင့်တော့ လွှဲပေးမည်မဟုတ်ကြောင်း အွန်လိုင်းတွင် ရင်ဖွင့်ထားမှုများရှိနေသည်။

"ကျွန်တော် ဒီပွဲကိုလည်း ရွှေခါးပတ်ချန်ပီယံဆုကို လွယ်လွယ်နဲ့ ကာကွယ်သွားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီအတွက်လည်း အချိန်ယူပြင်ဆင်ထားပါတယ်။ ပြိုင်ဘက်က ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်လိုကစားသမားမျိုးပဲဖြစ်နေဖြစ်နေ၊ အိမ်ရှင်အားသာချက်ရှိတယ်ဆိုပေမယ့် ကျွန်တော်တို့ လက်ဝှေ့သမားတွေက ဒီအရေးလောက်ကို ရှေ့တန်းတင်နေလို့မရပါဘူး။ ဒါကြောင့်မို့လည်း အကောင်းဆုံးပြင်ဆင်လေ့ကျင့်နေပါတယ်" ဟု လက်ရှိ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ ရွှေခါးပတ်ပိုင်ရှင် ဗစ်တာလီက ပွဲကြိုရင်ဖွင့်ထားသည်။

ရုရှားနိုင်ငံသား ဗစ်တာလီသည် လက်ရှိချန်ပီယံတစ်ဦးနှင့်အညီ လျင်မြန်သွက်လက်ကာ ကိုယ်ခံပညာပေါင်းစုံကို ကျွမ်းကျင်သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ရှုံးပွဲမရှိစံချိန်တင်ထားနိုင်ပြီး အထူးသဖြင့် လက်သီးပါဝါအားကောင်းကာ ခြေကန်ချက်များမှာလည်း သူမတူ ပြိုင်ဘက်ကင်းသူတစ်ဦးအဖြစ် ထင်ပေါ်နေသည့်



**အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ပထမအကြိမ်တွေ့ဆုံမှု၌ ယှဉ်ပြိုင်ထိုးသတ်စဉ်** ဓာတ်ပုံ- မင်းထက်

လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အဓိကအားဖြင့် လျင်မြန်မှုနှင့်အတူ ပါဝါထည့်သွင်းကစားတတ်သော အားကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပြိုင်ဘက်တိုင်းကို ကျော်လွှားနိုင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် ဂျူဂျစ်စုနည်းကို အားထားအသုံးပြုကစားတတ်သော အောင်လကို ပထမတွေ့ဆုံမှုတွင် အပေါ်စီးမှအသာအယာ ကစားနိုင်ခဲ့သည်က သက်သေပြနေသည်။

"အခုဒုတိယအကြိမ်တွေ့ဆုံမှုက အောင်လအန်ဆန်အတွက် အထူးပဲအရေးကြီးပါတယ်။ အဲဒီအခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်မှ သူ့မျှော်လင့်ချက်ပြည့်စုံမှာပါ။ အိမ်ရှင်အားသာချက်ရှိတယ်ဆိုပေမယ့် ဟိုဘက်က ခုချိန်ထိ ရှုံးပွဲမရှိသေးတဲ့ လက်ရှိ ရွှေခါးပတ်ပိုင်ရှင်၊ ပြီးတော့ ကစားတာသေသပ်တယ်၊ ဉာဏ်လွှာ သုံးတတ်တယ်။ ပြီးခဲ့တဲ့ ပထမအကြိမ်တုန်းက ကစားတာတော်တော်လေးတည်တည်ငြိမ်ငြိမ်နဲ့ ကစားသွားတာတွေ့ရတယ်။ အောင်လ ငါးချီပြည့်တဲ့အထိ အခွင့်အရေးမရလိုက်ဘူး။ လက်သီးပါဝါ အားကောင်းသလို၊ ကောင်တာကစားတာလည်း မြန်တယ်။ ပြောရရင် အောင်လကစားဟန်ကို တော်တော်လေးသိထားပုံပဲ။ ဒီတစ်ကြိမ်တော့ မသိဘူး။ ပွဲကောင်းတစ်ပွဲဖြစ်မယ်လို့တော့ ထင်တယ်။ ကျွန်တော်ကတော့ အောင်လအနေနဲ့ ဒီပွဲမှာ တော်တော်ကြိုးစားပြင်ဆင်ထားမှ သူ့မျှော်လင့်ချက် အောင်မြင်မယ်လို့ ထင်တယ်" ဟု အဆိုပါ ရွှေခါးပတ်လု စိန်ခေါ်ပွဲနှင့် ပတ်သက်၍ ပြည်တွင်းရုပ်သံလိုင်းတစ်ခုမှ အားကစားကလောင်ရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်ကတည်းက စတင်ချင်းနင်းဝင်ရောက်လာသော MMA(Mix Martial Art) ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲသည် ယခုအခါ စတုတ္ထအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုမြင့်မားသော ပွဲကောင်းတစ်ပွဲလည်းဖြစ်သည်။ အဆိုပါ Main Fight ပွဲစဉ်နှင့်အတူ ဂျင်မီရာဘို(ဖိလစ်ပိုင်)နှင့် ဘရူနိုပူစီ( ဘရာဇီး)၊ ကီဗင်ချောင်(တောင်ကိုရီးယား)နှင့် ရှောင်ကျန်ယီ (တရုတ်) တွဲဆိုင်းများအပြင် အမျိုးသမီး အထူးပွဲစဉ်အဖြစ် ဂျင်နီယောင်(တရုတ်တိုင်ပေ)နှင့် မာရာဂူရှိ (ဂျပန်)တို့က MMA(Mix Martial Art) ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြည်တွင်းမြန်မာ့ရိုးရာ လက်ဝှေ့စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့တွဲဆိုင်းများမှာ သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦး၊ စောမင်းမင်း (T & T သထုံ)နှင့် ကျားဘဟိန်း (ဝင်းထွန်းကလပ်)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ပက်ကျော်လင်းနိုင်(တိုက်ဂါး)၊ ရွှေကျောင်းသား (T & T သထုံ)နှင့် ရဲရင့်သွေး (1886 Mandalay)၊ သပြေညို (Adventure) နှင့် ထက်အောင်ဦး (တောင်ကလေး)၊ စောရန်ပိုင်(ဘိလပ်မြေစက်ရုံ) နှင့် စောဘဦး (တောင်ကလေး) တို့က မြန်မာ့ရိုးရာလက်ဝှေ့အလဲထိုးစနစ် စည်းကမ်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ယခင် စောမင်းမင်း(T & T သထုံ)နှင့် ထွန်းလွင်မိုး(နဂါးမာန်) တွဲဆိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ထွန်းလွင်မိုး မယှဉ်ပြိုင်နိုင်ဘဲ ကျားဘဟိန်းကို အစားထိုးလိုက်ရပြီး ရဲသွေးနီ(တောင်ကလေး) နှင့် ပက်ကျော်လင်းနိုင် (တိုက်ဂါး)တို့ တွဲဆိုင်းမှ နိုင်သူနှစ်ဦး ပြန်လည်ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။


ယခုမြန်မာနိုင်ငံ၌ စတုတ္ထအကြိမ်ကျင်းပမည့် MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) ပြိုင်ပွဲသည် ကျင်းပပြီးသည့် ယခင်ပြိုင်ပွဲများထက် ပရိသတ်ပြည်သူ စိတ်ဝင်စားမှု အများဆုံးဖြစ်၍ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် အောင်လအနေဖြင့် အမိမြေမှအောင်ပန်းကို အမှန်တကယ်ပဲဆွတ်ခူးနိုင်မည်လား၊ လက်ရှိချန်ပီယံကပဲ ဆက်လက်ထိန်းသိမ်းသွားနိုင်မည်လား စောင့်ကြည့်ရတော့မည့် သည်းထိတ်ရင်ဖို ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း-------။


**ဒီကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ မစ်ဒယ်ဝိတ်တန်းချန်ပီယံကို ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့်လည်း အခက်အခဲအကျပ်အတည်းတွေ အများကြီးကြားက ရုန်းကန်ရင်း ဒီအခြေအနေထိ ရောက်လာတာဖြစ်တယ်။ ဒီအခွင့်အရေးကိုတော့ ကျွန်တော်အခုတစ်ခါ အမိအရဆုပ်ကိုင်နိုင်အောင် ကြိုးစားသွားမှာပါ။**


**အောင်လအန်ဆန်**

**ဒီပွဲကိုလည်း ရွှေခါးပတ်ချန်ပီယံဆုကို လွယ်လွယ်နဲ့ ကာကွယ်သွားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီအတွက်လည်း အချိန်ယူပြင်ဆင်ထားပါတယ်။ ပြိုင်ဘက်က ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်လိုကစားသမားမျိုးပဲဖြစ်နေဖြစ်နေ၊ အိမ်ရှင်အားသာချက်ရှိတယ်ဆိုပေမယ့် ကျွန်တော်တို့ လက်ဝှေ့သမားတွေက ဒီအရေးလောက်ကို ရှေ့တန်းတင်နေလို့မရပါဘူး။**

**ဗစ်တာလီဘစ်ဒက်ရှ်**















# နှစ် ၇၀ပြည့်၊ နှစ် ၇၀မြောက်

**မောင်ခင်မင်(ဓနုဖြူ)**

**တချို့က ‘၇၀ နှစ်မြောက် အာဇာနည်နေ့ကို ရေးတာ မှန်တယ်တဲ့။ တချို့ကတော့ ‘နှစ် ၇၀ မြောက်’ လို့ ရေးရမယ်တဲ့။ တချို့ကလည်း ‘နှစ် ၇၀ ပြည့်’လို့ ရေးရမယ်တဲ့။ တစ်ယောက်တစ်မျိုး ပြောနေကြတယ် ဦးရယ်**

“ဦး..နေကောင်းလား”

“ဟေ..တူတော်မောင်ပါလား။ မလာတာကြာပြီ။ ဘာတွေလုပ်နေသလဲ”

“ကျွန်တော်အလုပ်ကိစ္စနဲ့ ခရီးထွက်ရလို့ ရန်ကုန်မရောက်တာ တော်တော်တောင်ကြာနေပါပြီ။ အခုပြန်ရောက်လို့ ဦးကိုသတိရတာနဲ့ ထလာခဲ့တာပါ။ မေးချင်တာကလေးလည်း ရှိလို့ပါ”

“တော်တော် တော်တယ်။ မေးစရာရှိမှ လူမြင်ရတော့တယ်။ ကဲ-ဆိုစမ်းပါဦး”

“ဒီလိုပါ။ မကြာခင် အာဇာနည်နေ့ ရောက်တော့မယ် မဟုတ်လားဦး”

“ဟုတ်တယ်လေ။ ဒီနှစ်ဆိုရင် အာဇာနည်နေ့ကျင်းပတာ နှစ် ၇၀ တောင်ရှိပြီ”

“အဲ...အဲ့ဒီ‘နှစ် ၇၀’ကိစ္စမေးချင်တာပါ။ ကျွန်တော်တို့မြို့မှာ အဲဒီနေ့ ဇူလိုင် ၁၉ရက်နေ့ပေါ့။ အဲဒီနေ့မှာ အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲလုပ်ဖို့ စီစဉ်နေပါတယ်”

“ကောင်းတာပေါ့။ အထူးသဖြင့် အာဇာနည်ခေါင်းဆောင်ကြီးတွေအကြောင်းကို လူငယ်တွေပိုသိအောင် ဟောပြောပွဲတို့၊ စာစီစာကုံးပြိုင်ပွဲတို့၊ ကဗျာပြိုင်ပွဲတို့ လုပ်ဖို့လိုတာပေါ့။ အဲ.. ‘နှစ် ၇၀ကိစ္စ’ဆိုတာ ဘာပါလိမ့်”

“အဲ့ဒီဟောပြောပွဲအတွက် နောက်ခံစာတန်းထိုးဖို့ ပြင်ဆင်နေရင်း ဒီကိစ္စပေါ်လာတာပါ။ တချို့က‘၇၀ နှစ်မြောက်’ အာဇာနည်နေ့ကို ရေးတာမှန်တယ်တဲ့။ တချို့ကတော့ ‘နှစ် ၇၀မြောက်’လို့ရေးရမယ်တဲ့။ တချို့ကလည်း ‘နှစ် ၇၀ပြည့်’ လို့ရေးရမယ်တဲ့။ တစ်ယောက် တစ်မျိုးပြောနေကြတယ်ဦးရယ်”

“မင်းက အဆုံးအဖြတ်မပေးလိုက်ဘူးလားကွ”

“ဟာ..ကျွန်တော့်ကို မြန်မာစာဘွဲ့ရဆိုပြီး လာမေးကြတာပေါ့။ ဘယ်ဟာမှန်သလဲ ဆိုပြီးတော့”

“အဲဒီတော့....”

“ကျွန်တော်က ၇၀ နှစ်မြောက်လို့ရေးတာ မမှန်ဘူးဆိုတာတော့ ပြောလိုက်ပါတယ်။ ရေရေလည်လည်တော့ ရှင်းမပြတတ်ပါဘူး။ ၇၀နှစ်လို့မရေးဘဲ နှစ်၇၀လို့ရေးရမယ်ဆိုတာတော့ သိပါတယ်။ ဒါပေမယ့် ‘နှစ် ၇၀မြောက်’လို့ရေးတာမှန်သလား။ ‘နှစ်၇၀ပြည့်’ လို့ ရေးတာမှန်သလားဆိုတာ ရေရေလည်လည် ရှင်းမပြတတ်ဘူး ဖြစ်နေပါတယ်”

“ဒါဆို ဘယ်ဟာမှန်တယ်လို့ ထင်သလဲ”

“ကျွန်တော်က အရင်တုန်းက ရေးခဲ့တာတွေရှာကြည့်တော့ ‘နှစ် ၅၀ ပြည့်’လို့ ရေးတာမျိုးလည်းတွေ့တယ်။ ‘နှစ် ၆၀ မြောက်’ လို့ ရေးတာမျိုးလည်း တွေ့တယ်။ ဘယ်ဟာမှန်တယ်လို့ မဆုံးဖြတ်တတ်ဘူး ဖြစ်နေတယ်။

“နှစ်ခုစလုံးမှန်တယ်လို့ မပြောလိုက်ဘူးလား”

“ ဟာ.. အဲဒီလို ပြောဖို့လည်း မရဲဘူးဦးရယ်။ ဒီတော့ ဦးဆီသွားတာအကောင်းဆုံးပဲလို့ တွေးမိပြီး ထ လာခဲ့တာပါ”

“ ဟုတ်ပါပြီ။ ဒီကိစ္စဟာလည်း အသုံးအနှုန်းနဲ့ ပတ်သက်လို့ ရှင်းရှင်းလင်းလင်းရှိသင့်တဲ့ကိစ္စတစ်ခုပါပဲလေ။ ဒီတော့ မင်းပြောတဲ့ ‘ပြည့်’ သုံးမလား။ ‘မြောက်’ သုံးမလားဆိုတာ ခဏထားပြီး အရင်ဆုံး ‘၇၀နှစ်လား’၊ ‘နှစ် ၇၀ လား’ ဘယ်ဟာမှန်သလဲဆိုတဲ့ကိစ္စကို ပြောကြတာပေါ့။

“ ဟုတ်ကဲ့ပါ။ ပြောပြပါဦးရယ်”

“ ကိန်းဂဏန်းအရေအတွက်တွေကိုပြောတဲ့အခါ သုညနဲ့ဆုံးတဲ့ကိန်းတွေကို ဆယ်ဆတိုးကိန်းလို့ခေါ်တာ မင်းလည်း သိမှာပေါ့”

“ ဟုတ်ကဲ့၊ သိပါတယ်”

“ သုညနဲ့ဆုံးတဲ့ အငယ်ဆုံးကိန်းက ဘယ်ဟာဖြစ်မလဲ”

“ ၁၀ ပါဦး”

“ အဲဒီ ၁၀ကိုအရင်းခံပြီး တစ်ဆယ်ရဲ့နှစ်ဆ၊ သုံးဆ စသည်ဖြင့် အဆတိုးတဲ့ကိန်းတွေကို ဆယ်ဆတိုးကိန်းလို့ခေါ်တာလေ။ ‘ဆယ်’ဆိုတာ တစ်ဆယ်ကိုအတိုကောက်ခေါ်တာပါ။ ‘တစ်ဆယ့်ငါး’ ကို ဆယ့်ငါးလို့ခေါ်သလိုပေါ့။ အင်း- တစ်နည်းပြောရင်တစ်ဆယ်နဲ့ စားရင်ပြတ်တဲ့ကိန်းတွေပေါ့ကွယ်”

“ ဟုတ်ကဲ့။ ၂၀၊ ၅၀၊ ၃၀၀၊ ၆၀၀၀ စတဲ့ကိန်းတွေပေါ့နော်ဦး”

“ ဟုတ်ပါတယ်။ ဆယ်ဆတိုးကိန်းတွေဟာ တစ်ဆယ်နဲ့ စားရင်ပြတ်တာချည်းမို့ တစ်နည်းပြောရင် သုညနဲ့ဆုံးတဲ့ကိန်းတွေအားလုံး ဆယ်ဆတိုးကိန်းတွေပေါ့”

“ ဒါဆိုရင် သုညနဲ့ မဆုံးရင် ဆယ်ဆတိုးကိန်း မဟုတ်ဘူးပေါ့”

“ အေး... ဒီတော့ ၁ ကနေ ၉ အထိ ဂဏန်းတစ်ခုခုနဲ့ဆုံးတဲ့ကိန်းက ဆယ်ဆတိုးကိန်းမဟုတ်ဘူး။ ၂၀ ကစပြီး သုညနဲ့ဆုံးတဲ့ ကိန်းတွေက ဆယ်ဆတိုးကိန်းတွေ။ အဲဒီလိုခွဲပြီးမှတ်ပေါ့”

“၁၀ ကရော-ဦး”

“ ခုနပြောသလိုပေါ့။ ၁၀ကို ‘ဆယ်’လို့ပဲခေါ်တော့ ဆယ်ဆတိုးကိန်းမဟုတ်ဘူးလို့ပဲမှတ်ရမယ်။ ခုပြောလို့ မင်းရှင်းမှာမဟုတ်ဘူး။ ခဏထားလိုက်ဦး”

“ဟုတ်ကဲ့ပါ”

“ အဲ့ဒီတော့ နောက်တစ်ဆင့်ပြောရမှာက ‘မျိုးပြ’လို့ခေါ်တဲ့စကားတွေပဲ။ သံဃာ ၅ပါး၊ လူ၃ယောက်၊ ခွေး ၁၅ ကောင်၊ ဘဲဥ ၆လုံး ဆိုတာတွေ၊ ‘ပါး၊ယောက်၊ ကောင်၊ လုံး’ဆိုတဲ့ စကားမျိုးတွေပေါ့။ မြန်မာစကားမှာအရေအတွက်ကိုပြောရင် မျိုးပြပါထည့် ပြောရတယ်မဟုတ်လား။ အင်္ဂလိပ် စကားမှာ 3 dogs လို့ပြောလို့ရပေမယ့် မြန်မာစကားမှာ ‘၃ ခွေး’လို့ ပြောလို့မရဘူးလေ။‘ခွေး ၃ ကောင်’လို့ မျိုးပြထည့်ပြောရတာကိုဆိုလိုတာပါ။

“နားလည်ပါပြီ- ဦး”

“ အဲဒီမှာ ဆယ်ဆတိုးကိန်းမဟုတ်တဲ့ ကိန်းကို ပြောရင် ပြောပုံတစ်မျိုး၊ ဆယ်ဆတိုးကိန်းကိုပြောရင်တစ်မျိုး ပြောပုံ မတူဘူးလေ”

“ ပြောပြပါဦး”

“ မင်းသိပြီးသားပါ။ ၁ကနေ ၉အထိ ဂဏန်းတစ်ခုခုနဲ့ ဆုံးတဲ့ကိန်း၊ဆယ်ဆတိုးကိန်းမဟုတ်တဲ့ကိန်းဆိုရင် ‘လူ ၅ ယောက်၊ ခွေး ၆ ကောင်၊ ဖျာ ၃ ချပ်’ ဆိုတာမျိုးသုံးရတယ်။ သုညနဲ့ဆုံးတဲ့ ဆယ်ဆတိုးကိန်းဆိုရင် လူ ၅၀ယောက်၊ ခွေး ၆၀ ကောင်၊ ဖျာ ၃၀ ချပ်လို့ သုံးလို့မရဘူး။ လူအယောက် ၅၀၊ ခွေးအကောင် ၆၀၊ ဖျာအချပ် ၃၀ လို့သုံးရတယ်လေ”

“ ဟုတ်ကဲ့။ ဒါကြောင့် ‘၇၀ နှစ်မြောက်’ လို့သုံးရင်မှားကြောင်း ကျွန်တော်ပြောလိုက်တာပါ”

“ ဟုတ်ပြီ ။ ၇၀ နှစ်လို့မသုံးရဘူး။ နှစ်၇၀လို့သုံးရမယ်ဆိုတာတော့ ဆယ်ဆတိုးကိန်းမို့လို့ ဒီလိုသုံးရတယ်ဆိုတာသိပြီနော်”

“သိပါပြီ-ဦး”

“ရက် ၅၀၀ ၊ အကြိမ် ၂၀၊ မိနစ်၆၀ ဆိုတဲ့ အသုံးတွေလည်း အသုံးမှန်တွေပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ - ဒီလိုဆိုရင် မင်းမေးတဲ့အကြောင်းကို ရောက်တော့မယ်။ ဒီနှစ်အာဇာနည်နေ့ကိုညွှန်းရင် ၇၀နှစ်လို့ မညွှန်းရဘူး။ နှစ်၇၀လို့ ညွှန်းရမယ်ဆိုတာတော့ ဟုတ်ပြီ။ ‘နှစ်၇၀ မြောက်’ လား၊ ‘နှစ် ၇၀ ပြည့်လား’ဆိုတဲ့ ကိစ္စကို ဆက်ပြောရအောင်”

“ ဟုတ်ကဲ့ပါ”

“ ‘မြောက်’ဆိုတာက ပြီးမြောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ အထိမ်းအမှတ်တစ်ခုလုပ်တာ ၃ နှစ်ပြီးမြောက်သွားပြီဆိုရင် ‘ ၃နှစ်မြောက်’ လို့သုံးတာပေါ့။ ဒီလိုပဲ ၄ နှစ်မြောက်၊ ၁၂နှစ်မြောက်၊ ၃၅ နှစ်မြောက်ဆိုတာမျိုးသုံးပါတယ်။ ဖြစ်ဖြစ်မြောက်မြောက်ပြီးသွားတယ်။ ပြီးမြောက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ”

“ ဟုတ်ကဲ့ပါ”

“ အကြိမ်ကို ရည်ညွှန်းရင်လည်း ဒီလိုပါပဲ။ ‘၁၅ ကြိမ်မြောက်၊ ၃၉ ကြိမ်မြောက်’ဆိုတာမျိုးသုံးသလို ‘အကြိမ် ၃၀ မြောက်၊ အကြိမ် ၅၀ မြောက်’ ဆိုတာမျိုးလည်းသုံးပါတယ်”

“ဟုတ်ကဲ့ပါ။ သြော်... ဦးခုနပြောတဲ့ ‘ဆယ်’နဲ့‘တစ်ဆယ်’ အသုံးမတူတာပြောပြပါဦး”

“သြော်... ၁၀ က သုညနဲ့ ဆုံးပေမယ့် သုံးတဲ့အခါ ဆယ်ဆတိုးကိန်းတွေလို လူအယောက် ၁၀ လို့မသုံးဘူး။ ၁ ကနေ ၉ အထိဆုံးတဲ့ကိန်းတွေ သုံးသလိုပဲ။ ‘လူ ၁၀ ယောက်၊ သံဃာ ၁၀ ပါး၊ ဘဲဥ ၁၀ လုံး’ ဆိုတာမျိုးသုံးတာကို ပြောတာပါ”

“ဟုတ်ကဲ့၊ နားလည်ပါပြီ”

“ကဲ... လိုရင်းပြောရအောင်။ မနှစ်က အာဇာနည်နေ့ကို ဘယ်လိုရည်ညွှန်းသလဲ”

“၆၉ နှစ်မြောက် အာဇာနည်နေ့လို့ သုံးပါတယ် -ဦး”

“ဟုတ်ပါပြီ။ ဆိုပါတော့။ အာဇာနည်နေ့ တစ်နှစ်ပြည့်တဲ့ နှစ်ကစပြီး ၁ နှစ်မြောက်၊ ၁၅ နှစ်မြောက် ၊ နှစ် ၃၀ မြောက်၊ ၄၅ နှစ်မြောက်ဆိုတာမျိုး သုံးခဲ့ကြသလို ခုဒီနှစ်မှာလည်း နှစ် ၇၀ မြောက်လို့သုံးရင် တစ်နှစ်ပြီးတစ်နှစ်ပြီးမြောက်သွားတဲ့ အဓိပ္ပာယ်မို့ အသုံးမှန်ပါတယ်”

“ဟုတ်ကဲ့ပါ။ ဒါဖြင့် ‘ နှစ် ၇၀ ပြည့်လို့ သုံးတာကရော ဘယ်လိုအဓိပ္ပာယ်ပါလဲ -ဦး”

“နှစ် ၇၀ ပြည့်ဆိုတာကတော့ ပြည့်သွားတဲ့အဓိပ္ပာယ်ပါပဲ။ အထူးသဖြင့် ၁၀ နှစ်၊ နှစ် ၂၀၊ နှစ် ၅၀၊ နှစ် ၁၀၀ စတဲ့ ‘ဆယ်နှစ်’တွေ တင်းတင်းပြည့်တဲ့နှစ်မျိုးတွေမှာ ပြည့်ပြည့်ဝဝဖြစ်တဲ့ အဓိပ္ပာယ်မျိုးနဲ့ သုံးလေ့ရှိပါတယ်။ အထူးသဖြင့် သုညနဲ့ဆုံးတဲ့ ဆယ်ဆတိုးကိန်းတွေနဲ့ သုံးပါတယ်။ ရက် ၁၀၀ ပြည့်တို့၊ လ ၂၀ ပြည့်တို့၊ အကြိမ် ၆၀ ပြည့်တို့ဆိုတာမျိုးပေါ့”

“ နှစ် ၁၀၀ ပြည့်ဆိုရင်တော့ ‘ရာပြည့်’လို့သုံးတယ်လေ”

“ဟုတ်ကဲ့ပါ”

“နှစ်တွေကို သုံးတဲ့အခါ သုညနဲ့ဆုံးတဲ့နှစ်ဆိုရင် ‘ပြည့်နှစ်’ လို့သုံးဖို့ သုညနဲ့မဆုံးတဲ့နှစ်ဆိုရင် ‘ခုနှစ်’လို့ သုံးဖို့ လမ်းစဉ်ပါတီခေတ်တုန်းက နိုင်ငံတော်ကောင်စီက ထုတ်ပြန်တဲ့ အမိန့်တစ်ခုရှိတယ်။ အခုထိ တည်ဆဲအမိန့်ပဲ။ သုညနဲ့ ဆုံးရင် ၁၃၂၀ ပြည့်နှစ်၊ ၁၉၇၀ ပြည့်နှစ်၊ ၂၀၀၀ ပြည့်နှစ်ဆိုတာမျိုး သုံးပါ။ သုညနဲ့မဆုံးရင် ၁၃၂၁ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၂၀၀၃ ခုနှစ် ဆိုတာမျိုးသုံးပါလို့ ဆိုလိုတာပါ။ သုညနဲ့ဆုံးတဲ့နှစ်ကို ‘ပြည့်’ လို့သုံးတာသင့်လျော်တယ်ဆိုတဲ့ သဘောလို့နားလည်နိုင်ပါတယ်”

“ဟုတ်ကဲ့ပါ၊ ဒီလိုဆိုရင်...”

“အေး... ‘မြောက်’ ရော၊ ‘ပြည့်’ ရော သူ့အဓိပ္ပာယ်နဲ့သူသုံးတာမို့ ဘယ်အသုံးမှမမှားဘူးလို့ ဆိုရမှာပေါ့။ ဒါပေမယ့် ခုပြောခဲ့သလိုပဲ သုညနဲ့ဆုံးတဲ့ခုနှစ်ကိုတော့ ပြည့်နှစ်လို့သုံးတဲ့ အစဉ်အလာရှိတယ်။ အဲဒီလိုပြောလို့ သုညနဲ့ဆုံးတဲ့နှစ်ကို ‘မြောက်’ လို့ သုံးရင် မှားတယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်။ သုညမဆုံးတဲ့ နှစ်တွေကိုလည်း ‘၃ နှစ်ပြည့် အထိမ်းအမှတ် ၊ ၉ နှစ်ပြည့် မွေးနေ့’ဆိုတာမျိုးတွေ သုံးတာပါပဲ”

“ဒါဆိုရင် ဦးအနေနဲ့ ‘နှစ် ၇၀ မြောက်’ နဲ့ ‘ နှစ် ၇၀ ပြည့်’ ဘယ်အသုံးကပိုပြီး သင့်လျော်တယ်လို့ ထင်ပါသလဲ”

“အခုပြောခဲ့ပြီးပြီလေ။ အသုံးနှစ်ခုစလုံး မမှားပါဘူး။ ကောင်းတာကတော့ အသုံးတစ်ခုကို တစ်သမတ်တည်း ညီအောင်သုံးတာ ကောင်းပါတယ်။ ဒီတော့ ခုလိုနေ့ကြီးရက်ကြီးတွေ ညွှန်းတဲ့အခါမှာ ဆယ်နှစ်မှတစ်ကြိမ်ကျရောက်တဲ့ သုညနဲ့ဆုံးတဲ့နှစ်ကို ‘ပြည့်’လို့ တစ်ညီတည်းသုံးပြီး သုညနဲ့မဆုံးတဲ့နှစ်ကိုတော့‘မြောက်’ လို့ တစ်ညီတည်းသုံးသင့်တယ်လို့ ယူဆတာပဲလေ”

# ခန္ဓာကိုယ်ထဲ မဝင်ရောက်သင့်တဲ့ အုန်းဆီ

**ကလျာမိုးမြင့်**



လူအများစုဟာ အဆီဓာတ်ရာနှုန်းပြည့် ပါဝင်နေတဲ့ အုန်းဆီကို ဘာကြောင့် ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ထင်နေကြတယ်ဆိုတာကို မစဉ်းစားတတ်အောင်ဘဲလို့ စားသုံးဆီနဲ့ နှလုံးသွေးကြောဆိုင်ရာ အကြံပေးအဖွဲ့ သုတေသနပညာရှင် ဖရန်ဆက်က မှတ်ချက်ချခဲ့ပါတယ်။

စားသုံးဆီနဲ့ နှလုံးသွေးကြောဆိုင်ရာအကြံပေးအဖွဲ့ဟာ ပြည့်ဝဆီတွေကိုသုတေသနပြုလုပ်ထားတဲ့ အချက်အလက်တွေနဲ့ သုံးသပ်လိုက်တဲ့အခါ အုန်းဆီဟာမကောင်းတဲ့ ကိုလက်စထရောပမာဏ တိုးပွားစေတာ တွေ့ရပါတယ်။ အခြားသောပြည့်ဝဆီမြင့်မားစွာပါဝင်နေတဲ့အဆီတွေဖြစ်တဲ့ အမဲဆီ၊ ထောပတ်၊ ထန်းသီးအဆီတွေနဲ့ အုန်းဆီရဲ့ကွဲပြားခြားနားမှုကို လေ့လာသူတွေက အခုထိမတွေ့ရှိသေးဘူးလို့ ဆိုပါတယ်။

အမှန်တကယ်အားဖြင့် စားအုန်းဆီထဲမှာ ပြည့်ဝဆီ ၈၂ရာခိုင်နှုန်း ပါဝင်နေပြီး ထောပတ်မှာ ၆၂ ရာခိုင်နှုန်းပါဝင်နေပါတယ်။ အမဲဆီမှာပြည့်ဝဆီပါဝင်မှုနှုန်းက ၅၀ ရာခိုင်နှုန်းဖြစ်ပြီး ဝက်ဆီမှာတော့ ၃၉ ရာခိုင်နှုန်းပါဝင်နေတဲ့အတွက် နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ အုန်းဆီဟာပြည့်ဝဆီ ပါဝင်မှုနှုန်းအများဆုံးအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။

အုန်းဆီဟာ LDL ကိုလက်စထရောပမာဏကိုတိုးပွားစေပြီး အဲဒီကိုလက်စထရောက နှလုံးသွေးကြောဆိုင်ရာ ရောဂါတွေကို ဖြစ်ပွားစေတဲ့အပြင် ကောင်းကျိုးသက်ရောက်မှု မရှိသလောက်ဖြစ်တာကြောင့် စားအုန်းဆီကို အသုံးမပြုဖို့ အကြံပြုထားတယ်လို့ အမေရိကန်နှလုံးရောဂါဆိုင်ရာ အဖွဲ့အစည်းက ပြောကြားခဲ့ပါတယ်။

ကိုလက်စထရော ပမာဏလျှော့ချချင်သူတွေအတွက် နေ့စဉ်ပုံမှန်ကယ်လိုရီစားသုံးမှုရဲ့၆ရာခိုင်နှုန်းလောက်သာပြည့်ဝဆီပါဝင်မှုရှိရမယ်လို့ အမေရိကန် နှလုံးရောဂါဆိုင်ရာ အဖွဲ့အစည်း (AHA) ကအကြံပြုထားပါတယ်။

အုန်းဆီတွေကို လွှင့်မပစ်ခင်မှာ စားအုန်းဆီမှာ တင်ကျန်နေတတ်တဲ့ အမျိုးအစားဖြစ်တယ်ဆိုတာကို သိထားရမှာ ဖြစ်ပါတယ်။ ပြည့်ဝဆီကိုနေ့စဉ်ပုံမှန်အစာစားသုံးမှုကနေ လျှော့ချပစ်လိုက်တဲ့လူတွေဟာ နှလုံးရောဂါဖြစ်ပွားနိုင်တဲ့အန္တရာယ်ကိုလည်းအလိုလိုလျှော့ချပြီးသားဖြစ်တဲ့အတွက် စိုးရိမ်ပူပန်စရာမလိုတော့ဘူးလို့ AHAက အကြံပြုထားပါတယ်။

ဘာကြောင့် ဒီလိုအကြံပြုရသလဲဆိုတော့ တချို့ဟာသကြား၊ ဂျုံမှုန့်ဖြူနဲ့ ကယ်လိုရီမပါတဲ့ အစားအစာတွေကိုပါ မစားသုံးတော့ဘဲ ရှောင်ကြဉ်လိုက်တာမျိုးပြုလုပ်တတ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

ဒါ့အပြင် တချို့ အစားအစာတွေမှာပါတဲ့အဆီဓာတ်ဟာ ခန္ဓာကိုယ်ရဲ့ အာဟာရစုပ်ယူမှုကို အကူအညီပေးတဲ့ အတွက်ကြောင့် စားသုံးသင့်တဲ့အဆီဖြစ်ပါတယ်။

ဒါပေမယ့်အုန်းဆီဟာ ဆံပင်ကို ပျော့ပျောင်းစေနိုင်တဲ့ conditioner သို့မဟုတ် moisturizer အဖြစ်နဲ့ ထိရောက်စွာ အသုံးပြုနိုင်ပါတယ်။

ဆိုလိုချင်တဲ့ သဘောကတော့ အုန်းဆီကို သင့်ခန္ဓာကိုယ်ပေါ်မှာ အသုံးပြုနိုင်တယ်။ ဒါပေမယ့် ခန္ဓာကိုယ်ထဲကိုတော့ မရောက်ရှိစေသင့်ဘူးလို့ ဖရန်ဆက်က ပြောကြားခဲ့ပါတယ်။

**(Health News)**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာ စေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# မိမိကိုယ်ကို ကာကွယ်နိုင်မှသာ ပြည်ပတွင်အလုပ်သွားလုပ်ကြပါ

**ခင်ရတနာ**

"အစ်မနေကောင်းလား၊ သမီးက စာဥလေ။ သမီးကို မမှတ်မိဘူးလား"

ရုတ်တရက် ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခုမှ နှုတ်ဆက်သည့် စာတိုပေးပို့မှုတစ်ခုကြောင့် အံ့အားသင့်သွားရသည်။ ဆွေမျိုးအိမ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည့် မိန်းကလေး။ ဖေ့စ်ဘွတ်ခ်၏ ကာယကံရှင် ဓာတ်ပုံက အိမ်အကူဟု ထင်ရက်စရာမရှိ။ စင်ကာပူတွင် အခြေချနေထိုင်သည့် မြန်မာလူမျိုးမိသားစုထံတွင် အဆင်ပြေနေပုံရသည်။ စာဥ၏ နာမည်အရင်းကိုလည်း သူတင်ထားသည့် ဖေ့စ်ဘွတ်ခ်ပေါ်ကျမှပင် သတိထားမိသည်။ သို့သော် စာဥကဲ့သို့ အဆင်ပြေသည့် အိမ်အကူမှာ တစ်ထောင်တွင် တစ်ယောက်၊ တစ်သောင်းတွင် တစ်ယောက်ရှိပင် ရှိပါလေစ။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်မြို့ရှိ အိမ်အကူလစာပေးနိုင်သည့် လူတန်းစားတစ်ရပ်၏ အိမ်သို့ ရောက်ရှိခါစ တစ်သွေးတစ်မွေးဖြစ်လာသည့် စာဥမှာ ယခု စင်ကာပူသို့ ရောက်ရှိသည့်အခါ မမှတ်မိနိုင်အောင်ပင် ပြောင်းလဲသွားခဲ့ပြီ။ "ဒီမှာအဆင်ပြေတယ်အစ်မ။ သမီးလိုကံကောင်းသူကတော့ ခပ်ရှားရှားပဲ။ သမီးကတော့ အမြွှာကလေးနှစ်ယောက်ထိန်းရတယ်။ အိမ်မှုကိစ္စကူလုပ်ပေးရတယ်။ အစကတည်းက လုပ်နေကျအရာတွေပဲ။ ရှာကလူတွေကတော့ သမီးကို အားကျကြတယ်"ဟု စာဥက ပြောသည်။

စာဥကဲ့သို့ပင် နိုင်ငံခြားတွင် အလုပ်လုပ်နိုင်ရန် အိမ်အကူများ စိတ်ကူးယဉ်ခဲ့ကြပေလိမ့်မည်။ အလုပ်လုပ်ရန်အတွက် ငွေကြေးများစွာအရင်းအနှီးပြုကာသွားကြမှ ရောက်နိုင်သည့် နိုင်ငံခြားသို့ တစ်ပြားမျှပင် ကုန်ကျမှုမရှိ ရောက်နိုင်သည့် အလုပ်မှာ အိမ်အကူအလုပ်သာရှိသည်။

"သွားတာတော့ အလုပ်သွားလုပ်တာပါ။ ဒါပေမယ့် တကယ်က ရောင်းစားခံရတာပဲ။ ကံကောင်းလို့ သမီးလေး ပြန်လာနိုင်တာ လပိုင်းပဲရှိသေးတယ်။ ပျောက်သွားတာ ဆယ့်တစ်နှစ်ရှိပြီ။ အဆက်အသွယ်လည်း မရခဲ့ဘူး။ အခုတော့ သူ့ကို ပြန်လည် ထူထောင်ရေးအတွက် လူမှုဝန်ထမ်းက ကြိုးစားပေးနေတယ်။ ၈၈ မျိုးဆက်အဖွဲ့နဲ့ ချိတ်ဆက်မိပြီး ပြန်ရောက်လာခဲ့တာ။ သူတို့ဆီမှာ တရားမဝင် ရောက်နေရင် ရောက်နေတဲ့သူပဲ အရေးယူခံရဖို့ရှိတယ်။ အခုလည်း သူ့ကို စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် လုပ်ပေးနေကြတယ်"ဟု မကြာသေးမီ လအတွင်းက ၈၈ မျိုးဆက်၏ အကူအညီဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည့် မွန်ပြည်နယ်မှ အမျိုးသမီး၏ မိခင်ဖြစ်သူက ဖြေကြားခဲ့ဖူးသည်။

"လူနေမှုစနစ်လိုအပ်ချက်အရ နိုင်ငံခြားရောက်မြန်မာလူမျိုးတွေက အိမ်အကူကို ပြည်တွင်းကနေ ပြန်ခေါ်ကြတယ်။ ပြည်တွင်းမှာ အိမ်အကူတစ်ဦးကို ငွေကျပ်လေးသောင်းကနေ ရှစ်သောင်း၊ တစ်သိန်းရပေမယ့် ပြည်ပအတွက် ငွေကျပ် တစ်သိန်းခွဲကနေ နှစ်သိန်းအထိ ပေးနေကြတာကိုလည်း တွေ့ရတယ်။ ကျွန်မ မိတ်ဆွေတွေအတွက် ယုံကြည်စိတ်ချရတဲ့ ကလေးတစ်ယောက်ကို အမေရိကန်ပြည်ထောင်စုအထိ တာဝန်ယူ သွားပို့ပေးဖူးတယ်။ လူကုန်ကူးတာလည်း မဟုတ်ပါဘူး။ သူတို့အတွက် ကူညီပေးခဲ့တာ။ လူတွေက ဟိုမှာ အချိန်နဲ့အမျှ အလုပ်လုပ်နေကြရတယ်။ အိမ်မှာရှိတဲ့ ကလေးတွေနဲ့ သက်ကြီး ရွယ်အိုတွေကို စောင့်ရှောက်ဖို့ လူလိုအပ်တယ်"ဟု အိမ်အကူလိုအပ်မှုကို ကူညီပေးဖူးသည့် မညိုညိုမာက ပြောပြသည်။

**အိမ်အကူတွေတရားဝင်စေလွှတ်မှု**

မြန်မာအစိုးရက အိမ်အကူများကို ၂၀၁၃ ခုနှစ်က တရားဝင် စေလွှတ်ပေးခဲ့ဖူးသော်လည်း လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်အဖြစ် ဝေဖန်ကန့်ကွက်မှုများကြောင့် အိမ်အကူတရားဝင် စေလွှတ်မှုကို ပိတ်ထားခဲ့သည်မှာ သုံးနှစ်ဝန်းကျင်ရှိပြီ ဖြစ် သည်။ တစ်နှစ်ဝန်းကျင်သာ ခွင့်ပြုပေးနိုင်ခဲ့ချိန်တွင် တရားဝင် အိမ်အကူ ၃၀၀ ဝန်းကျင်သာ စေလွှတ်ခဲ့ဖူးသည်။

"အိမ်အကူတွေကို စေလွှတ်ရတယ်ဆိုတာ တရားဝင်ဖြစ်စေလိုတဲ့အတွက် အစိုးရကနေ တရားဝင်ခွင့်ပြုပေးခဲ့တဲ့သဘောဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကန့်ကွက်ဝေဖန်မှုတွေနဲ့ ထောက်ပြမှုတွေကြောင့် တရားဝင်အိမ်အကူစေလွှတ်မှုကို ရပ်ဆိုင်းခဲ့တာပါ"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားခဲ့ဖူးသည်။



အစိုးရမှ အိမ်အကူတင်ပို့ခြင်းကို ရပ်ဆိုင်းထားသောကာလအတွင်း စာဥတို့ကဲ့သို့သော အိမ်အကူပေါင်းများစွာသည် အိမ်နီးချင်းနိုင်ငံများ၊ မြန်မာအများစု သွားရောက်အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံများသို့ တရားမဝင်သည့် နည်းလမ်းများဖြင့် ရောက်ရှိနေနှင့်ကြပြီဖြစ်သည်။ ပြည်ပအဖွဲ့အစည်းအချို့နှင့် အလုပ်သမားအရေး ကျွမ်းကျင်သူများ၏ အဆိုအရ ပြည်ပတွင် မြန်မာအိမ်အကူ လေးသောင်းမှ တစ်သိန်းကြားရှိမည်ဟု ခန့်မှန်းထားကြပြီး နေ့စဉ်အလည်အပတ်ပြည်ဝင်ခွင့်ဖြင့် အိမ်အကူများသွားရောက်မှု ၃၀ မှ ၄၀ ဝန်းကျင်ရှိသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်ကို မြင်တွေ့ရသည်။

လွန်ခဲ့သည့်ရက်ပိုင်းက စင်ကာပူနိုင်ငံတွင် အိမ်အကူမြန်မာအမျိုးသမီးတစ်ဦး ၁၉ ထပ်မှ ခုန်ချကာ အဆုံးစီရင်သည့် ဖြစ်ရပ်သည် ပြည်ပရောက် မြန်မာအိမ်အကူများအတွက် ကာကွယ်မှုပေးရန်၊ ခိုင်မာသည့် အာမခံချက်ပေးရန် လိုအပ်နေပြီဖြစ်သည်ကို မီးမောင်းထိုးပြလိုက်ခြင်းပင်။

"တရုတ်နိုင်ငံမှာ အလုပ်လုပ်ဖို့အတွက် ရောက်နေတဲ့ အိမ်အကူအမျိုးသမီးငယ်လေး တစ်ယောက်ရှိဖူးတယ်။ သူ့အတွက် ကမ်းမမြင်လမ်းမမြင်အနေအထားဖြစ်နေရတယ်။ သူရောက်တဲ့ အိမ်က ဘယ်နေရာဆိုတာ သူမသိဘူး။ ကံကောင်းချင်တော့ အဲဒီအိမ်မှာ ချိတ်ထားတဲ့ ဓာတ်ပုံတစ်ပုံကို လာသမျှဧည့်သည်တွေက လေးစားသမှုနဲ့ ကြည့်ကြတာကို ကောင်မလေးက သတိထားမိတယ်။ အဲဒီဓာတ်ပုံမှာပါတဲ့ တရုတ်စာသားတစ်ခုကို မှတ်သားပြီး ကူးရေးတယ်။ တရုတ်စာနားမလည်ပေမယ့် သူရေးပြီး WeChat ကနေ ပို့လိုက်တဲ့အခါ အိမ်ရှင်တွေကို စုံစမ်းရလွယ်ကူသွားတယ်။ ကောင်မလေးကိုလည်း သံရုံး၊ အလုပ်သမားအဖွဲ့အစည်းတွေ အားလုံးရဲ့ကူညီမှုနဲ့ မြန်မာနိုင်ငံကို ပြန်ခေါ်လာခဲ့ဖူးတဲ့ သာဓကရှိတယ်။ အဓိကကတော့ ရွှေ့ပြောင်းအလုပ်သမားတွေအားလုံး မိမိတို့ ကိုယ်ရောစိတ်ရော လုံခြုံစိတ်ချမှုအတွက် ကြိုတင်ပြင်ဆင်မှုတွေ၊ အရေးပေါ်သတိထားရမယ့်အချက်တွေကို သိထားဖို့လိုတယ်"ဟု ILO မြန်မာမှ နည်းပညာအကြံပေးအရာရှိချုပ် Ms. Jackie Pollock က ပြောကြားသည်။

နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ခြင်းဖြင့် ပြည်တွင်းတွင် ရရှိသည့် လုပ်အားခထက် ပိုမိုရရှိသည် မှန်သော်လည်း ကြုံတွေ့ရမည့် အခက်အခဲများစွာကို ရင်ဆိုင်နိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရင်ဆိုင်ဖြေရှင်းတတ်သည့် စွမ်းအင်များနှင့် လုပ်ငန်းပိုင်းကျွမ်းကျင်မှုတို့သည် အထူးအရေးကြီးသည်။

"အလုပ်သွားလုပ်သူတွေရဲ့ ပထမဆုံးမေးခွန်းက လစာဘယ်လောက်လဲဆိုတာမျိုးပဲ။ အလုပ်အကိုင်က လုံခြုံစိတ်ချရရဲ့လား။ ကိုယ့်အတွက် မျှတတဲ့ အခွင့်အရေးတွေရမှာလား။ အလုပ်ချိန်နဲ့ လုပ်ငန်းတာဝန်က ဘာတွေလဲ ဆိုတာတွေကို အဓိကထားမတွေးဖြစ်ကြဘူး။ ဘယ်လိုလုပ်ရလုပ်ရ လုပ်မယ်ဆိုပြီး သွားကြပေမယ့် တကယ်တမ်းကြုံလာတဲ့အခါ ဘာသာစကားကနေစပြီး အခက်အခဲအမျိုးမျိုးနဲ့ ကြုံနေကြရတယ်"ဟု ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အလုပ်သမားအရေး ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ဦးထူးချစ်က ပြောသည်။

ILO မြန်မာမှ ပြုလုပ်သည့် ရွှေ့ပြောင်းအလုပ်သမားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများအားလုံး ကာကွယ်စောင့်ရှောက်ရေးအတွက် အဓိကအချက်တစ်ခုအနေဖြင့် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်သည့်အလုပ်သမားများ ဖြစ်လာစေရေးကို အလေးထားဆွေးနွေးခဲ့ဖူးသည်။

အရေးကြီးသည့် အချက်များအနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်သူ တစ်ဦးအနေဖြင့် မိမိနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မိမိယုံကြည် စိတ်ချရသည့်အပြင် လူအများလေးစားသည့် ရပ်မိရပ်ဖကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများထံ အပ်နှံထားရန်၊ မိမိကို ပြည်ပတွင် ရောက်ရှိနေထိုင်ရန်အတွက် ဆက်သွယ်ပေးသူ၏ အချက်အလက်များကိုလည်း ယုံကြည်စိတ်ချရသူများထံ ပေးအပ်ထားရန်၊ မိမိထွက်ခွာမည့်သတင်းအချက်အလက်များအားလုံးကို မိဘဆွေမျိုးသားချင်းများထံ ပြောဆိုထားရန်၊ မိမိရောက်ရှိနေထိုင်ရမည့် နေရပ်လိပ်စာ သို့မဟုတ် အလုပ်ဌာနအချက်အလက်များနှင့် ယင်းဒေသဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သမျှ စုစည်းလေ့လာရန် လိုအပ်ကြောင်း သိရသည်။

ပြည်ပတွင် သွားရောက်လုပ်ကိုင်သည့် အိမ်အကူများသည် ပြည်ပတွင်သွားရောက်လုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်သားများထက် အကူအညီရရှိရန် ပိုမိုခက်ခဲလျက်ရှိသည်။ "စက်ရုံ၊ အလုပ်ရုံတွေဆိုတာ ဘေးမှာ အပေါင်းအသင်းရှိတတ်တယ်။ ကိုယ့်နိုင်ငံသား မဟုတ်ရင်တောင် အကူအညီပေးနိုင်မယ့် နိုင်ငံခြားသားမျိုး ရှာဖွေနိုင်တယ်။ အိမ်အကူကျတော့ အိမ်ထဲမှာ နေရတာများတယ်။ သူတို့က အရေးကိစ္စတစ်ခုခုဖြစ်လို့ သွားပြီးစုံစမ်းဖို့ ကူညီပေးဖို့က အတော်ခက်ခဲတယ်။ ဥပမာပြောရရင် ကျွန်မတို့ သွားစုံစမ်းလည်း မရှိဘူး ပြောလွှတ်တာမျိုးနဲ့ တခြားအိမ်ပို့လိုက်တာမျိုး၊ လက်ကိုင်ဖုန်းသိမ်းလိုက်တာမျိုး လုပ်ပစ်လိုက်ရင် ဆက်သွယ်ဖို့ပါ ခက်ခဲသွားတာမျိုးရှိတယ်။ ဒါကြောင့် အိမ်အကူတွေ အရေးကိစ္စကြုံရင် အကောင်းဆုံးက သံရုံးကို ရောက်အောင်သွားပါ။ ဒါမှ မဟုတ် ပြည်တွင်း သို့မဟုတ် ပြည်ပမှာရှိတဲ့ ကိုယ့်နိုင်ငံသားအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပါ။ ဒါမှမဟုတ်ရင် မိမိနိုင်ငံခြားမရောက်မီက မိမိအချက်အလက်တွေ ပေးထားခဲ့သူကို ရအောင်ဆက်သွယ်ပြီး သူကနေတစ်ဆင့် တိုင်ကြားမှုလုပ်ငန်းစဉ်တွေကို ဆက်တိုက်လုပ်ဆောင်ပါ"ဟု ILO မြန်မာမှ နည်းပညာအကြံပေးအရာရှိချုပ် Ms. Jackie Pollock က ရှင်းပြသည်။

**ပြည်ပရောက်အလုပ်သမားများအားလုံးအတွက် အကူအညီများ**

နေပြည်တော်နှင့် ရန်ကုန်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်တွင် ရွှေ့ပြောင်းအလုပ်သမား ရေးရာဌာနခွဲမှ တိုင်တန်းမှု ယန္တရားဌာနနှစ်ခုကို ၂၀၁၃ ခုနှစ်ကတည်းက ဖွင့်လှစ်ထားခဲ့ပြီး ၂၄ နာရီ တိုင်တန်းနိုင်သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်နှင့်ထွက်ခွာရာ ခန်းမများတွင်လည်း မိမိအလုပ်အကိုင်အခြေအနေများကို တင်ပြခြင်း၊ အသိပေးခြင်း၊တိုင်တန်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် Migrant Reporting Center များ ဖွင့်လှစ်ထားသည်ကို မြင်တွေ့ရသည်။ ပြည်ပသို့ မသွား ရောက်မီ ယင်းဌာနများကို ဆက်သွယ်၍ လိုအပ်သည့် အကူအညီများ ချိတ်ဆက်မှုများကို လုပ်ဆောင်ထားခြင်းဖြင့် မိမိတို့အတွက် များစွာအထောက်အကူဖြစ်စေနိုင်သည်။

**စင်ကာပူနိုင်ငံရောက်အလုပ်သမားအချို့၏ တိုင်တန်းမှုယန္တရား**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေသန်းခေါင်စာရင်းအပေါ်မူတည်၍ ILO ၏ လေ့လာတွေ့ရှိချက်များအရ စင်ကာပူနိုင်ငံတွင် မြန်မာအလုပ်သမား ၇၉၆၅၉ ဦး ရောက်ရှိနေပြီး ယင်းတို့အနက်မှ လုပ်ငန်းခွင်ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မြန်မာသံရုံး၊ စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာန (MOM) သို့မဟုတ် Home၊ FAST နှင့် TWC2 စသည့် ရွှေ့ပြောင်းလုပ်သားရေးရာအဖွဲ့အစည်းများသို့ အမှုဖွင့်တိုင်ကြားကာ အခက်အခဲများကို တင်ပြတောင်းခံနိုင်သည်။ ထို့ကြောင့် အလုပ်အကိုင်ဖြင့် မသွားရောက်မီ ယင်းတို့ကို ချိတ်ဆက်ထားနိုင်ရန်မှာ မဖြစ်မနေ လိုအပ်လှသည်။

အလုပ်သမားအရေးကျွမ်းကျင်သူများ၏ အဆိုအရ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံမှ အိမ်အကူအလုပ်သမားများ အခြားနိုင်ငံတွင်အလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ထားသော်လည်း စင်ကာပူ၊ ဟောင်ကောင်နှင့် အခြားနိုင်ငံများသို့ သွားရောက်သည့် တရားမဝင်အိမ်အကူများကို ထိန်းချုပ်ရန် အခက်အခဲများစွာရှိနေသေးကြောင်း သိရှိရသည်။

**နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက် လုပ်ကိုင်ခြင်းဖြင့် ပြည်တွင်းတွင် ရရှိသည့် လုပ်အားခထက် ပိုမိုရရှိသည် မှန်သော်လည်း ကြုံတွေ့ရမည့် အခက်အခဲများစွာကို ရင်ဆိုင်နိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရင်ဆိုင်ဖြေရှင်းတတ်သည့် စွမ်းအင်များနှင့် လုပ်ငန်းပိုင်းကျွမ်းကျင်မှုတို့သည် အထူးအရေးကြီးသည်**

စာမျက်နှာ ၂၀ သို့

# ကျေးရွာသုံးထင်းစိုက်ခင်းမှထင်းများကို ဒေသခံပြည်သူများထံပေးအပ်

**တောင်သာ ဇွန် ၂၅**

တောင်သာမြို့နယ် နန်းမြင့်ကျေးရွာရှိ ၂/၂၀၀၄ ကျေးရွာသုံးထင်းစိုက်ခင်း ၁၅ ဧကမှ ထွက်ရှိသည့်ထင်း ၃ ဒသမ ၅တန်ကို ဒေသခံပြည်သူများသို့ ဖြန့်ဝေပေးခြင်း အခမ်းအနားကို ဇွန် ၂၁ရက်က အဆိုပါ စိုက်ခင်းအနီး၌ ကျင်းပရာ တိုင်း/ ခရိုင်/ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါကျေးရွာသုံးထင်းစိုက်ခင်းကို ၂၀၀၄ ခုနှစ်က တည်ထောင်ခဲ့ပြီး မဲဇလီ၊ ရှား၊ ယူကလစ်စသည့် သစ်မျိုးစုံကို ငါးနှစ်တစ်ကြိမ် ဒေသခံများထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသတွင်း ထင်းအသုံးပြုရန်အဆင်ပြေကြောင်း သိရသည်။

"ဒါရောဆို ထင်းရတာ နှစ်ကြိမ်ရှိပြီ။ ထန်းလျက်ချက်တယ်။ထမင်းချက်တယ်။ ချည်ဆိုးဆေးအတွက် မီးသုံးရတယ်။ ကိုယ်ပိုင်ယာခင်းမှာ ထင်းအတွက် စိုက်ထားတာလည်းရှိပါတယ်။ နိုင်ငံတော်က အခုလို စနစ်တကျစိုက်ပျိုးပြီးဝေတော့ အခြားသစ်ပင်တွေ မခုတ်ဖြစ်တော့ဘူးပေါ့" ဟု နန်းမြင့်ရွာဒေသခံတစ်ဦးက ပြောသည်။

တောင်သာမြို့နယ်တွင် ထင်းနှင့်မီးသွေးကို အဓိကထား သုံးစွဲနေရာ သဘာဝသစ်တောကို မှီခိုအားထားနေရဆဲဖြစ်၍ ယခုကဲ့သို့ကျေးရွာပိုင် ထင်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့် ပုဂ္ဂလိကပိုင်သစ်တော စိုက်ခင်းများ တည်ထောင်လာခြင်းဖြင့် ထင်း၊ သစ်၊ တိုင်၊ မျောစသည့်အခြေခံ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် သဘာဝသစ်တောကို မှီခိုမှု လျော့နည်းစေရေးအတွက် သစ်တောပြုစုပျိုးထောင်ရေးတွင် ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ်အလိုက် စီမံကိန်းများချမှတ်လျက် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ စိုက်ခင်းတွေ၊ တောခြံတွေ ထိန်းသိမ်းကာကွယ်တာတွေ၊ ထင်းအစား အခြားလောင်စာသုံးစွဲရေးနဲ့ ရေရရှိရေးလုပ်ငန်းတွေကို ၁၉၉၇ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းစိုက်ခင်းတွေနဲ့ အခြားစိုက်ခင်းတွေကို တည်နေရာအလိုက် စိုက်ခင်းအမှတ်တွေ သတ်မှတ်ကာ ကေပေါင်းတစ်သောင်းကျော် ထိန်းသိမ်းထားပါတယ်" ဟု တောင်သာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိ ဦးတင်မိုးက ပြောသည်။ **လင်းလက်ကြယ်(တောင်သာ)**



---

*စာမျက်နှာ ၁၉မှ အဆက်*

"တရားမဝင်အိမ်အကူတွေအနေနဲ့ ဆိုက်ရောက်နိုင်ငံရဲ့ အမျိုးသားဥပဒေအရ ခံစားခွင့်ရှိတဲ့ သူတို့တွေရဲ့အခွင့်အရေးတွေကို တောင်းဆိုနိုင်ခြင်းမရှိတဲ့အပြင် အလုပ်ရှင်တွေရဲ့ ခေါင်းပုံဖြတ်ခြင်း၊ နှောင့်ယှက်စော်ကားခြင်းတွေနဲ့ အလွဲသုံးစားပြုခြင်းတွေကို ရင်ဆိုင်နေကြရမှာပါ။ ဒီကိစ္စအတွက် မြန်မာအစိုးရအနေနဲ့ အကူအညီ အထောက်အပံ့ပေးဖို့ တရားဝင်အာဏာမရှိပါဘူး။ ကျွန်မတို့အတွေ့အကြုံအရ ပုံစံမကျတဲ့ အကူအညီတွေကိုပဲ ပေးနိုင်ခဲ့တယ်"ဟု Ms. Jackie Pollock က ဆက်လက်ပြောပြသည်။

**ILO မြန်မာ၏ အကြံပြုချက်များ**

အစိုးရအနေဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများ၏ တိုင်ကြားမှုများ၊ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် သီးခြားအစိုးရဌာနတစ်ခု၏ လုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများအား ဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်နေပြီး ယင်းတို့ကို စုံစမ်းစစ်ဆေးနိုင်ရန် လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ အလုပ်ရှင်များအား တိုက်ရိုက်တာဝန်ခံမှုရှိစေရန် ချုပ်ကိုင်ခြင်း၊ ပြည်ပရောက်အလုပ်သမားများ၏ တိုင်ကြားမှုများကို ဖြေရှင်းပေးရန် သံရုံးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းများ ပိုမိုဆောင်ရွက်သင့်ကြောင်း ILO မြန်မာရုံးမှ သိရသည်။ လက်ရှိတွင် သံရုံးအချို့သည် အလုပ်သမားတိုင်ကြားမှုများကို ကိုင်တွယ်ဆောင်ရွက်ရန် စွမ်းဆောင်ရည်နှင့် ဝန်ထမ်းအင်အားလုံလောက်မှုမရှိသေးသည်ကို မြင်တွေ့ရသည်။ အလုပ်သမားအရေး ကူညီသူများအနေဖြင့် သံရုံးနှင့်သက်ဆိုင်ရာ အာဏာပိုင်များထံ အမှုကိစ္စများ လွှဲပြောင်းပေးပြီး နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ရန် အခက်အခဲများ ရှိနေသေးသည်ကိုလည်း မြင်တွေ့ရသည်။

**ကိုယ့်အချက်အလက်တွေကိုထိန်းသိမ်းပါ**

နိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ အလုပ်ပါမစ်၊ စာချုပ်များနှင့် အခြားစာရွက်စာတမ်းများကို မိတ္တူကူးယူကာ မိသားစု၊ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများထံ အပ်နှံခြင်း၊ ဆိုက်ရောက်နိုင်ငံရောက်ရှိပါကလည်း စိတ်ချရသည့် နေရာတွင်သိမ်းဆည်းခြင်း၊ အပိုမိတ္တူများကို မိမိနှင့်တစ်ပါတည်း ဆောင်ယူထားခြင်းတို့ကို ပြုလုပ်သင့်ကြောင်း အကြံပြုထားသည်။

**အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ထားပါ**

ပြည်တွင်းမှမထွက်ခွာမီ အရေးကြီးသော အဆက်အသွယ်များကို ကြိုတင်စာရင်းပြုစုထားရန်လိုအပ်ပြီး ယင်းတို့ကို မိမိဆောင်ယူသွားသင့်သကဲ့သို့ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများထံတွင်လည်း ထားရှိခြင်းဖြင့် ဖုန်းများ၊ လိပ်စာများကို ကိုယ်နှင့်မကွာ ဆောင်ယူထားသင့်ကြောင်း သိရသည်။

**ကူညီနိုင်သူများနှင့် ကြိုတင်ချိတ်ဆက်ထားပါ**

မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ပုံမှန်ဆက်သွယ်၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းကြောင်း အသိပေးထားနိုင်သကဲ့သို့ ပုံမှန်မည်သို့ ဆက်သွယ်မည်ဟူသည့် လမ်းကြောင်းတစ်ရပ်ကိုလည်း တည်ဆောက်ထားရန် လိုအပ်ကြောင်း ILO က အကြံပြုထားသည်။ သို့မှသာ မိသားစုသို့မဟုတ် မိမိအကြောင်းသိသူတစ်ဦးက မိမိအန္တရာယ်တစ်ခုခု ကျရောက်မည်ဆိုပါက တွက်ချက်သိရှိနိုင်စေရန် ဖြစ်သည်။

**ဆက်သွယ်အကူအညီတောင်းနိုင်သည့် ဖုန်းနံပါတ်များ**

ပြည်တွင်းပြည်ပအလုပ်လုပ်ကိုင်နေကြသည့်မြန်မာအလုပ်သမားများအတွက် ကိုယ်တိုင်ဖြစ်စေ၊ မိသားစု၊ ဆွေမျိုးသားချင်းများမှဖြစ်စေ မည်သူမဆိုလိုအပ်ချက်များကို အကူအညီရယူနိုင်ရေးအတွက် Complaints Mechanism Center သို့ ၂၄ နာရီ ကာလပတ်လုံးတိုင်ကြားနိုင်ပြီး လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ နေပြည်တော် Complaints Mechanism Center မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁) ဖြစ်ပြီး ဖုန်းနံပါတ်မှာ ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄ တို့ဖြစ်ကြသည်။ ရန်ကုန် Complaints Mechanism Center မှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈/၁) နဂါးရုံဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ဖြစ်ပြီး ဖုန်းနံပါတ်များမှာ ၀၁- ၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇ တို့ထံသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။


ကျေးဇူးတင်လွှာ
၁၀

မြန်မာစွန့်ဦးတီထွင်ပွဲတော်
၁၀

Organized by :
MYEA
MYANMAR YOUNG ENTREPRENEURS ASSOCIATION

မြန်မာစွန့်ဦးတီထွင်ပွဲတော်သို့ ကြွရောက်ချီးမြှင့်အားပေးပါသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဝန်ကြီးဌာနများမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ UMFCCI မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း နှင့်တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သံရုံးများ၊ INGO များ၊ ပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးပါသော Sponsor ကုမ္ပဏီများ၊ Contributor များ၊ Media Partner များနှင့် Food and Beverages Sponsor များ၊ Panel Discussion များတွင် ပါဝင်ပေးပါသော Panelist များ၊ Expert Talk များတွင် ပါဝင်ပေးပါသော Speaker များ၊ ပြပွဲတွင်ပါဝင်ပြသပေးပါသော Cooperate ကုမ္ပဏီများ၊ SME များ၊ Start-Up များ၊ Education Zone တွင် ပါဝင်ပေးပါသော Business School များ၊ Pitching Programme များတွင် ပါဝင်ပေးပါသော Judge များ၊ Investor များနှင့် ပြပွဲလာရောက်ကြည့်ရှုပါဝင်ခဲ့ကြသူများ၊ မြန်မာစွန့်ဦးတီထွင်ပွဲတော် ဖြစ်မြောက်ရေးကော်မတီ၊ MYEA မှ CEC/EC များ၊ Working Group အဖွဲ့ဝင်များ၊ MYEA Member များအား မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)

Contributors :

- Yum Yum
- Grand Palace Myanmar Teamix
- Coca Cola
- SP Bakery
- Jack n Jill
- Heineken
- TOYO Battery
- Yanmar
- Myat Yadanar
- Myanmar Hand in Hand
- Mamper
- Popular
- MRTV 4
- Microsoft
- Toybox
- Marn Htet Chi
- 39 Media
- Youth International College
- STA's Creation
- B2B
- Happy World
- Zarni LED
- ပွင့်သစ်ရွှေ

Gold Sponsor :
Mega Ace Cineplex

Silver Sponsors :
awba
Global Technology
KBZ BANK

Internet Sponsor :
5BB Broadband

Automobile Partner :
CHEVROLET


Red Bull
ကျွဲရိုင်း ရဲ့
အသစ်ပြောင်းလဲလိုက်သော
အလူမီနီယံဘူးသစ်
အသစ်!
KRATINGDAENG
Red Bull
ENERGY DRINK
TAURINE
Taurine
Taurine က ခန္ဓာကိုယ်ဖွဲ့ စည်းပုံကို တိုးတက်စေတယ်။
စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး အာရုံစူးစိုက်မှုကို အားကောင်းစေတယ်။
B-COMPLEX
B Complex
B-Complex က ဦးနှောက်နဲ့ အာရုံကြောကို
အထောက်အကူ ဖြစ်စေပြီး တွေးခေါ်စဉ်းစားမှုကို ထက်မြက်စေတယ်။
CAFFEINE
Caffeine
ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် တွေးခေါ်စဉ်းစားမှုကို
လန်းဆန်းထက်မြက်စေတယ်။
Red Bull Myanmar ကို Like လုပ်ခြင်းဖြင့်
ပျော်ရွှင်စရာ အတွေ့အကြုံများကို ရယူခံစားလိုက်ပါ။
https://www.facebook.com/redbullmyanmar/
PACK OF 6 CANS
6X CANS 250ml
ENERGY DRINK
Red Bull
ဆိုင်တိုင်းတွင်
အလွယ်တကူ
ရနိုင်ပါပြီ။


မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
ငွေစုဘဏ်စာရင်း
မြန်မာ့ရှေ့ဆောင်ဘဏ် Myanma Apex Bank
ငွေစာရင်းစာအုပ် SAVINGS DEPOSIT PASS BOOK
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date | Code | Withdrawal | Deposit | Balance
01.05.2017 | CHD | | 500,000.00 | 500,000.00
05.05.2017 | CHD | | 500,000.00 | 1,000,000.00
15.05.2017 | CHW | 700,000.00 | | 300,000.00
29.05.2017 | CHD | | 1,000,000.00 | 1,300,000.00
ယခင်အတိုးတွက်ပုံစံ
(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၂,၁၂၅ကျပ်
ယခုအတိုးတွက်ပုံစံ
(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၄,၆၈၀.၈၀ကျပ်
Scan QR Code with your Smart Phone to Find MAB Branches
Hotline: (951) 8610612

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5K/8022 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**






















ORIGANIZED BY
myanmar GH
we care your future
Myanmar Golden Hand
မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြီးမားဆုံးပြသည့်
THE FIRST & THE LARGEST
DIGITAL INKJET PRINTING
SIGN EXPO IN MYANMAR (2017)
July လ(၁၅ - ၁၆) ရက် နှစ်ရက်ကိုကြိုတင် စာရင်းပေးသွင်းထားသော visitor များကို Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။
HOT LINE : 09-777588878 , 09-777588898
Venue : Tamadaw Hall,U Wisara Road,Yangon.
Date : July 14th to 16th 2017
Time : 9:00 to 5:30
ပါဝင်ပြသမည့်ပစ္စည်းများ
Digital Inkjet Machine
HP Latex Printer
Textile Printing Machine
CNC Cutter Machine
Laser Cutter Machine
Display Products အမျိုးမျိုး
UV Flatbed & Roll to Roll Machine
MAIN SPONSORS BY
GOLDEN HEROES COMPANY LIMITED
New Harmony
Digital Inkjet Printing & Material
CO SPONSORS BY
ASP
MARS
iPentum TECHNOLOGY
EVER LUCKY


PREMIER COFFEE
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ
အထူးဆုကြီး
ငွေကျပ် သိန်း (1000) ကံထူးရှင်
ထွက်ပေါ်လာပါပြီ
ကျပ်သိန်း ၁၀၀၀
ဒေါ်အေးအေးမာ
၉/မနမ(နိုင်)၀၂၅၁၈၀
သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။

## ဦးအုံကြီး (ပြင်ဦးလွင်)
### (ဘီတီဘရားသား)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၀နေ (ချင်းတွင်းနယ်မြေ သစ်တောဝန်ထောက် ဦးဘာတာချာဂျီ - ဒေါ်ဒေါ်ဝင်း)တို့၏သား၊ (PWD) ဦးစိန်ပင်-ဒေါ်ထွေးတို့၏သားသမက်၊ ဒေါ်မေညွန့်၏ခင်ပွန်း၊ ဦးဘတူ (ဘီတီဘရားသား)၊ ဒေါ်မြခင်၊ ဦးဘဖြူတို့၏ညီ/မောင်၊ ဦးဘသိန်း၏အစ်ကို၊ ဦးရေချမ်း-ဒေါ်အာရုဏ်ဦး၊ ဦးချမ်းပို၊ ဒေါ်ခင်မေအုံကြီး-ဒေါက်တာထူးမောင်အုံးတို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၆-၂၀၁၇ရက် ည ၉း၂၅နာရီတွင် ပါရမီဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(သံလွင်လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာမျိုးမြင့်
### Ph.D (Scotland, Edinburgh, UK)
### ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်
### ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး/ပညာရေး)
### အသက်(၆၄)နှစ်

ဆရာကြီးဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ဝန်ထမ်းများ၊ တောင်ကြီးတက္ကသိုလ်**

---

## မောင်မြတ်သီဟဇော်(ခ) Jim
### MISY Year 5
### အသက်(၁၀)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်းနေ ဦးထွန်းအောင်ကျော်-ဒေါ်ဦးကျော့သာ(မေခလာသစ်ခွဲစက်)၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၇၆၊ မြေညီထပ်နေ ဦးသိန်းထွန်းမောင်-ဒေါ်မြမြတို့၏မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၃-က)နေ ဒေါက်တာဇော်ဇော်ထွန်း(ညွှန်ကြားရေးမှူး၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)-ဒေါ်ခင်မြတ်မော် (ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်)၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ မမြတ်မဈ္ဈူသိမ်း(MISY Year 8)၏မောင်၊ ဦးကျော်မြတ်ထွန်း(USA)၊ ဦးအောင်မြတ်စိုး(U.S.A) MARGA LARRAZABAL-SOE(USA)၊ ဦးစိုးမြတ်နိုင်-ဒေါ်ယမင်းရွှေစင်ထွန်းတို့၏တူ၊ MAYA၏မောင်၊ မလဝန်းမြတ်ရွှေရည်၏အစ်ကိုသည် ၂၃-၆-၂၀၁၇ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီ၊ ရွှေဘုံသာလမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်မြတ်သီဟဇော်(ခ) Jim
### MISY Year 5
### အသက်(၁၀)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်းနေ ဦးထွန်းအောင်ကျော်-ဒေါ်ဦးကျော့သာ(မေခလာသစ်ခွဲစက်)၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၇၆၊ မြေညီထပ်နေ ဦးသိန်းထွန်းမောင်-ဒေါ်မြမြတို့၏မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၃(က)နေ ဒေါက်တာဇော်ဇော်ထွန်း(ညွှန်ကြားရေးမှူး၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)-ဒေါ်ခင်မြတ်မော်(ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်)၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ မမြတ်မဈ္ဈူသိမ်း(MISY Year 8)၏မောင်သည် ၂၃-၆-၂၀၁၇ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(ကျောက်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီ၊ ရွှေဘုံသာလမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်မြတ်သီဟဇော်(ခ) Jim
### MISY Year 5
### အသက်(၁၀)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးထွန်းအောင်ကျော်-ဒေါ်ဦးကျော့သာ(မေခလာသစ်ခွဲစက်)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၇၆၊ မြေညီထပ်နှင့် ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ အမှတ်(၃-က)၊ ဇမ္ဗူရာဇ်လမ်းနေ ဦးသိန်းထွန်းမောင်-ဒေါ်မြမြတို့၏မြေး၊ ဒေါက်တာဇော်ဇော်ထွန်း(ညွှန်ကြားရေးမှူး၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)-ဒေါ်ခင်မြတ်မော်(ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်)၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ မမြတ်မဈ္ဈူသိမ်း(MISY Year 8)၏မောင်၊ (ဦးကျော်မြသိန်း)-ဒေါ်အေးအေးထွန်း၊ ဦးကိုကိုထွန်း(လဝကမှူး)-ဒေါ်စောစောဦး၊ ဦးသန်းမြ-ဒေါ်မြမြထွန်း(ဝေသာလီကားပစ္စည်းဆိုင်)၊ (ဦးမြသိန်းအောင်)-ဒေါ်ဒေစီထွန်း၊ ဦးမောင်မောင်ထွန်း(မေခလာ သစ်ခွဲစက်)- ဒေါ်ဦးသန်းမေ၊ ဗိုလ်ကြီးသိန်းမြင့်(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်သိန်းသိန်းထွန်း(ထ-၅၊ မ/ဒဂုံ)၊ ဦးညီညီထွန်း(မေခလာသစ်ခွဲစက်)-ဒေါ်စောစောဝင်း၊ ဦးအောင်အောင်ထွန်း-ဒေါ်အေးသန္တာတို့၏တူ၊ မောင်နှမ ၁၇ယောက်တို့၏ညီ/မောင်သည် ၂၃-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်မြတ်သီဟဇော်(ခ) Jim
### MISY Year 5
### အသက်(၁၀)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးထွန်းအောင်ကျော်-ဒေါ်ဦးကျော့သာ(မေခလာ သစ်ခွဲစက်)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၇၆၊ မြေညီထပ်နှင့် ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၃-က)နေ ဦးသိန်းထွန်းမောင်-ဒေါ်မြမြတို့၏မြေး၊ ဒေါက်တာဇော်ဇော်ထွန်း(ညွှန်ကြားရေးမှူး၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)-ဒေါ်ခင်မြတ်မော်(ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်)၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ မမြတ်မဈ္ဈူသိမ်း(MISY Year 8)၏မောင်၊ ဒေါ်အေးသီရိကျော် (UN-OCHA)၊ ကပ္ပတိန်ဦးကျော်ဝင်းထွန်း-ဒေါက်တာခိုင်မွန်သိန်း၊ ဦးကောင်းဆက်လင်း(အင်/ယာ၊ စင်ကာပူ)၊ ဒေါ်မြစန္ဒီ(အင်/ယာ)၊ ဒေါ်ညိုမီလှိုင် (B.A Tourism)၊ မောင်မျိုးခန့်သိန်း၊ ဒေါ်ငွေဇာသွယ်(မြဝတီဘဏ်)၊ မမြကြာနွယ်၊ မသီရိကြွယ်၊ မောင်အောင်ဇော်ဦး၊ မလှိုင်လှိုင်ဖြိုး၊ မောင်အောင်မျိုးသန့်၊ မောင်အောင်မျိုးမြတ်၊ မမြတ်သူသူထွန်း၊မမြတ်ပိုပိုသွယ်တို့၏ညီ/မောင်၊ မစန္ဒီလင်း၏အစ်ကိုသည် ၂၃-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

## ဒေါ်လှစိန်
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၃)ပုဇွန်တောင်
### အထက်တန်းပြ(ငြိမ်း)၊အထက(၁)ကမာရွတ်၊အထက(၁)ပုဇွန်တောင်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၀(မြေညီထပ်)နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးတင်ညို)၏ဇနီး၊ ဒေါက်တာအောင်မင်း-ဒေါက်တာအေးအေးလှ၊ (ဦးသိန်းဆွေ-ဒေါ်ခင်ညိုလေး)၊ ဦးအောင်ဘော်၊ ဦးအောင်သန်း-ဒေါ်စန်းလေး၊ ဦးခင်မောင်မောင်-မအေးအေးသန့်၊ ဒေါ်ခင်မမညို၊ ဦးစိုးလွင်ဦး-ဒေါ်အေးအေးသန့်၊ ဒေါ်အေးထွေးညိုတို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၄-၆-၂၀၁၇ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ သား၊ သမီးတစ်စု

---

## ဒေါ်လှစိန်
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၃)ပုဇွန်တောင်
### အထက်တန်းပြ(ငြိမ်း)၊အထက(၁)ကမာရွတ်၊အထက(၁)ပုဇွန်တောင်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၀(မြေညီထပ်)နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ သားသမီး ရှစ်ယောက်တို့၏မိခင်၊ ကိုမင်းကျော်သူဟိန်း၊ မလွင်မိုးအောင်၊ ကိုဝင်းနိုင်၊ ကိုဇော်ဝင်းပိုင်၊ မနှင်းထွေးလှိုင်၊ ကိုAndrewဘော်၊ ကိုထွန်းလင်းဘို၊ မတင်တင်အေး၊ ကိုညီညီလင်း၊ ကိုအောင်ပြည့်စုံ၊ ကိုဖြိုးလှိုင်မောင်၊ ကိုရဲရင့်မောင်မောင်၊ ကိုစိုးလှမင်း၊ ကိုအောင်ဖြိုးသူ၊ ကိုစွမ်းဆက်အောင်၊ ကိုငြိမ်းချမ်းအောင်၊ မယမင်းသန့်၊ မသက်ထားလွင်၊ မဆုဝေဖြိုး၊ မဖြူဖြူကျော်၊ မထွေးဝတ်ရည်၊ မခင်ရတနာကျော်တို့၏အဘွားသည် ၂၄-၆-၂၀၁၇ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မြေးတစ်စု

---

## ဦးလှမြင့်
### ရုံးအုပ်(မြန်မာ့ရေနံ၊ ငြိမ်း) သန်လျင်
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊မြို့သစ်အနောက်ရပ်ကွက်၊မင်္ဂလာလမ်း၊ အမှတ် ၁၆နေ (ဦးဘသော်-ဒေါ်စောရင်)တို့၏သား၊ (ဦးချစ်စိန်-ဒေါ်သင်းထုံ)တို့၏သားသမက်၊ (ဒေါ်ရှုဝါ)၏ခင်ပွန်း၊ (ဦးကြည်ဝင်း)-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးခင်မောင်ထွန်း-ဒေါ်သီတာမော်၊ ဦးသန်းထိုက်-ဒေါ်လေးလေးမြင့်၊ ဦးကြည်လင်း၊ ဦးညီညီထိုက်-ဒေါ်ဝင်းစန္ဒာ၊ ဦးသန်းလွင်-ဒေါ်ဝင်းသန္တာတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အရာခံဗိုလ်ဘအေး(လေ/ငြိမ်း)၊ လေ/၁၆၂၄၅
### အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နေ(ဦးမောင်သာနီး-ဒေါ်ဖြူမရှီ)တို့၏သား၊ ဒေါ်စံဝင်းနု၊ ဦးကျော်ဝင်း၊ ဒေါ်လှမြသိန်း၊ဒေါ်ထွေးကြည်တို့၏အစ်ကို၊ မိတ္ထီလာမြို့၊ ဝါသုတိုးချဲ့ရပ်ကွက်၊ ပုဂံလမ်းနေ ဒေါ်ဦးစောယဉ်၏ခင်ပွန်း၊ ဒေါ်ရွှေဝါခိုင်(အထက-၅၊ ရှမ်းတဲ)၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမြတ်၊ ဗိုလ်မှူးကြီးမြတ်ခိုင်-ဒေါက်တာခင်ကျော့စံတို့၏ဖခင်၊ မဝင်းမြတ်သီရိအောင်၊ မောင်ကောင်းမြတ်စံ၊ မောင်မင်းမြတ်စံတို့၏အဘိုးရှင်သည် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၆း၁၀နာရီတွင် မြို့တော်ဆေးရုံ(မန္တလေး)၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးနေဝင်း
### အသက်(၆၁)နှစ်

ဖျာပုံမြို့နေ(ဦးစိန်-ဒေါ်သန်းလှ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးရွှေ-ဒေါ်ဝိုင်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော ၃လမ်း၊ အမှတ် ၁၁၀(ပထမထပ်)နေ ဒေါ်လွင်လွင်သန်း၏ခင်ပွန်း၊ မဝင်းစန္ဒာ၊ မောင်အောင်ထက်တို့၏ဖခင်သည် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့) ည ၁၀း၃၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## J-VIGENA (ခ)
## ဒေါ်သန်းသန်းမြင့်
### အသက်(၅၆)နှစ်
## J-ASUNTHA (ခ)
## ဒေါ်အေးအေးကြူ
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ ၆လမ်းအနောက်၊ အမှတ် ၂၀၉နေ ဦး A-JOSEPH-ဒေါ်ကာရိုလင်းတို့၏သမီး၊ ဒေါ်SELENA (ခ)ဒေါ်သန်းသန်းဆင့်၊ ကိုအန်ထော်နီ၊ PIAS(ခ)ကိုစိုးမင်း-ဒေါ်JOSEPHINE, SIMON (ခ) ကိုညိုမင်း-ဒေါ်မရီနား၊ ကိုPETERတို့၏အစ်မ/ညီမ၊ MARK၏မိခင်၊ တူ လေးယောက်တို့၏အဒေါ်သည် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကန်တော်ကလေး St ANTHONY ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၆-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံသိန်း အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်၊ ရဲတံခွန်လမ်း၊ အမှတ် ၁၂၄၈နေ (ဦးသောင်း-ဒေါ်အေး)တို့၏သား၊ (ဒေါ်အေးသန်း)၏ခင်ပွန်း၊ ဒေါ်စောကလျာ၊ ဦးတင်မြင့်-ဒေါ်မိုမိုစံ၊ ဦးအောင်မင်းဦး - ဒေါ်ဇင်မာငြိမ်းစိုးတို့၏ဖခင်၊ မောင်ရဲမင်းအောင်၊ မောင်အောင်ငြိမ်းမြတ်၊ မလှယမင်းဦး၊ မောင်လင်းမြတ်အောင်၊ မောင်ထင်လင်းအောင်၊ မောင်ကောင်းမြတ်အောင်၊ မောင်ဘုန်းမြတ်အောင်တို့၏အဘိုးသည် ၂၄-၆-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၇ရက် နံနက် ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## AL HAJJAH SHA RIFAH
## (ခ)ဟာဂျီမဒေါ်ခင်မျိုးညွန့်
## (ခ)ဒေါ်ဘောဘီ အသက်(၇၄)နှစ်
### စက်မှု ထွေ/ထိန်း(ငြိမ်း)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၄၈ (A7) နေ ဟာဂျီ ဦးဖေမြင့်၏ဇနီး၊ ဦးညွန့်ဝင်းမြင့် (U.S.A)-ဒေါ်စန္ဒာမျိုးသူဝင်း(U.S.A)၊ ဦးညွန့်မင်းမြင့် (U.S.A)တို့၏ မိခင်သည် ၂၃-၆-၂၀၁၇ရက် ညနေ ၆း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်တွင် ပိန္နဲကုန်း ဂျာမေဗလီ၌ ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသင်းမောင် (ပုသိမ်မြို့)
### စား/ဖျော်ကော်ပိုရေးရှင်း (ပြည်သူ့မုန့်တိုက်)
### အသက်(၈၈)နှစ်

ပုသိမ်မြို့၊ အမှတ် ၁၊ တဂေါင်းဘုရားလမ်းနေ(ဦးဘတင်-ဒေါ်ထွေးရင်)တို့၏သား၊ (ဦးလှမောင်-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ တိုက် ၅၊ အခန်း ၁နေ ဒေါ်စိုးစိုး(ကုန်သွယ်/ပုံနှိပ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမော်ဦး(C/O, St. John Ship Management)-ဒေါ်စန္ဒာတင်ထွန်း၊ ဒေါ်သန္တာသင်း(Asst: Director) (United Amara Bank)တို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းသက်လတ် (Hwawei Co. Ltd)၏ အဘိုးသည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
### သက်ကြီးကန်တော့ခံ
## ဦးသင်းမောင် (ပုသိမ်)
### ပုသိမ်အသင်းအမှုဆောင်
### အသက်(၈၈)နှစ်

ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ အမှတ် ၁နေ (ဦးဘတင်-ဒေါ်ထွေးရင်)တို့၏သား၊(ဦးလှမောင်-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ရန်ကုန်မြို့၊ပြည်တော်သစ်ရိပ်သာ၊အောက်ပုဇွန်တောင်၊ တိုက် ၅၊ အခန်း ၁နေ ဒေါ်စိုးစိုး(ကုန်သွယ်/ပုံနှိပ်)၏ခင်ပွန်း၊ဦးဝင်းမော်ဦး(C/O,st, Johnship Management)-ဒေါ်စန္ဒာတင်ထွန်း၊ ဒေါ်သန္တာသင်း (Asst; Director) (United Amana Bank)တို့၏ဖခင်၊ မောင်မင်းသက်လတ် (Hwawei Co., Ltd)၏ အဘိုးသည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်စိမ်းမြ (လပွတ္တာ)
### အသက်(၈၆)နှစ်

လပွတ္တာမြို့နေ (ဦးဖိုးထိုက်-ဒေါ်ဖွားဆုံ)တို့၏သမီး၊ (ဦးကျော်ရှိန်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဌေးအောင်-ဒေါ်ဌေးဌေး၊(ဦးလှိုင်ဝင်း)-ဒေါ်လှလှဌေး၊ဦးခင်ဇော် (လက်ထောက် ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေး) - ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးမြင့်အောင်-ဒေါ်ခင်မေလွင်၊ ဦးကျော်နိုင်-ဒေါ်ဝင်းဝင်းနု၊ ဦးကျော်ဝင်းထိန်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၆-၂၀၁၇ရက် ည ၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၀၁၊ စက်တွင်းလမ်း၊ အလုံမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်စိန်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ ပဏ္ဍိတလမ်းသွယ်၊ အမှတ် ၇နေ (ဦးခဲလွင်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးစောယုံတေ-ဒေါ်ဟောင်ရုတ်)တို့၏သမီးချွေးမ၊ (ဦးစောကင်စိန်)၏ဇနီး၊ မသင်းသင်းမွန်၊ ကိုသိန်းနိုင်၊ မအေးအေးသင်း၊ ကိုမျိုးနိုင်၊ ကိုမျိုးလှိုင်၊ ကိုဝင်းနိုင်-မနွဲ့နွဲ့နှင်းအေး၊ ကိုယဉ်ထွေးတို့၏မိခင်၊ မောင်သန်းဝင်းအောင်၊ မချောနဒီဖူးနိုင်တို့၏အဘွားသည် ၂၄-၆-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်)။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝီရိယ မဟာထေရ်
### လက်ပံပင်ကျောင်းတိုက်၊ စလင်းမြို့နယ်
### သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

မကွေးတိုင်းဒေသကြီး၊စလင်းမြို့၊ လက်ပံပင် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝီရိယ မဟာထေရ်သည်(၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၇ရက်) ၃၀-၆-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတား၊ရေကန် ဒါယကာကြီး
## ဆရာကြီးဦးကျော်အေး
### ကျောင်းအုပ်ကြီး(ငြိမ်း)၊ အမက(၂၆)သာကေတ
### အမက(၃)သာကေတ၊ ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ကန်တော့ခံပုဂ္ဂိုလ်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာလမ်း(၂၀)အနောက်၊ အမှတ် ၁၈နေ (ဦးချမ်းမြ-ဒေါ်သိန်းနွဲ့)တို့၏သား၊ (ဒေါ်တင်ပု)၏ခင်ပွန်း၊ (ဦးနန်းမြင့်)-ဒေါ်ရီရီ၊ (ဦးစန်းမြင့်)၊ (ဦးမျိုးမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်ညွန့်ညွန့်ကြည်)တို့၏အစ်ကို၊ ဦးထွန်းသန်းဦး-ဒေါ်စုစုလွင်၊ ဦးရဲကျော်စွာ-ဒေါ်ရီရီလွင်တို့၏ဖခင်၊ ကိုကျော်ရဲလွင်၊ ကိုဇင်ဖြိုးအောင်၊ ကိုသော်ရဲလွင်၊ မအိသဥ္ဇာအောင်တို့၏ဘိုးဘိုးကြီးသည် ၂၄-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသင်းမောင်(ပုသိမ်မြို့) အသက်(၈၈)နှစ်
### စား/ဖျော်ကော်ပိုရေးရှင်း(ပြည်သူ့မုန့်တိုက်)

ပုသိမ်မြို့၊ အမှတ် ၁၊ တဂေါင်းဘုရားလမ်းနေ (ဦးဘတင်-ဒေါ်ထွေးရင်)တို့၏သား၊ (ဦးလှမောင်-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ တိုက် ၅၊ အခန်း ၁နေ ဒေါ်စိုးစိုး(ကုန်သွယ်/ပုံနှိပ်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးမောင်)-ဒေါ်ခင်ညို၊ ဒေါ်သိန်းသိန်း၊ (ဦးလွန်းမောင်)၊ (ဦးဟန်တင်-ဒေါ်ယဉ်မေ)၊ ဦးစိုးမြင့်-ဒေါ်ကြင်မေ၊ ဦးသိန်းညွန့်၊ (ဦးဝင်းမြင့်)၊ ဦးတင့်ထွန်း-ဒေါ်မြမြဝေ၊ ဒေါ်မြမြဌေးတို့၏ညီ/အစ်ကိုသည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရားဒါယကာကြီး
## ဦးသိန်းမောင် (ဆလရ၊ ငယ်/ယာ၊ ငြိမ်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးသောင်း-ဒေါ်ကျင်ဇ)တို့၏သား၊ ဘီးလင်းမြို့နေ(ဦးပြုံး-ဒေါ်ပါစာ)တို့၏သားသမက်၊ ဒေါ်နုနု၊ ဦးသိန်းအောင်တို့၏မောင်/ညီ၊ ဒေါ်ခင်ခင်ရွှေ၊ ဦးသိန်းထွန်း-ဒေါ်ကျင်လှ၊ ဦးလှရွှေ-ဒေါ်မြင့်မြင့်သန်း၊ ဦးထိန်ဝင်း-[ဒေါ်သိန်းသိန်း(ခ)ဝိုင်း]၊ ဦးအေးချို-ဒေါ်တင်တင်ဝင်း၊ ဦးပြုံး-ဒေါ်ရွှေဝါ၊ (ဒေါ်အေးအေးမြင့်)တို့၏အစ်ကို၊ အမှတ် ၄၇၇၊ ဦးထွန်းမြင့်လမ်း၊(၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်နုနုကြည်၏ခင်ပွန်း၊ ဦးအောင်ကျော်ထွဋ်(MTT Shipping)၊ ဒေါ်ဖြိုးစုသက်(ကထိက၊စာကြည့်တိုက်နှင့်သုတပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ တူ၊ တူမ ၁၃ယောက်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးအောင်ကျော်သန်း(ခ)ပါကြီး
### အသက်(၆၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အမှတ် ၁၆နေ [(ဗိုလ်ကြီးအုန်းကျော်) တပ်မတော်-လေ(ငြိမ်း)-(ဒေါ်ပု)] အမေပု ဆန်ဆိုင် မင်္ဂလာဒုံဈေးတို့၏သား၊ [ဦးတင်ရွှေ၊ ဆေးအရာခံဗိုလ်(ငြိမ်း)]-ဒေါ်တင်ရီတို့၏သားသမက်၊ ဦးလှမြင့်[တရားရုံးချုပ် ညွှန်မှူး(ငြိမ်း) တရားလွှတ်တော်ရှေ့နေ]-ဒေါ်ညွန့်ညွန့်၊ ဦးတင်ဦးတို့၏ညီ/မောင်၊ ဦးသိန်းဇော်-ဒေါ်အေးအေးထူး(ဒုဦးစီး၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒေါ်သန်းသန်းမော်(အမေပု ဆန်ဆိုင်၊ မင်္ဂလာဒုံဈေး)၊ ဒေါ်ဝင်းဝင်းမော်(အထက-၅၊ မင်္ဂလာဒုံ)၊ ဒေါ်အေးအေးမော်၊ ဦးအောင်ကျော်သူ(ခေတ္တ-UK)-ဒေါ်နီလာလွင်(ခေတ္တ-UK)၊ (ဦးသော်တာအောင်)တို့၏အစ်ကို၊ ကိုမြတ်သူအောင်-မဝင့်ဝါရွှေ(Zeta အလှပြင်ဆိုင်)၊ ကိုချမ်းမြေ့အောင်-မမေမိုးဟန်၊ ကိုသန်းဟန်စိုး-မအိချွာညို(မြတ်ချွာညိုအထည်ဆိုင်)တို့၏ ချစ်လှစွာသောဖခင်၊မသက်မှူးသဲထွဋ်(ခ)လုံးလုံး၊မရွှေစကားတို့၏အဘိုး၊ ဒေါ်နီလာရွှေ၏ခင်ပွန်းသည် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့) ည ၁၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးအောင်ကျော်သန်း(ခ)ပါကြီး
### အသက်(၆၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အမှတ် ၁၆နေ [ဗိုလ်ကြီးအုန်းကျော်၊ တပ်မတော်-လေ(ငြိမ်း)-ဒေါ်ပု]အမေပုဆန်ဆိုင်၊ မင်္ဂလာဒုံဈေးတို့၏သား၊ [ဦးတင်ရွှေ၊ ဆေးအရာခံဗိုလ်(ငြိမ်း)]-ဒေါ်တင်ရီတို့၏သားသမက်၊ ဒေါ်နီလာရွှေ၏ခင်ပွန်း၊ ဦးမျိုးဇော်ဦး (ကထိက၊ အင်္ဂလိပ်စာဌာန၊ မအူပင်တက္ကသိုလ်)-ဒေါ်အိရွှေစင်သိန်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်)၊ ဦးမျိုးမင်းဦး(အိမ်ခြံမြေရောင်းဝယ်ရေး)၊ ဦးသီဟကို-ဒေါ်နှင်းအိခိုင်(ခ)မီးမီးတို့၏ဦးလေး၊ မောင်ထွဋ်မှူးမြတ်ဦး(T.T.C)၊ မယွန်းစန္ဒီဦး(ILBC)၊ မောင်ချမ်းမင်းထွဋ်(ILBC)၊ မောင်အဂ္ဂမင်းသန့်၏ဘိုးလေးသည် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့) ည ၁၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# လေးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စာနယ်ဇင်းရှင်း ဝီဂျစ်(ထိုင်း)က စိုးလင်းဦးနှင့် မကျေပွဲပြန်နွှဲရန် စိန်ခေါ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇွန် ၂၄**

ရိုးရာနှင့်မွေထိုင်း ပြိုင်ဆိုင်မှုပြင်းထန်မည့် Lethwei Nation Fight ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ထိုင်းဖိုက်တွင် အဆင့်(၅)ရှိ မွေထိုင်းလက်ဝှေ့ကျော် ဖရောစမွေ (ခ)ဝီဂျစ်က မြန်မာနိုင်ငံမှ ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် မကျေပွဲပြန်နွှဲရန် အသင့်ရှိနေကြောင်း မီဒီယာများမှတစ်ဆင့် စိန်ခေါ်ပြောကြားလိုက်သည်။

"ကျွန်တော် မနက်ဖြန် စောဂေါ်မူဒိုနဲ့ ထိုးရမှာကို ရင်မခုန်ပါဘူး။ သူ့ကစားဟန်တွေ အားလုံး ကျွန်တော်လေ့လာထားပြီးပါပြီ။ ကျွန်တော် အလဲထိုးနဲ့ အနိုင်ယူသွားမှာပါ။ အနည်းဆုံးတော့ သရေမှန်းထားပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီမြန်မာ့ရိုးရာလက်ဝှေ့မှာ မကျေပွဲ ပြန်နွှဲချင်တာက စိုးလင်းဦးပါ။ သူနဲ့ကျွန်တော် အရှုံးအနိုင်ပေါ်အောင် ကစားချင်ပါသေးတယ်။ အဲဒီအတွက်လည်း ပွဲစီစဉ်ပေးမယ့်သူရှိရင် ကျွန်တော့်ဘက်က

*စာမျက်နှာ ၃ ကော်လံ ၁* ❇



Main Fight ပွဲစဉ်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် စောဂေါ်မူဒို(မြန်မာ)နှင့် ဝီဂျစ်(ထိုင်း)

**MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့ အောင်လအန်ဆန် အမိမြေအောင်ပန်း အမှန်တကယ် ဆွတ်ခူးနိုင်ပါ့မလား**

စာမျက်နှာ - ၁၅

**ခန္ဓာကိုယ်ထဲ မဝင်ရောက်သင့်တဲ့ အုန်းဆီ**

စာမျက်နှာ - ၁၈

**မိမိကိုယ်ကို ကာကွယ်နိုင်မှသာ ပြည်ပတွင် အလုပ်သွားလုပ်ကြပါ**

စာမျက်နှာ - ၁၉

## KBZ Bank Cup 2017

## လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

KBZ Bank Cup 2017 လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲများကို ဇွန်၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဖိတ်ခေါ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂အသင်းက ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန်၂၈ ရက် မွန်းလွဲ ၃ နာရီတွင် ဟောင်ကောင်ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယားယူ-၂၂ အသင်း၊ ဇွန် ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ဂျပန်တက္ကသိုလ်အသင်းနှင့် ကမ္ဘောဒီးယားယူ-၂၂ အသင်း၊ ညနေ ၆နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် မြန်မာယူ-၂၂ အသင်း၊ ဇူလိုင် ၂ ရက် မွန်းလွဲ ၃ နာရီတွင် ကမ္ဘောဒီးယား ယူ-၂၂ အသင်းနှင့် ဟောင်ကောင်ယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးကို အမှတ်ပေးပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်း ယှဉ်ပြိုင်သည့်ပွဲစဉ်များကို MRTV Sports Channel မှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယပိုင်း သွင်းဂိုးများဖြင့် မြန်မာ ယူ-၂၂ အသင်း အနိုင်ရ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇွန် ၂၄**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းနှင့် MNL All Star အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာ ယူ-၂၂ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် MNL All Star အသင်းကို အနိုင်ယူခဲ့သည်။ ယူ-၂၂ အသင်းသည် ယခုပွဲအနိုင်ရခဲ့သော်လည်း ပထမဆုံးခြေစမ်းပွဲဖြစ်သောကြောင့် လိုအပ်ချက်၊ အားနည်းချက်များ ရှိနေဆဲဖြစ်ပြီး ကစားသမားအများအပြား အပြောင်းအလဲပြုလုပ်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၅* ●



MNL All Star အသင်း နောက်ခံလူ သိန်းသန်းဝင်း ဘောလုံးဖျက်ထုတ်ရန် ကြိုးပမ်းစဉ်